ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၆၉) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၉)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ ဒီနေ့ အစည်းအဝေး အပြီးမှာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အတူ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးမှာ ဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့ မိမိတို့ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ကိုယ်စားလှယ်များ စုစည်း ပြီးတော့ ကျွန်တော်တို့ ကိုယ်စားလှယ် အစည်းအဝေးတက်ရောက်မှု မှတ်တမ်းလက်မှတ်ရေးထိုးတဲ့ ကောင်တာအနီးမှာ စုစည်းပေးဖို့ ဖြစ်ပါတယ်။ အချိန်ကြန့်ကြာမှု မရှိစေရေးအတွက် မိမိတို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ကိုယ်စားလှယ်များ တစ်စုတစ်စည်းထဲ ရှိနေဖို့ လိုအပ်ပါကြောင်း အသိပေးကြေညာအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၆၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၉)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၅.၃၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၆၉)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကျန်းမာရေး။ ဦးမောင်မောင်အေး၊ ဧရာဝတီ(၁၁)၊ ကျန်းမာရေး။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ကျန်းမာရေး။ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ၎င်းအတိုင်း။ ဦးမြင့်ထွန်း၊ ပဲခူး(၁၀)။ ဦးစိုးမြင့်၊ မကွေး(၆)၊ ဦးတင်မြ၊ စစ်ကိုင်း(၇)။ ဦးဝင်းမောင်၊ မန္တလေး(၂)။ ဦးကျော်ကျော်၊ ရခိုင်(၂)။ ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ တပ်မတော်။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ဦးမိုးမြင့်၊ တနင်္သာရီ(၇)။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)။ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေးတို့

ဖြစ်ပါတယ်။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမောင်မောင်ကြီး၊ စစ်ကိုင်း(၁၀)၊ ကျန်းမာရေး။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကျန်းမာရေး။ ဒေါက်တာခင်မောင်လေး၊ ပဲခူး (၈)၊ မိသားစုကိစ္စ။ ဦးအောင်ချိုညီ၊ ပဲခူး(၁၁)၊ ကျန်းမာရေး။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ကျန်းမာရေး။ ဗိုလ်မှူးရဲဝင့်စိုး၊ တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးမျိုးမင်းသန့်၊ တပ်မတော်၊ သင်တန်း။ ဦးစောအုန်း၊ မွန်(၉)၊ ကျန်းမာရေး။ ဦးမင်းဦး၊ ပဲခူး(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလျူကွယ်ရို၊ ရှမ်း(၁၁)၊ ဆေးရုံတက်။ ဦးစိုင်းသန့်ဇင်၊ ရှမ်း (၄)၊ အစည်းအဝေးတက်ရန်။ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ အစည်းအဝေးတက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၅) ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၅၃)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့ကို ပင်လုံမြို့နယ်အဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ယခု ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း က ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့ကို ပင်လုံမြို့နယ်အဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဒုတိယ ဝန်ကြီးများ၊ ကော်မရှင်လူကြီးမင်းများအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း က ကြယ်ပွင့်ပြမေးခွန်းအဖြစ် ရှမ်းပြည်နယ် တောင်ပိုင်း လွိုင်လင်မြို့နယ်၊ ပင်လုံမြို့ကို မြို့နယ်အဖြစ် တိုးချဲ့သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိကို သိရှိလိုတဲ့အတွက် မေးမြန်းလိုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခွင့်ရတာကို များစွာ ကျေးဇူးတင်ဝမ်းမြောက်ပါတယ်။ လာရောက်ဖြေပေးတဲ့ ဒုတိယဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ပင်လုံမြို့ဟာ လွိုင်လင်မြို့နဲ့ မြောက်ဘက်(၆)မိုင်အကွာမှာ တည်ရှိပါတယ်။ ပင်လယ်ရေမျက်နှာပြင် အထက် (၄၄၄၀)ပေအမြင့်မှာ တည်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်း အတော်အတန်ကောင်းမွန်တဲ့ နေရာနဲ့ ရာသီ ဥတု ရှိပါတယ်။ ပင်လုံမြို့မှာ တိုင်းရင်းသားပေါင်းစုံဖြစ်တဲ့ ကရင်၊ ချင်း၊ ဗမာ၊ ရခိုင်၊ ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ ရင်း၊ လီဆူး၊ ခနု၊ အင်းသား၊ လားဟူ၊ တောင်ရိုး၊ ကိုးကန့်နဲ့ အခြားလူမျိုးစုများ မှီတင်းနေထိုင်ကြပါတယ်။ စုစုပေါင်း လူဦးရေ ၂၀၁၂ ခုနှစ်အထိ ခန့်မှန်းချက်အရ (၅၈၉၃၀)ဦး နေထိုင်ကြပါတယ်။ လွိုင်လင်ခရိုင်မြို့ကြီးမှာတောင် (၄၇၃၃၀)ဦးပဲ ရှိပါတယ်။ ပင်လုံမြို့က လူဦးရေပိုများတာကို တွေ့မြင်ရပါတယ်။ ဒီအပြင် လူနေတိုက်တာ အိမ်ခြေမှာလည်း ထူထပ်ပြီး အဆင့်မြင့်တိုက်တာများ များစွာ ဆောက်လုပ်နေထိုင်ကြတာကို တွေ့မြင့်ရပါတယ်။ ဒေသခံများအနေဖြင့် ဆင်းရဲသူနည်းပြီး ငွေကြေးတတ်နိုင်သူတွေ အများအပြား နေထိုင်ကြပါတယ်။ မြို့အနေနဲ့ သူ့လူထုနဲ့သူ မတောင်းမတ နေနိုင်ကြပေမယ့်လည်း မြို့နယ်အဆင့် မဟုတ်သေးဘဲ မြို့အဖြစ်နဲ့သာ စံထားသတ်မှတ်ခံထားရတဲ့အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ရန်ပုံငွေ

အသုံးပြုမှု အခွင့်အရေး တစ်ဆင့်နိမ့်ဆောင်ရွက် ဝေမျှတာကို ခံရလို့ ပြည်သူများက အားမလိုအားမရ ဖြစ်ပြီး မြို့နယ်အဆင့်ကို ပီပီပြင်ပြင် ရရှိစေလိုခြင်းဖြစ်ပါတယ်။

လွိုင်လင်မြို့နယ်အနေနဲ့ အခွန်အကောက်ကိစ္စမှာ ပင်လုံမြို့နယ်ကို အားထားနေရတယ်ဆိုတဲ့ အချက်ကလေးတစ်ချက်ကြောင့်နဲ့ အခုလို မြို့နယ်အင်္ဂါရပ်နဲ့ ပြည့်စုံပြီးသား၊ ညီညွတ်ပြီးသား ပင်လုံမြို့ကို မြို့နယ်အဖြစ် လောင်းရိပ်မိတာကိုတော့ မဖြစ်သင့်ဘူးလို့ သုံးသပ်မိပါတယ်။ လက်ရှိအနေအထားမှာ ပင်လုံမြို့ပါဝင်တဲ့ လွိုင်လင်မြို့နယ်ထက်ကို အကျယ်အဝန်း၊ တိုက်တာအိမ်ခြေ၊ လူဦးရေ၊ စိုက်ပျိုးဧကနဲ့ စီးပွားရေး အကွက်အကွင်း ပိုမိုကောင်းနေတာ တွေ့ရှိရလို့ ကျွန်တော် ဒီမေးခွန်းကို မေးရခြင်း ဖြစ်ပါ တယ်။ နောက်ပြီး ပြည်ထောင်စုရဲ့ စာချုပ်မြို့တော် ဖြစ်တဲ့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ရှေ့ရှုပြီး လက်ရှိမြို့အဆင့်ကို မြို့နယ်အဆင့် တိုးမြှင့်ပေးရင် ဒေသခံများနဲ့ တိုင်းရင်းသားပေါင်းစုံတို့ အတွက် ဂုဏ်ပြုရာရောက်ပါတယ်လို့ ရှုမြင်သုံးသပ်ရပါတယ်။ ဂုဏ်ပြုသင့်တဲ့ မြို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောင်တစ်ချိန်မှာ အာဆီယံလမ်းမကြီး ဖြတ်သန်းရာမြို့လည်း ဖြစ်တော့မှာ ဖြစ်တဲ့အတွက် ပင်လုံမြို့ကို ဂုဏ်ထည်ဝါစေလိုလှပါတယ်ခင်ဗျား။ ပင်လုံမြို့မှာ အစိုးရဌာနဆိုင်ရာပေါင်း (၂၀)ဌာန၊ အထက်တန်းကျောင်း(၂)ကျောင်း၊ အလယ်တန်းကျောင်း(၁)ကျောင်း၊ မူလတန်းကျောင်း (၆၁) ကျောင်း၊ တိုက်နယ်ဆေးရုံ(၁)ရုံနဲ့ တပ်ဘက်ဆိုင်ရာဆိုရင်လည်း တပ်မတော်ဝန်တင်တပ် (၁)တပ်၊ ခြေမြန် တပ်ရင်း ခမရ(၅၁၃)တပ်ရင်း စသည်တို့ တည်ရှိပြီးသား ဖြစ်ပါတယ်။ ဒီလိုအနေအထားတွေနဲ့ ပြည့်စုံ ပြီးဖြစ်တဲ့ သူတို့မြို့သူ/မြို့သားများက မြို့နယ်အဆင့် တိုးမြှင့်ပေးစေလိုကြတဲ့အတွက် ကျွန်တော့်ကို လာရောက်မေးမြန်းလာတာကြောင့် ကျွန်တော်က သူတို့အားလုံးရဲ့ ဆန္ဒပြည့်မြောက်စေရန် အလို့ငှာနဲ့ ကျွန်တော်အထက်က အစီရင်ခံတင်ပြတဲ့ အကြောင်းအချက်တွေအရ ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၇။**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း ရဲ့ ကြယ်ပွင့်ပြမေးခွန်း အပေါ် ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် က ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ်ကို ကျွန်တော်တို့ မြို့(၂)မြို့၊ ရပ်ကွက်(၈)ရပ်ကွက်၊ ကျေးရွာအုပ်စု(၁၉)အုပ်စုနဲ့ ကျေးရွာ(၃၁၀)၊ အိမ်ခြေ(၂၀၈၈၅)လုံး၊ အိမ်ထောင်စု (၂၁၂၉၈)စု၊ လူဦးရေ(၁၂၁၆၁၅)ဦးနဲ့ ဖွဲ့စည်းထားရှိပါတယ်။ လွိုင်လင်မြို့နယ်မှာ လွိုင်လင်မြို့နဲ့ ပင်လုံမြို့

ဆိုပြီးတော့ (၂)မြို့တည်ရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၆-၇-၂၀၀၂ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ပင်လုံမြို့နယ်ခွဲအား ရပ်ကွက်(၄)ရပ်ကွက်၊ ကျေးရွာအုပ်စု(၈)အုပ်စု၊ ကျေးရွာ(၁၇၇)ရွာဖြင့် ဖွဲ့စည်းထားရှိပါတယ်။ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ(၁၄)ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဉ် ၃၁/၂၀၁၃ ရဲ့ သဘောတူညီချက်အရ မြို့နယ်ခွဲဟူသော စကားရပ်ကို ပယ်ဖျက်ခဲ့ပါတယ်။ ထိုကဲ့သို့ ပယ်ဖျက်ခြင်းကြောင့် ယခင် ပင်လုံမြို့နယ်ခွဲ တွင် ရပ်ကွက်(၄)ရပ်ကွက်၊ ကျေးရွာအုပ်စု(၈)အုပ်စု၊ ကျေးရွာ(၁၇၇)ရွာဖြင့် ဖွဲ့စည်းထားသော်လည်း ယခု ပင်လုံမြို့မှာ ရပ်ကွက်(၄)ရပ်ကွက်ဖြင့်သာ ဖွဲ့စည်းထားရှိပြီး၊ အိမ်ခြေ(၄၈၂၅)လုံး၊ အိမ်ထောင်စု (၄၇၇၀)စု၊ လူဦးရေ (၂၉၂၁၆)ဦးဖြင့် နေထိုင်လျက်ရှိပါတယ်။

မြို့နယ်အုပ်ချုပ်ရေးရုံးများ ဖွဲ့စည်းမှုအနေနဲ့ ၂၀၁၄ ခုနှစ်၊ ဇွန်လ(၄)ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အစည်းအဝေး အမှတ်စဉ် ၁၁/၂၀၁၄ ရဲ့ သဘောတူညီချက်အရ ယခင်မြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအား မြို့နယ်အုပ်ချုပ်ရေးရုံးအဖြစ် ဖွဲ့စည်းခွင့်ပြုခဲ့ပါတယ်။ သို့ဖြစ်ရာ ပင်လုံမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအား ပင်လုံမြို့အုပ်ချုပ်ရေးရုံးအဖြစ် ပြောင်းလဲဖွဲ့စည်း၍ အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပင်လုံမြို့ရဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လွိုင်လင်မြို့ စီမံခန့်ခွဲရေးကော်မတီ၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အတွင်း ဖွဲ့စည်းထားရှိတဲ့ ကော်မတီအသီးသီးတို့ဟာ ဌာနဆိုင်ရာများနဲ့ ပေါင်းစပ်ပြီးတော့ ဆောင်ရွက်လျက် ရှိပါတယ်။

ပင်လုံမြို့မှာ ပညာရေးအနေဖြင့် အခြေခံပညာအထက်တန်းကျောင်း(၂)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ(၁)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(၁)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း(၁)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(၅)ကျောင်း၊ အခြေခံပညာမူလတန်းကြိုကျောင်း (၃) ကျောင်း၊ စုစုပေါင်း(၁၃)ကျောင်းရှိပါတယ်။ နယ်စပ်ဒေသတိုင်းရင်းသားနဲ့ လူမျိုးများဖွံ့ဖြိုးတိုးတက်ရေး လူငယ်သင်တန်းကျောင်းကိုလည်း ဖွင့်လှစ်ပြီးတော့ ပညာသင်ကြားပေးလျက်ရှိပါတယ်။ ဒါ့အပြင် ပင်လုံမြို့ရဲ့ အနီးပတ်ဝန်းကျင်မှာလည်း ပင်လုံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(ပင်လုံ) နဲ့ ကွန်ပျူတာတက္ကသိုလ် (ပင်လုံ)တို့ကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။

ပင်လုံမြို့မှာ ကျန်းမာရေးစောင့်ရှောက်မှု အနေဖြင့် (၂၅)ခုတင်ဆံ့ ဆေးရုံ(၁)ရုံ ဖွင့်လှစ်ပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် စည်ပင်သာယာရေးဈေး (၁)ဈေး၊ ပင်လုံ-တောင်ကြီးကားဂိတ်(၅)ခုနဲ့ ပင်လုံ-လားရှိုး ကားဂိတ်(၂)ခု၊ စုစုပေါင်း သယ်ယူပို့ဆောင်ရေးဂိတ်(၇)ခုရှိတဲ့အတွက် လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပင်လုံဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လွှတ်တော်ရန်ပုံငွေမှာ သောက်သုံးရေရရှိရေး၊ လမ်းတံတား၊ မီးလင်းရေးလုပ်ငန်းများအတွက် ခွင့်ပြုငွေကျပ်(၄၄)သန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေမှ လမ်းတံတားလုပ်ငန်းအတွက် ငွေကျပ်(၁၃၂.၄၁၆)သန်း၊ စည်ပင်သာယာရေးရန်ပုံငွေမှ လမ်းတံတား၊ ရေရရှိရေး၊ ကျောက်တိုင်မွမ်းမံခြင်း လုပ်ငန်းများအတွက် ခွင့်ပြုငွေ (၄၆.၇၆၇)သန်း၊ လမ်းဦးစီးဌာနမှ လမ်းတံတားလုပ်ငန်းများအတွက်ကို ငွေကျပ်(၁၂၄.၅)သန်း ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ လျှပ်စစ်မီးရရှိရေးအတွက်လည်း ငွေကျပ်

(၁၄၇.၆၅၉)သန်း၊ ပညာရေးကဏ္ဍ အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ငွေကျပ်(၁၆၂)သန်း၊ စုစုပေါင်းကဏ္ဍအားလုံး အတွက်ကို ငွေကျပ်(၆၅၇.၃၄၂)သန်း ခွင့်ပြုဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာလည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လွှတ်တော်ရန်ပုံငွေမှ ပညာရေး၊ သောက်သုံးရေရရှိရေး၊ လမ်းတံတားလုပ်ငန်းများအတွက် ခွင့်ပြုရန်ပုံငွေကျပ် (၃၄.၅)သန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေမှ လမ်းတံတား၊ ရေရရှိရေး၊ မီးရရှိရေးလုပ်ငန်းများအတွက် ငွေကျပ်(၁၈၄.၉)သန်း၊ စည်ပင်သာယာရေးရန်ပုံငွေမှ လမ်းတံတား၊ ရေရရှိရေး၊ မြို့ပြဆိုင်းဘုတ်ပြုလုပ်ရေးအတွက် ငွေကျပ်(၁၈၇.၄)သန်း၊ လမ်းဦးစီးဌာနမှ လမ်းတံတားလုပ်ငန်းများအတွက် ငွေကျပ်(၃၆၀)သန်း၊ လျှပ်စစ်မီးရရှိရေးအတွက် ငွေကျပ်(၁၀၆.၆)သန်း ခွင့်ပြုခဲ့ပါတယ်။ ပညာရေးကဏ္ဍ အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ငွေကျပ်(၁၂၇၃.၄)သန်း၊ စုစုပေါင်းကဏ္ဍအားလုံးအတွက် ငွေကျပ်(၂၀၇၆.၈)သန်း လျာထားဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ မှာ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများအတွင်းမှာရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များကို ပြင်ဆင်ရန် ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လာလျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်ဟု ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ပြဋ္ဌာန်းထားရှိပါတယ်။

ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့ကို ပင်လုံမြို့နယ်အဖြစ် ပြောင်းလဲပြင်ဆင် ဖွဲ့စည်းရန်အတွက်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ခံတင်ပြထားခြင်း မရှိကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့အား ယခင်မြို့နယ်ခွဲမှ မြို့အဖြစ်ပြောင်းလဲ ဖွဲ့စည်းခဲ့တဲ့အတွက် ရပ်ကွက်(၄)ရပ်ကွက်သာ ကျန်ရှိတော့ခြင်း၊ ခရိုင်ရုံးဆိုက်ရာ မြို့နယ်ဖြစ်တဲ့ လွိုင်လင်မြို့နယ်နှင့် (၆)မိုင်သာ ကွာဝေးတဲ့အတွက် အုပ်ချုပ်ရေး လက်လှမ်းမီခြင်း၊ စီးပွားရေး၊ လူမှုရေး အခြေအနေများ မြို့နယ်နဲ့ အလွယ်တကူဆက်သွယ်ဆောင်ရွက်နိုင်ခြင်းနဲ့ ပင်လုံမြို့အား မြို့နယ်အဖြစ် ဖွဲ့စည်းရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းပုံအခြေခံပုဒ်မ ၅၄ နဲ့အညီ ထောက်ခံတင်ပြထားမှုများ မရှိခြင်းတို့ကြောင့် ပင်လုံမြို့အဖြစ်သာ ဆက်လက်ထားရှိသင့်ပါကြောင်းနဲ့ ပင်လုံမြို့နယ်အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းမယ့် မေးခွန်းများဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**လောင်းလုံမြို့ပေါ်တွင် လွန်ခဲ့သောနှစ်ပေါင်း (၅၀) ကျော်က ဆောက်လုပ်ထားသည့် ဟောင်းနွမ်း ဆွေးမြေ့ပြီး အန္တရာယ်ရှိ ဆေးရုံဟောင်းအားဖျက်သိမ်း၍ နှစ်ထပ် သို့မဟုတ် သုံးထပ် စုပေါင်းရုံး အဆောက်အအုံတစ်လုံး တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်မြင့်က လောင်းလုံမြို့ပေါ်တွင် လွန်ခဲ့သောနှစ်ပေါင်း (၅၀) ကျော်က ဆောက်လုပ်ထားသည့် ဟောင်းနွမ်း ဆွေးမြေ့ပြီး အန္တရာယ်ရှိ ဆေးရုံဟောင်းအားဖျက်သိမ်း၍ နှစ်ထပ် သို့မဟုတ် သုံးထပ် စုပေါင်းရုံး အဆောက်အအုံတစ်လုံး တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးတင်မောင်မြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ လောင်းလုံမြို့ပေါ်မှာ လွန်ခဲ့သောနှစ်ပေါင်း(၅၀)နှစ်ကျော်ခန့်က ဆောက်လုပ်ထားခဲ့တဲ့ မပြုမပြင်ဟောင်းနွမ်းဆွေးမြေ့ပြီး အန္တရာယ်ရှိသော ဆေးရုံအဆောက်အအုံဟောင်းအား ဖျက်သိမ်းပြီး ၎င်းမြေနေရာတွင် နေရာအခက်အခဲကြောင့် ရုံးအဆောက်အအုံ လက်မဲ့ဖြစ်နေသော ရုံးဌာနများထားရှိနိုင်ရန် သက်ဆိုင်ရာရုံးများ၏လိုအပ်ချက်များနှင့်အညီ အခန်းအသီးသီး ဖွဲ့စည်းထားရှိသည့် နှစ်ထပ် သို့မဟုတ် သုံးထပ် စုပေါင်းရုံးအဆောက်အအုံတစ်လုံးအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လောင်းလုံမြို့သည် ရပ်ကွက် (၄)ရပ်ကွက်ဖြင့် ဖွဲ့စည်းတည်ရှိသော မြို့နယ်ရုံးဆိုက်ရာ မြို့တစ်မြို့ ဖြစ်ပါတယ်။ ဌာနဆိုင်ရာအဆောက် အဦများအားလုံးသည် လောင်းလုံမြို့ပေါ်တွင် တည်ရှိပါတယ်။ အချို့သောရုံးဌာနများသည် ဌာနပိုင်ရုံးမြေများပေါ်တွင် ဌာနပိုင်ရုံး အဆောက်အအုံများအဖြစ် သီးခြားတည်ရှိကြသော်လည်း အချို့သော ရုံးဌာနများသည် ဌာနပိုင်မြေ ရုံးများမရှိကြဘဲ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးတွင်သော်လည်းကောင်း၊ ယခင် ဆေးရုံဟောင်းတွင်သော်လည်းကောင်း ရုံးအဖြစ်ပုံစံမကျဖြစ်သလို ဖွဲ့စည်းနေထိုင်ကြသည်ကို တွေ့ရှိရပါတယ်။ ထိုဌာနများမှာ မြန်မာ့စီးပွားရေးဘဏ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံကိန်းရုံး၊ မြို့နယ်ကော်မရှင်ရုံးနှင့် ဥပဒေရုံးများသည် မြို့နယ်အုပ်ချုပ်ရေးရုံးကြီး၏ အခန်းများတွင်လည်းကောင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ အခွန်ဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးများသည် ယခင်ဆေးရုံဟောင်း အဆောက်အအုံတွင်သော်လည်းကောင်း နေကြရသည်ကို တွေ့နေရပါတယ်။

အချို့ဌာနများသည် ရုံးပိုင်အဆောက်အအုံများ တည်ဆောက်ပေးရန် မိမိတို့ဝန်ကြီးဌာနများသို့ တင်ပြတောင်းခံထားကြသလို အချို့သောဌာနများက မြို့ပေါ်မြေနေရာအခက်အခဲကြောင့် ဌာနပိုင်ရုံးများ တင်ပြတောင်းခံ၍ မရကြောင်း သိရှိရပါသည်။ ယခု ကျွန်တော်တင်ပြသည့် မြေနေရာသည်

လက်ရှိမြေစာရင်းဦးစီးဌာန၊ အခွန်နှင့် လ.ဝ.က ရုံးတို့တည်ရှိသော အဆောက်အအုံမြေနေရာဖြစ်ပါသည်။ ၎င်းအဆောက်အအုံမြေနေရာသည် ယခင်ဆေးရုံဟောင်း မြေနေရာနှင့် ဆေးရုံဟောင်း အဆောက်အအုံတို့ ဖြစ်ကြပါသည်။ ၎င်းဆေးရုံဟောင်းသည် လွန်ခဲ့သောနှစ်ပေါင်း(၅၀)ကျော်က တည်ဆောက်ထားခဲ့သော အဆောက်အအုံ ဖြစ်ပါသည်။ ဆေးရုံအသစ်သို့ ပြောင်းရွှေ့သွားပြီးနောက် ၎င်းဆေးရုံမြေနေရာအား အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရ မြေနေရာအဖြစ်ထားရှိပြီး အဆောက်အအုံနှင့် လွတ်နေသော မြေနေရာများတွင် ပြန်/ဆက်ရုံး၊ အုပ်ချုပ်ရေးမှူးအိမ်၊ ထွေ/အုပ်ဝန်ထမ်းအိမ်ရာ၊ စ.ရ.ဖ ရုံး၊ တိုင်းရင်းဆေး၊ စိုက်/ဘဏ်၊ တိ/မွေးကု၊ စာရင်းရုံး၊ ဆည်/မြောင်း စသည့် ရုံးအဆောက်အအုံများကို တည်ဆောက်ထားရှိပြီး ဖြစ်ပါသည်။ တစ်ဝန်းလုံး၏ စုစုပေါင်းအကျယ်မှာ ဧရိယာ(၃.၆၉)ဧက ကျယ်ဝန်းပါသည်။

လက်ရှိဆေးရုံဟောင်း အဆောက်အအုံကို အလယ်မှာထားရှိပြီး မြေစာရင်း၊ လ.ဝ.က တို့က (၀.၅)ဧကစီကို အဆောက်အအုံဟောင်း၏ အရှေ့တည့်တည့်တွင် (လန-၃၉) ရရှိပြီး မြန်မာ့စီးပွားရေးဘဏ်နှင့် အခွန်ဌာနတို့က (၀.၀၆)ဧကစီကို အဆောက်အအုံဟောင်း၏အနောက်ဘက် (လန-၃၉) မကျသေးဖြင့် လျာထားသည်ကိုတွေ့ရှိရပါသည်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိဆေးရုံဟောင်း အဆောက်အအုံသည် လွန်ခဲ့သောနှစ်ပေါင်း(၅၀)ကျော်က အဆောက်အအုံဖြစ်ပါသည်။ ဆေးရုံသစ်သို့ စွန့်ခွာသွားပြီးနောက်ပိုင်း လုံးဝပြုပြင်ခြင်းမရှိဘဲ အမိုးများလန်ခြင်း၊ မျက်နှာကြက်များဆွေးမြေ့ပြုတ်ကျပျက်စီးနေခြင်း၊ ပြတင်းတံခါးများပျက်စီးကုန်ကျခြင်း၊ အဆိုးဆုံးမှာ နံရံများကွဲအက်နိမ့်ကျနေခြင်း၊ ၁၉၉၇ ခု တောင်ပြိုပြီးနောက်ပိုင်း ကြမ်ခင်းပြင်နှင့် မြေမျက်နှာပြင် တစ်ညီတည်းဖြစ်နေခြင်းတို့ကြောင့် မိုးကြီးလျှင် ရေဝင်ခြင်းတို့ဖြစ်နေပါသည်။ အန္တရာယ်ရှိ အဆောက်အအုံတစ်ခုအဖြစ် မြင်တွေ့နေရပါသည်။ ၎င်းအဆောက်အအုံတွင်ပင် မြေစာရင်းရုံး၊ အခွန်ရုံးနှင့် လ.ဝ.ကရုံးတို့သည် ရုံးအဆောက်အအုံများ မရှိကြသည့်အတွက် ဖြစ်သလိုပင် ပုံမကျနေထိုင်ဖွင့်လှစ်နေကြရပါသည်။ ၎င်းဌာနများမှလည်း သီးခြားရုံး အဆောက်အအုံရရှိရေးအတွက် တင်ပြတောင်းခံထားကြကြောင်းလည်း သိရှိရပါသည်။ ၎င်းတို့၏ ရုံးအဆောက်အအုံများကိုလည်း ယခုတင်ပြသော ဆေးရုံအဟောင်း အတွင်းတွင်ပင် လျာထားမြေနေရာဖြစ်သည်ကို သိရှိရပါသည်။ အကယ်၍ လျာထားသည့်အတိုင်းသာ ဆောက်လုပ်သွားကြမည်ဆိုလျှင် ရုံးများအတွင်း လာလမ်း၊ သွားလမ်းများဖြင့် စနစ်ကျနမှုမရှိဘဲ မလှမပ မတင့်မတယ်ဖြစ်ကြရမည် ဖြစ်ပါသည်။

သို့ပါ၍ ဟောင်းနွမ်းဆွေးမြေ့၍ အန္တရာယ်ရှိနေသော အဆောက်အအုံဟောင်းကြီးအား ဖျက်သိမ်းပြီး ၎င်းမြေနေရာ၌ အဆောက်အအုံလိုအပ်နေသော ရုံးများအတွက် လိုအပ်ချက် အခန်းဖွဲ့စည်းပုံများဖြင့် နှစ်ထပ် သို့မဟုတ် သုံးထပ် စုပေါင်းရုံးအဆောက်အအုံ တစ်ခုကို ဆောက်လုပ်လိုက်မည်ဆိုလျှင် လမ်းမကြီးနှင့် အပြိုင်ဝင်လမ်း၊ ထွက်လမ်းသာ၍ တင့်တယ်လှပကာ မြို့၏ကျက်သရေကိုလည်း တိုးတက်လာစေမည်ဖြစ်ပါသည်။ တစ်ဖက်တွင်လည်း ဝန်ကြီးဌာနအလိုက် သီးခြားတည်ဆောက်ခြင်းထက် စုပေါင်းတည်ဆောက်လိုက်ပါက နိုင်ငံတော်ဘဏ္ဍာငွေ အကုန်အကျလည်း သက်သာမည်ဖြစ်ပါသည်။ ဒေသခံပြည်သူများအနေနဲ့လည်း ရုံးပိုင်းဆိုင်ရာလုပ်ငန်းများကို

တစ်နေရာတည်းမှာပင် မပင်မပန်းပြီးမြောက်မည်ဖြစ်ပါသည်။ မြို့နယ်စည်ပင်၊ မြို့နယ် အထောက်အကူပြုအဖွဲ့တို့ကလည်း သဘောကျ လက်ခံကြပါသည်။

ကျွန်တော့်အား Power Point ဖြင့်တင်ပြခွင့်ပြုပါရန် တောင်းခံပါတယ်။ အထက်ပါပုံများသည် ရုံး(၃)ရုံး၏ ဖွဲ့စည်းနေထိုင်ပုံနှင့် အန္တရာယ်ရှိ အခြေအနေများကို တင်ပြလိုခြင်းဖြစ်ပါသည်။ နောက်ဆုံး figure မှာရင်းမြေနေရာအတွင်း ဌာနဆိုင်ရာရုံးများတည်ရှိနေခြင်းနှင့် မြေစာရင်းမြေပုံအရ လန(၃၉)ရရှိပြီး၊ မရရှိပြီးကို ဖော်ပြထားခြင်းဖြစ်ပါသည်။ သို့ပါ၍ အောက်ပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းတင်ပြအပ်ပါသည်။ မြို့ပေါ်တွင် လွန်ခဲ့သောနှစ်ပေါင်း(၅၀) နှစ်ကျော်ခန့်က ဆောက်လုပ်ထားခဲ့သည့် မပြုမပြင် ဟောင်းနွမ်းဆွေးမြေ့ပြီး အန္တရာယ်ရှိသောဆေးရုံအဆောက်အဦ ဟောင်းအား ဖျက်သိမ်းပြီး ၎င်းမြေနေရာတွင်နေရာအခက်အခဲကြောင့် ရုံးအဆောက်အဦ ကိုယ်ပိုင်မရှိသော ရုံးဌာနများထားရှိနိုင်ရန် သက်ဆိုင်ရာရုံးများ၏လိုအပ်ချက်များနှင့်အညီ အခန်းအသီးသီး ဖွဲ့စည်းထားရှိသည့် နှစ်ထပ် သို့မဟုတ် သုံးထပ် စုပေါင်းရုံး အဆာက်အအုံတစ်လုံး တည်ဆောက်ပေးရန် အစီအစဥ်ရှိ/မရှိ မေးခွန်းပဲဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**သံဖြူဇရပ်မြို့နယ်၊ ကရပ္ပိကျေးရွာ တိုက်နယ်ဆေးရုံ ဆောက်လုပ်နေသည့် မြေနေရာသည် ဆားငန်မြေပေါက်ပြီး ပင်လယ်ရေဝင်ရောက်သော မြေနေရာဖြစ်သဖြင့် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနနှင့်ကျေးရွာအထောက်အကူပြု ကော်မတီတို့မှ ရွေးချယ်ထားသော မြေနေရာတွင် ပြောင်းရွှေ့ ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ က သံဖြူဇရပ်မြို့နယ်၊ ကရပ္ပိကျေးရွာတိုက်နယ်ဆေးရုံ ဆောက်လုပ်နေသည့် မြေနေရာသည် ဆားငန်မြေ ပေါက်ပြီး ပင်လယ်ရေဝင်ရောက်သော မြေနေရာဖြစ်သဖြင့် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနနှင့်ကျေးရွာအထောက်အကူပြု ကော်မတီတို့မှ ရွေးချယ်ထားသော မြေနေရာတွင် ပြောင်းရွှေ့ ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု အဖွဲ့အစည်းဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ မေးခွန်းကို ဆက်လက်မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သံဖြူဇရပ်မြို့နယ်၊ ကရပ္ပိကျေးရွာသည် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ရန်ပုံငွေဖြင့် တိုက်နယ်ဆေးရုံ ဆောက်ခွင့်ရပါတယ်။ အဆိုပါ ဆေးရုံဆောက်လုပ်ရန်အတွက် ၂၉-၉-၂၀၁၄ ရက်နေ့တွင် မွန်ပြည်နယ်အစိုးရအဖွဲ့မှ လူမှုရေးဝန်ကြီး ဒေါက်တာလှဦး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်၊ လျှပ်စစ်နှင့်စက်မှုဝန်ကြီး နိုင်လဝီအောင်၊

မွန်ပြည်နယ် ကျန်းမာရေးဦးစီးမှုးတို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးရွာအထောက် အကူပြု ကော်မတီနှင့် ရွာသူ၊ ရွာသားများ သဘောတူရွေးချယ်ထားသောမြေနေရာ၌ ကရုပ္ပိကျေးရွာ အောက်ကျောင်းဆရာတော် ဦးပညာသာမိမှ လှူဒါန်းထားသော ကရုပ္ပိကျေးရွာ၌ ဝဲကလောင်ကျေးရွာ ရွာချင်းဆက်လမ်းဘေးရှိ လယ်မြေအား ရွေးချယ်သတ်မှတ်ထားပါတယ်။ ပြည်နယ်အစိုးရမှလည်း သဘောတူလက်ခံကာ လယ်ယာမြေမှ အခြားနည်းများအသုံးချရာတွင် လုပ်ထုံးလုပ်နည်းအတိုင်း မြို့နယ် မြေစာရင်းဦးစီးဌာန သို့တင်ပြရန် လမ်းညွှန်မှာကြားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့သော်လည်း ပြည်နယ်အစိုးရအဖွဲ့ကျန်းမာရေးဦးစီးမှုးနှင့် ကျေးရွာ အထောက်အကူပြုကော်မတီရွေးချယ်သောမြေနေရာကို မဆောက်လုပ်ဘဲ ပငကျေးရွာဆားကွင်းနှင့် ကရုပ္ပိကျေးရွာကြားရှိ ဆားငန်မြေပေါက်ပြီး ပင်လယ်ရေရောက်သော မြေနေရာတွင် ဆောက်လုပ်နေ သည်ကို တွေ့ရှိရပါတယ်။ ဆောက်လုပ်ခွင့်ရသော ထူးမောက်ကုမ္ပဏီအား မေးမြန်းရာတွင် ပြည်နယ် အစိုးရအဖွဲ့မှ ယခုဆောက်လုပ်မည့် နေရာတွင်သာ ဆောက်လုပ်ခိုင်းကြောင်း သိရှိရပါတယ်။ ပြည်နယ် အစိုးရအဖွဲ့နှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနတို့ ကွင်းဆင်းခဲ့ရာ ကျေးရွာအထောက်အကူပြု ကော်မတီ နှင့် ရွာသူရွာသားများရွေးချယ်ထားသော မြေနေရာကို မဆောက်လုပ်ဘဲ ယခုရေငန်ချောင်းကြီးဘေး နေရာတွင် အဘယ်ကြောင့်ဆောက်လုပ်နေသနည်းဟု သိရှိလိုသဖြင့် ကျေးရွာအထောက်အကူပြု ကော်မတီ အား မေးမြန်းစုံစမ်းခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆေးရုံမြေဆောက်မည့်နေရာ လှူဒါန်းခဲ့သော အောက်ကျောင်း ဆရာတော် ဦးပညာသာမိနှင့် ကျောင်းကြီးဆရာတော် ဘဒ္ဒန္တဒါနလင်္ကာရ တို့ တစ်ပါးနှင့်တစ်ပါး မတည့်ကြသဖြင့် ကျောင်းကြီးဆရာတော်က အနိုင်ရလိုသဖြင့် ငွေအင်အားနှင့် ပြည်နယ်အစိုးရအဖွဲ့ကို အပိုင်ကိုင်ခြင်း ဖြစ်ပါတယ်။ ယခုဆောက်လုပ်မည့် မြေနေရာသည် ကျန်းမာရေးရှုထောင့်မှကြည့်လျှင် လုံးဝ မသင့်တော်ကြောင်း ပြည်နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့က ဝေဖန် ပြောဆိုနေကြပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အနေဖြင့်လည်း လုံးဝသဘောမတူကြောင်း အကြိမ်ကြိမ် ကန့်ကွက်သော်လည်း ဆက်လက်ဆောက်လုပ်နေဆဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆေးရုံဆောက်လုပ်မည့် နေရာနှင့်ရေငန်ဝင်ရောက်ပုံကို Power Point ဖြင့်ရှင်းပြခွင့်ပြုပါခင်ဗျား။ ဒါက ကားလမ်းဘေးရှိ ကရုပ္ပိတိုက်နယ်ဆေးရုံ၏ ဓာတ်ပုံမှတ်တမ်း ဖြစ်ပါ တယ်။ ကရုပ္ပိတိုက်နယ်ဆေးရုံဆောက်လုပ်နေသောမြေနေရာ၌ ဆားငန်ရေများဝင်ရောက်ပြီးရာ၌ ဓာတ်ပုံ မှတ်တမ်းဖြစ်ပါတယ်။ ကရုပ္ပိတိုက်နယ်ဆေးရုံအား တာဝန်ယူတည်ဆောက်နေသော ဆောက်လုပ်ရေး လုပ်ငန်းခွင်သို့ ဆားငန်ရေများဝင်ရောက်နေသော ဓာတ်ပုံမှတ်တမ်းဖြစ်ပါတယ်။ ကရုပ္ပိတိုက်နယ်ဆေးရုံ အရှေ့ဘက်မျက်နှာစာတွင် မသန့်ရှင်းသော ဆားငန်ရေမှပုပ်ပွနေသော ဓာတ်ပုံမှတ်တမ်း ဖြစ်ပါတယ်။ ကရုပ္ပိတိုက်နယ်ဆေးရုံအရှေ့ဘက်မှမြင်ရသော ဓာတ်ပုံမှတ်တမ်းဖြစ်ပါတယ်။ ကရုပ္ပိတိုက်နယ်ဆေးရုံ အား အနောက်ဘက်မှမြင်ရသော ဓာတ်ပုံမှတ်တမ်းဖြစ်ပါတယ်။ ကရုပ္ပိတိုက်နယ်ဆေးရုံအား တောင်ဘက် မှမြင်ရသော ဓာတ်ပုံမှတ်တမ်းဖြစ်ပါတယ်။ ကရုပ္ပိတိုက်နယ်ဆေးရုံအား မြောက်ဘက်မှ မြင်ရသော ဓာတ်ပုံမှတ်တမ်းဖြစ်ပါတယ်။

အချုပ်အားဖြင့်ကျွန်တော်တင်ပြလိုတာကတော့ (၁)ချမှတ်ထားသောမြေနေရာသည် မြေနိမ့် ပိုင်းဖြစ်နေခြင်း၊(၂) ချမှတ်ပေးသောမြေနေရာသည် ဆားငန်ရေများ မကြာခဏဝင်ရောက်တတ်သော

နေရာဖြစ်ခြင်း၊ (၃)မသန့်ရှင်းသောမြေနေရာတို့တွင် ဆောက်လုပ်ထားခြင်း၊ (၄)ဆားငန်ရေကြောင့် အဆောက်အအုံများ ဆောလျင်စွာပျက်စီးနိုင်ခြင်း၊ (၅)နိုင်ငံတော်၏ဘတ်ဂျက်ကို အကျိုးသက်ရောက်မှုနည်းပါးခြင်း စသောအချက်များကြောင့် လက်ရှိဆောက်နေသော ကရုပ္ပိတိုက်နယ်ဆေးရုံသည် ပြည်သူတို့အနေဖြင့် သိလိုမှုရှိခြင်းတို့ကြောင့် ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသောမြေနေရာတွင် ပြန်လည်ချမှတ်နိုင်ပါရန် တင်ပြလျှောက်ထားအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ပလက်ဝမြို့နယ်၊ ကွမ်းချောင်းဝကျေးရွာ ကျန်းမာရေးဌာန၏ အန္တရာယ်ရှိ အဆောက်အအုံကို အသစ်ဆောက်လုပ်ပေးရန်အတွက် ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေ့ယိန်း က ပလက်ဝ မြို့နယ်၊ ကွမ်းချောင်းဝကျေးရွာ ကျန်းမာရေးဌာန၏ အန္တရာယ်ရှိ အဆောက်အအုံကို အသစ်ဆောက်လုပ်ပေးရန်အတွက် ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဦးဌေ့ယိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေ့ယိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပလက်ဝမြို့နယ်၊ ကွမ်းချောင်းဝကျေးရွာ ကျန်းမာရေးဌာနရဲ့ အန္တရာယ်ရှိဆောက်အအုံကို အသစ်ဆောက်လုပ်ပေးရန်အတွက် ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် ပလက်ဝမြို့နယ်၊ ကွမ်းချောင်းဝကျန်းမာရေးဌာနသည် မြို့နယ်ပြည်သူ့ဆေးရုံပလက်ဝနှင့် (၂၅)မိုင်ဝေးတဲ့ ဘင်္ဂလားဒေ့ရှ် မြန်မာနယ်စပ် ပီချောင်းဒေသ ကွမ်းချောင်းဝရွာ၌ တည်ရှိပါတယ်။ ၎င်းကျန်းမာရေးဌာန အဆောက်အအုံကို ၁၉၆၅ ခုနှစ် မတ်လ (၁)ရက်နေ့ နိုင်ငံတော်အစိုးရပံ့ပိုးငွေ (၅၀၀၀)ကျပ်ဖြင့် ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပါတယ်။ ယခုအခါ သက်တမ်းနှစ်(၅၀)ကျော်ရှိပြီဖြစ်တဲ့အတွက် အဆောက်အအုံမှာ လုံးဝပျက်စီးနေပြီး အန္တရာယ်ရှိအဆောက်အအုံဖြစ်နေသည်မှာ ကြာပြီဖြစ်ပါတယ်။ ပထမအကြိမ်အမျိုးသားလွှတ်တော် ဒသမအကြိမ် ပုံမှန်အစည်းအဝေးကာလ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရာမှာလည်း ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ ဖြေကြားရာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရရဲ့ သဘောထားမှတ်ချက်အပေါ် မူတည်၍ ဆောင်ရွက်ပေးပါမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။

သို့သော် ယခုနှစ် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဘတ်ဂျက်တွင်ပါဝင်ခြင်းမရှိပါ၍ အမှန်တကယ် အန္တရာယ်ရှိအဆောက်အအုံဖြစ်နေခြင်းအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှလည်း အမှုတွဲကို ပြည်နယ်

အစိုးရသို့ တောင်းခံတင်ပြထားပြီးဖြစ်ပါတယ်။ ကွမ်းချောင်းဝကျန်းမာရေးဌာနရဲ့ ကျန်းမာရေး လွှမ်းခြုံပေးနိုင်မှုအခြေအနေမှာ ကျေးရွာ(၆၃)ရွာ၊ အိမ်ခြေ(၂၇၆၆)ဆောင်၊ လူဦးရေ(၁၆၇၄၂)ဦးရှိပြီးကျန်းမာရေးဌာနခွဲ(၅)ခုရှိပါတယ်။ အသုံးပြု၍မရတော့လောက်အောင် အမှန်တကယ် အန္တရာယ်ရှိအဆောက်အဦဖြစ်နေသည်မှာ (၁၀)နှစ်ကျော်ရှိပြီဖြစ်ပါတယ်။ သို့ပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် ကွမ်းချောင်းဝကျန်းမာရေးဌာန အန္တရာယ်ရှိ အဆောက်အအုံအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ၌ ထည့်သွင်းခွင့်ပြုပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ ။ကျေးဇူးတင်ပါတယ်။

**တီးတိန်မြို့နယ်၊ ငင်းနူန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးခမ်ဆွင်းမုန် က တီးတိန် မြို့နယ်၊ ငင်းနူန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဦးခမ်ဆွင်းမုန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန် ဖြစ်ပါတယ်။ ကျွန်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ငင်းနူန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ် တီးတိန်မြို့နယ်မှာရှိတဲ့ ငင်းနူန်းကျေးရွာသည် အိမ်ထောင်စု (၁၅၆)၊လူဦးရေ(၁၂၀၀)ခန့်နေထိုင်သော ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ငင်းနူန်းကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသော ကျေးရွာဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း ဝမ်းလျှော၊ ဝမ်းပျက်ရောဂါနဲ့ ငှက်ဖျားရောဂါများ ကြုံတွေ့နေရတဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ငင်းနူန်းကျေးရွာရဲ့ ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုဟာ ထန်းဇန် ကျေးလက်ကျန်းမာရေးဌာနအောက်ရှိ ဟောက်ပီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲမှ တာဝန်ယူပါတယ်။ ဟောက်ပီးကျေးရွာနဲ့ ငင်းနူန်းကျေးရွာမှ (၆)မိုင်ကွာဝေးပြီး လူသွားလမ်းတစ်ခု တည်းသာရှိသည့်အပြင် ရွာ(၂)ရွာအကြားမှာ ချောင်းကြီးတစ်ချောင်းက ခြားနားနေပါသဖြင့် မိုးရာသီ ကာလများတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် အချိန်မီဆေးကုသမှု အလွန်ခက်ခဲလှပါတယ်။ ချင်းပြည်နယ်သည် တောတောင်များထူထပ်ပြီး လမ်းပန်းဆက်သွယ်ရေးအလွန်ကြမ်းတမ်းခက်ခဲတဲ့ဒေသ ဖြစ်ပါသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုဖြစ်သော ကာကွယ်ဆေးထိုးခြင်း၊ အရေးပေါ်မီးဖွားခြင်း၊ ရာသီအလိုက်ရောဂါများကျရောက်သည့်အခါ အချိန်မီသွားရောက်ကုသခြင်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော မူများဖြေလျှော့ပေးပြီး ကျန်းမာရေးဌာနများ တိုးချဲ့ဖွင့်လှစ်ပေးရေးကိုလည်း အထူးလိုအပ်ကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ကျွန်တော်တို့ တီးတိန်မြို့နယ် ဗာလ်ဗုမ်းကျေးရွာအုပ်စုမှာရှိတဲ့ ငင်းနွန်းကျေးရွာနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အမှန်တကယ် လိုအပ်လျက်ရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲအား ဖွင့်လှစ်ပေးပါရန် တင်ပြလိုပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဖွင့်လှစ်ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိနဲ့ အစီအစဉ်မရှိသေးပါက မည်သည့်အချိန်တွင် ဖွင့်လှစ်ပေးမယ်ကိုသိရှိလိုပါသဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၃။**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်မြင့်ရဲ့မေးခွန်းအား ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့ပေါ်မှာ လွန်ခဲ့သောနှစ်ပေါင်း (၅၀) ကျော်ခန့်က ဆောက်လုပ်ထားတဲ့ အန္တရာယ်ရှိ ဆေးရုံအဆောက်အအုံအား ဖျက်သိမ်းပြီး နှစ်ထပ် သို့မဟုတ် သုံးထပ် စုပေါင်းရုံး အဆောက်အအုံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်ပြီး လောင်းလုံမြို့နယ်၏ ဆေးရုံကုသရေး လုပ်ငန်းများအား ၁၉၅၅ ခုနှစ်မှ စတင်ခဲ့ပြီး ဆေးရုံအဟောင်း၏ မြေဧရိယာမှာ (၃.၆၉)ဧကဖြစ်ပြီး ၎င်းမြေနေရာသည် ဆေးရုံမြေနေရာအဖြစ် အမည်စာရင်း မြေဂရန် မထွက်ရှိခဲ့ကြောင်းနဲ့ လယ်မြေအမျိုးအစား အဖြစ်သာ တည်ရှိခဲ့ပါတယ်။ လက်ရှိမြို့နယ်ဆေးရုံ (၂၅)ခုတင်ဆံ့ဆေးရုံအသစ်က နိုင်ငံတော်အစီအစဉ်နဲ့ ၂၆-၂-၁၉၉၁ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး မြေဧရိယာ(၄.၄၈)ဧကဖြစ်၍ ပုံစံ(၁၀၅) ရရှိပြီးဖြစ်ပါတယ်။ ၁၀-၈-၁၉၉၁ ခုနှစ်မှာ ဆေးရုံအဟောင်း၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဦးစီးဌာနနဲ့ မြို့နယ်မြေစာရင်းဌာနတို့ဟာ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစီအစဉ်ဖြင့် စတင်နေရာချထားခဲ့ပါတယ်။ ဌာနဆိုင်ရာများရဲ့ တင်ပြညှိနှိုင်းမှုအရ ကျန်းမာရေးဌာနမှ ၁၀-၂-၁၉၉၄ ရက်စွဲဖြင့် ဌာနဆိုင်ရာရုံးများ ဖွင့်လှစ်ပါက ကန့်ကွက်ရန် မရှိကြောင်းကို တနင်္သာရီတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

အဆိုပါ မြေနေရာတွင် ယခုအခါ ရုံးဌာန(၁၃)ခု ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး ဂရန် ရရှိပြီး (၆)ခုနဲ့ လန - ၃၉ ရရှိပြီး (၃)ခု၊ မြေဂရန်လျှောက်ထားဆဲ (၄)ခု ရှိပါသဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ အမည်ပေါက် ပိုင်ဆိုင်မှုမရှိသောကြောင့် ရုံးအဆောက်အအုံ ကိုယ်ပိုင်မရှိသောရုံးဌာနများ ထားရှိနိုင်ရန် သက်ဆိုင်ရာရုံးများ၏ လိုအပ်ချက်များနှင့်အညီ အခန်းအသီးသီး ဖွဲ့စည်းထားရှိသည့် (၂)ထပ် သို့မဟုတ် (၃)ထပ် စုပေါင်းရုံး အဆောက်အအုံ(၁)လုံး တည်ဆောက်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန် မရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ (၂)ထပ်၊ (၃)ထပ်ရုံး

ဆောက်လုပ်ရေးနဲ့ ပတ်သက် လို့တော့ သက်ဆိုင်ရာအစိုးရ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ဆက်လက် ညှိနှိုင်းတင်ပြ ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးက ဖြေရမယ့် မေးခွန်းမဟုတ်ပါဘူး။

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ မဟုတ်ပါဘူးခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ သမ္မတရုံးဝန်ကြီးဌာနတစ်ခုခုက ဖြေရမယ့် မေးခွန်းဖြစ်နေတယ်။ ကောင်းပြီ။

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ နောက် ဒုတိယမေးခွန်းအနေနဲ့ကတော့ မွန်ပြည်နယ် ကရုပ္ပိတိုက်နယ်ဆေးရုံ ဆောက်လုပ် မယ့် မြေနေရာနှင့် စပ်လျဉ်း၍ သိရှိလိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ် ကရုပ္ပိကျေးရွာ တိုက်နယ်ဆေးရုံ ဆောက်လုပ်မယ့် မြေနေရာနှင့် ပတ်သက်၍ မွန်ပြည်နယ်အစိုးရ အဖွဲ့ရုံးရဲ့ ၂၃-၁၂-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၃၀၀ /၁-၁၀၀/၀ခရ (မွန်)ဖြင့် ၁၈-၁၂-၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့တဲ့ မွန်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဥ် ၃၁-၂၀၁၄ ဆုံးဖြတ်ချက်၊ အပိုဒ်(၄၉)အရ အများသဘောတူသည့် သီးနှံစိုက်ပျိုးထားခြင်းမရှိသည့် မြေလွတ်ဖြစ်သည့် ဒေါ်ငွေကျင် အမည်ပေါက် မြေဧရိယာ(၃)ဧကတွင် တည်ဆောက်သွားရန် မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနသို့ အကြောင်းကြား ခဲ့ပါတယ်။ မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ ကရုပ္ပိတိုက်နယ်ဆေးရုံ တည်ဆောက်ရန် မြေနေရာ ရွေးချယ်ခြင်းကို ကျေးရွာကော်မတီ (၃)ရပ်၊ မြို့နယ်ကော်မတီ(၄)ရပ်၊ ခရိုင်ကော်မတီ (၂)ရပ်၊ ပြည်နယ် အစိုးရအဖွဲ့ အစည်းအဝေးများ အဆင့်ဆင့်ပြုလုပ်၍ အများသဘောတူညီချက်အရ ဒေါ်ငွေကျင် အမည်ပေါက်သော မြေနေရာတွင် ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည့်အတွက် ကန့်ကွက်ချက်များ ဖြစ်ပေါ် လာပါက မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ လိုက်နာရန်သာ ဖြစ်ပါကြောင်း မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြခဲ့ပါတယ်။ သို့ဖြစ်ပါ၍ မွန်ပြည်နယ်အစိုးရ အဖွဲ့၏ခွင့်ပြုချက် နေရာရွေးချယ်ဆောက်လုပ်ခဲ့သောလုပ်ငန်းဖြစ်ခြင်း ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေး နှစ်တွင် အဆောက်အအုံပြီးစီးမှုမှာ (၂၅)ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါကြောင်းနှင့် ယင်းဒေသရှိ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ မွန်ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြညှိနှိုင်း သင့်ပါကြောင်း အကြံပြု ပြန်လည် ဖြေကြားအပ်ပါတယ်။

နောက် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကွမ်းချောင်းဝကျန်းမာရေးဌာနရှိ အန္တရာယ်ရှိ အဆောက်အဦအား ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းခွင့်ပြုပေးရန် အစီအစဥ် ရှိ/မရှိ နှင့်ပတ်သက်၍ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် ကွမ်းချောင်းဝ ကျေးလက် ကျန်းမာရေးဌာနခွဲ အဆောက်အအုံ ပြုပြင်လို့ရမယ်ဆိုရင် ပြုပြင်ပေးရန်အတွက် ကုန်ကျစရိတ်ကို အင်ဂျင်နီယာ တွက်ချက်မှုဖြင့် တင်ပြပေးရန် ပလက်ဝမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ အကြောင်းကြားထားပြီးဖြစ်ပါတယ်။ ကုန်ကျစရိတ်တွက်ချက်မှုများ ရရှိပါက ပြင်လို့ရမယ်ဆိုရင်တော့ ကျွန်တော်တို့ရဲ့ ၂၀၁၅-၂၀၁၆ ပြင်ဆင်ထိန်းသိမ်းရေးစရိတ်ရန်ပုံငွေမှ ကျခံပေးမည်ဖြစ်ပြီး အကယ်၍ အသစ်ဆောက်လုပ်မည်ဖြစ်ပါက ၂၀၁၅-၂၀၁၆ ဖြည့်စွက်ရန်ပုံငွေမှာ တင်ပြဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

စတုတ္ထမေးခွန်း ဖြစ်တဲ့ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ငင်းနွှန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/ မရှိ နှင့်ပတ်သက်၍ ချင်းပြည်နယ် တီးတိန်မြို့နယ်တွင် ကျေးလက်ကျန်းမာရေးဌာန (၁၆)ခုရှိပြီး ငင်းနွှန်းကျေးရွာသည် ထန်းဇန်ကျေးလက် ကျန်းမာရေးဌာန၊ ဟောက်ပီးကျေးလက်ကျန်းမာရေးဌာနခွဲအောက်ရှိ ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ အိမ်ခြေ (၁၅၀) အိမ်၊ လူဦးရေ (၁၁၂၀)ဦးရှိပြီး ဟောက်ပီးကျေးလက်ကျန်းမာရေးဌာနခွဲနှင့် (၅)မိုင် ကွာဝေးပါတယ်။ ချင်းပြည်နယ်အတွင်း မြို့နယ်(၉)မြို့နယ်မှာ ကျေးလက်ကျန်းမာရေးဌာန (၇၄)ခုနှင့် ဌာနခွဲ(၂၉၈)ခု ဖွင့်လှစ်ပြီးဖြစ်ပါတယ်။ တီးတိန်မြို့နယ်အတွင်း ကျေးလက်ကျန်းမာရေးဌာန(၁၆)ခု၊ ကျေးလက်ကျန်းမာရေး ဌာနခွဲ (၅၄)ခုနဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါသဖြင့် လက်ရှိ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း တီးတိန်မြို့နယ်၊ ငင်းနွှန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဌာနခွဲဖွင့်လှစ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနဲ့လာမယ့် ဘဏ္ဍာနှစ်များမှာတော့ စီမံကိန်းလျာထားချက်အရ ဆက်လက် တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးတင်မောင်မြင့် ရဲ့ ဒီမေးခွန်းက ကျန်းမာရေးဝန်ကြီးဌာနက ဖြေရမယ့်မေးခွန်း မဟုတ်ဘူး။ သမ္မတရုံးက ဖြေရမှာ။

**ဦးတင်မောင်မြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ ကျွန်တော်လည်း ဒီလိုပဲ ထင်ပါတယ်ခင်ဗျ။ အခု ကျန်းမာရေးဝန်ကြီးဌာနက လာဖြေတဲ့အခါကျတော့ ကျွန်တော် အံ့အားသင့်ပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးကနေတစ်ဆင့် သက်ဆိုင်ရာဌာနက ပြန်ဖြေနိုင်ဖို့အတွက် ဆောင်ရွက်ပေးပါရန် ကျွန်တော် တောင်းခံပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပခုက္ကူမြို့ပေါ် (၁၅) ရပ်ကွက်တွင် နေထိုင်ကြ သည့် ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် လျှပ်စစ်ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်ပေးရန်နှင့် လျှပ်စစ်ဓာတ်အားခွဲရုံများကို ဝန်အားမြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦးက ပခုက္ကူမြို့ပေါ် (၁၅)ရပ်ကွက်တွင် နေထိုင်ကြသည့် ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် လျှပ်စစ်ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်ပေးရန်နှင့် လျှပ်စစ်ဓာတ်အား ခွဲရုံများကို ဝန်အားမြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဦး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက် အရ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ပေါ် (၁၅)ရပ်ကွက်တွင် နေထိုင်ကြသော ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် လျှပ်စစ်ထရန်စဖော်မာများ တိုးချဲ့ တပ်ဆင်ပေးရန်နှင့် လျှပ်စစ်ဓာတ်အားခွဲရုံများအား ဝန်အား မြှင့်တင်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအား မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ မကွေးတိုင်း ဒေသကြီး၊ ပခုက္ကူမြို့ဟာ ဧရာဝတီမြစ်ရဲ့ အနောက်ဘက်ကမ်းမှာတည်ရှိပြီးတော့ စီးပွားရေး အချက်အချာကျပြီးတော့ ဖွံ့ဖြိုးတိုးတက်တဲ့မြို့ ဖြစ်ပါတယ်။ ပခုက္ကူမြို့ပေါ်မှာ ရပ်ကွက် (၁၅)ရပ်ကွက် ရှိပြီး အိမ်ခြေ(၁၅၅၉၄)အိမ်ရှိပြီး လူဦးရေ(၃)သိန်းကျော်နေထိုင်လျက်ရှိကြပါတယ်။ သာသနာ ထွန်းကား တဲ့ မြို့ဖြစ်တာနှင့်အညီ စာသင်တိုက်ကြီးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ သာသနိက အဆောက်အအုံ များနှင့် အထူးစည်းကားတဲ့မြို့ ဖြစ်ပါတယ်။ မြို့ပေါ်နေပြည်သူများနှင့် ရဟန်းသံဃာများဟာ လျှပ်စစ် မီးနှင့်ပတ်သက်ပြီးတော့ မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးဌာနမှ ဖြန့်ဖြူးပေးလျက်ရှိတဲ့ လျှပ်စစ်မီး အား သုံးစွဲကြရပါတယ်။ ပခုက္ကူမြို့ရဲ့ လျှပ်စစ်မီး သုံးစွဲမှု အခြေအနေမှာ မီးသုံးစွဲနိုင်တဲ့ မီတာလုံးရေ (၁၈၆၈၈)လုံး ရှိပြီး ၎င်းလျှပ်စစ်မီတာများအား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့ပေါ် (၁၅)ရပ်ကွက်တွင် ဌာနပိုင် ထရန်စဖော်မာ (၃၃)လုံး၊ တပ်ဆင်အင်အား (၁၁၆၉၅) KVA နှင့် ဖြန့်ဖြူး ပေးလျက်ရှိပါတယ်။ ၂၀၁၅ ခုနှစ် မေလအတွင်းမှာ သုံးစွဲတဲ့ ယူနစ်ပေါင်း (၄၃၂၀၀၁၂)ယူနစ် ရှိပါတယ်။ တိုးတက်လာသော လူနေမှုစနစ်အရ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ တစ်နေ့တခြား ပိုမို များပြားလာလျက်ရှိပါတယ်။ နောင်လာမယ့်ကာလများတွင် စီးပွားရေးများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာပြီး တော့ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ကြမည်ဖြစ်ရာ လျှပ်စစ်ဓာတ်အားလည်း ပိုမိုလိုအပ်လာမှာ ဖြစ်ပါ တယ်။ ၎င်းလျှပ်စစ်ဓာတ်အားများအား ပခုက္ကူမြို့ရှိ လျှပ်စစ်ဓာတ်အားခွဲရုံ(၄)ခုမှ ဖြန့်ဖြူးပေးလျက် ရှိပါတယ်။ ၎င်းလျှပ်စစ်ဓာတ်အားခွဲရုံများမှ နေပြီးတော့ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ၊ စက်ရုံများ၊ စက်မှုဇုန်များ ချည်မျှင်နှင့်အထည်စက်ရုံများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရာ စီမံကိန်းများ တိုးချဲ့ဆောင်ရွက်လာမည်ဆိုပါက လျှပ်စစ်ဓာတ်အားလိုအပ်မှု ပိုမိုများပြားလာပြီး ဖြန့်ဖြူးပေးနေသော ဓာတ်အားခွဲရုံများရဲ့ ဝန်အားများကိုလည်း မြှင့်တင်ပေးရန် လိုအပ်လာမှာ ဖြစ်ပါတယ်။

ယခု လက်ရှိအခြေအနေမှာ ပခုက္ကူမြို့ပေါ်ရှိ ရပ်ကွက်များမှာ တပ်ဆင်ဖြန့်ဖြူးပေးလျက်ရှိ သော လျှပ်စစ်ထရန်စဖော်မာများ လုံလောက်မှုမရှိပါသဖြင့် ဝန်နှင့်အားမမျှဖြစ်ပြီး ထရန်စဖော်မာများ ပေါက်ကွဲပျက်စီးခြင်း၊ လျှပ်စစ်မီးသုံးစွဲသူများအနေဖြင့် လျှပ်စစ်ဓာတ်အား အပြည့်အဝ အသုံးပြု၍ မရ ခြင်း၊ အချို့ရပ်ကွက်များမှာ (၂၂၀)ဗို့အား ရှိရမည့်အစား (၉၀)၊ (၁၀၀)ခန့်သာရှိသဖြင့် ရေစက်မော်တာ များ မောင်းမရဖြစ်ပြီး၊ သောက်သုံးရေ အခက်အခဲများဖြစ်ခြင်း၊ မကြာခဏမီးပျက်ခြင်း၊ လျှပ်စစ်မီး

အား အချိန်ပိုင်းနှင့် အသုံးပြုရခြင်း၊ လျှပ်စစ်မီးကြိုးများ သုံးစွဲသည့် ဝန်အားများသည့်အတွက် မကြာခဏပြတ်ကျခြင်း၊ ရှော့ဖြစ်ခြင်းများဖြစ်ကြရပြီး မီးဘေးအန္တရာယ် လျှပ်စစ်ဘေးအန္တရာယ်များ စိုးရိမ်နေကြရပါတယ်။ ၎င်းအခက်အခဲများ အဆင်ပြေစေရန်အတွက် မြို့ပေါ်(၁၅)ရပ်ကွက်တွင် လိုအပ်လျက်ရှိသော လျှပ်စစ်ထရန်စဖော်မာများအား တိုးချဲ့တပ်ဆင်ပေးရန်နှင့် ဓာတ်အားဖြန့်ဖြူးပေး လျက်ရှိသော ဓာတ်အားခွဲရုံများအား ဝန်အားမြှင့်တင်ပေးရန် လိုအပ်လျက်ရှိနေပါတယ်။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ပခုက္ကူမြို့ပေါ် (၁၅)ရပ်ကွက်ရှိ ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာအသုံးပြုနိုင်ရေးအတွက် မြို့ပေါ်ရပ်ကွက်များတွင် ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်ပေးရန် နှင့် လျှပ်စစ်ဓာတ်အားခွဲရုံများအား ဝန်အားမြှင့်တင်တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ အား ဒေသခံ ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။

**မာန်အောင်မြို့နယ် တစ်ခုလုံး မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်လျက် လျှပ်စစ်မီး(၂၄)နာရီ ရရှိနိုင်ရန် အတွက် အောင်လှပြင်နှင့် ကုန်းခင်ကြားရှိ ကင်းမြစ်ကိုဖြတ်၍ တံတားထိုးပြီး မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်လျက် လျှပ်စစ်မီးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က မာန်အောင်မြို့နယ် တစ်ခုလုံး မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်လျက် လျှပ်စစ်မီး(၂၄)နာရီ ရရှိနိုင်ရန် အတွက် အောင်လှပြင်နှင့် ကုန်းခင်ကြားရှိ ကင်းမြစ်ကိုဖြတ်၍ တံတားထိုးပြီး မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်လျက် လျှပ်စစ်မီးပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအုန်းတင် က ရိုသေဂါရဝပြုအပ်ပါတယ် ခင်ဗျား။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မာန်အောင်မြို့နယ်တစ်ခုလုံး မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်လျက် လျှပ်စစ်မီး(၂၄)နာရီ ရရှိနိုင်ရန် အတွက် အောင်လှပြင်နှင့် ကုန်းခင်ကြားရှိ ကင်းမြစ်ကိုဖြတ်၍ တံတားထိုးပြီး မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်လျက် လျှပ်စစ်မီးပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ ကုန်းခင်ဆိုတဲ့ရွာဟာ မာန်အောင်ကျွန်းရဲ့ ကျွန်းပတ်လမ်းပေါ်မှာ ရှိပြီး တော့ အဲဒီနဲ့ (၁)မိုင်လောက် ဝေးတဲ့နေရာမှာ ခအုန်းမှော်ဆိုတဲ့ ရွာကတော့ ဆိပ်ကမ်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မာန်အောင်မြို့နယ်ဟာ မာန်အောင်ကျွန်း၊ ရဲကျွန်း နဲ့ တိုက်ကျွန်းတို့ပါဝင်တဲ့ ကျွန်းလွတ်များတွင်တည်ရှိတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ မာန်အောင်မြို့နယ် ဟာ စတုရန်းမိုင်(၂၀၂.၀၅)မိုင်နှင့် ဧကပေါင်း(၁၂၉၃၀၉)ဧကရှိပါတယ်။ မြို့ပေါ်ရပ်ကွက် (၅)ရပ်ကွက် နှင့် ကျေးရွာအုပ်စုပေါင်း (၃၆)အုပ်စုရှိပြီး လူဦးရေအားဖြင့် ခြောက်သောင်းကျော် ရှိပါတယ်။ မာန်အောင် မြို့နယ်ရှိ လူများစုမှာ အများအားဖြင့် လယ်ယာလုပ်ကိုင်ခြင်း၊ ဥယျာဉ်ခြံမြေစိုက်ပျိုးခြင်းနှင့် ရေလုပ်ငန်းတို့ကို လုပ်ကိုင်စားသောက်ကြပါတယ်။ မာန်အောင်မြို့နယ်ဟာ သီးခြားကျွန်းပေါ်မှာ

တည်ရှိတဲ့ မြို့နယ်တစ်ခု ဖြစ်တဲ့အတွက်အခြားသော မြို့နယ်များနဲ့ကူးလူးဆက်ဆံသွားလာရာတွင် ရေလမ်းကြောင်းတစ်ခုတည်းကိုသာ အားထားမှီခိုနေရသော မြို့နယ်တစ်ခု ဖြစ်ပါတယ်။ မာန်အောင်ကျွန်းပေါ်၌ (၅၂)မိုင်(၄)ဖာလုံ ရှည်လျားသော ကျွန်းပတ်လမ်းတစ်ခုကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က စတင်ဖောက်လုပ်ခဲ့သော်လည်း ယနေ့တိုင် လွယ်ကူစွာ သွားလာနိုင်လောက်အောင် ချောချောမွေ့မွေ့ မရှိသေးပါ။ အခြားသော ကျေးရွာချင်းဆက်လမ်းများမှာလည်း အလားတူ ချောချောမွေ့မွေ့မရှိသည့်အတွက် ကျေးရွာတစ်ရွာနှင့်တစ်ရွာ ကူးလူးဆက်ဆံလျက် ရောင်းဝယ်ဖောက်ကားခြင်း၊ ဆက်သွယ်သွားလာခြင်းတို့ကို အလွယ်တကူ မပြုလုပ်နိုင်သဖြင့် ကျေးရွာသူကျေးရွာသားများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့မှာ အလွန်နိမ့်ကျလျက် ရှိပါတယ်။ အခြားသော မြို့နယ်များနှင့် ဆက်သွယ်ရာမှာ ရေလမ်းတစ်ခုတည်းကိုသာ အားကိုးနေရသည်ဖြစ်ရာ အစိုးရပိုင်ကမ်းရိုးတန်းသွား သင်္ဘောများနှင့် ပုဂ္ဂလိကပိုင် ရေယာဉ်များနှင့် မော်တော်ဘုတ်များကို မှီခိုအားထားသွားလာနေကြရပါတယ်။ အစိုးရပိုင်ကမ်းရိုးတန်း သင်္ဘောများဟာ စစ်တွေမြို့မှ ထွက်လာလျှင် ကျောက်ဖြူ သို့မဟုတ် တောင်ကုတ်မြို့တွင် ညအိပ်ရပ်နားပြီးမှ မာန်အောင်မြို့သို့ ဆက်လက်သွားလာရသဖြင့် ခရီးသည်များအနေဖြင့် စရိတ်စက ကုန်ကျများပြားခြင်း၊ အချိန်ကြန့်ကြာ၍ ခရီးပင်ပန်းခြင်း စတဲ့အခက်အခဲများနှင့် အမြဲတမ်းကြုံတွေ့နေရပါတယ်။ အချို့သော ပုဂ္ဂလိကသင်္ဘောများဟာ မာန်အောင်မြို့မှ ကျောက်ဖြူမြို့သို့ ကမ်းရိုးတန်းအတွင်း လမ်းကြောင်းအတိုင်း သွားမည်ဆိုပါက (၁၄)နာရီခန့် သွားရပါတယ်။

ထို့ပြင် ပင်လယ်လမ်းကြောင်းမှ ကျောက်ဖြူမြို့သို့ သွားမည်ဆိုလျှင် (၈)နာရီခန့်သာကြာမြင့်သော်လည်း ပင်လယ်လှိုင်းလေနှင့် ရာသီဥတု အခြေအနေ ပေါ်မူတည်၍ ပုံမှန်အမြဲတမ်းသွားလာနိုင်သည် မဟုတ်ပါ။ မာန်အောင်မြို့နယ် ခအုန်းမှော် ကျေးရွာမှ ရမ်းဗြဲမြို့နယ် အောင်လှပြင်ကျေးရွာသို့ ပုဂ္ဂလိကမော်တော်ဘုတ်ဖြင့် (၅)မိုင် ကျော်ကွာဝေးသော ကင်းမြစ်ကို ဖြတ်၍ အချိန် (၄)နာရီခန့်ဖြင့် ရောက်နိုင်သော်လည်း ကုန်စည်များကို လိုရာအရပ်သို့ သယ်ယူပို့ဆောင်နိုင်ခြင်း မရှိပါ။ ခရီးသည်များသာ မော်တော်ဆိုင်ကယ်၊ မော်တော်ကားတို့ဖြင့် ကုန်းလမ်းမှတစ်ဆင့် ကျောက်ဖြူ ရမ်းဗြဲစသည်တို့ကို သွားလိုရာအရပ်များသို့ သွားကြရပါတယ်။ ဤကဲ့သို့ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် မာန်အောင်မြို့နယ်သူ မြို့နယ်သားတို့၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေးတို့တွင် အဖက်ဖက်မှ နိမ့်ကျလျက်ရှိနေကြပါတယ်။ မာန်အောင်မြို့နယ်နှင့် တခြားမြို့များသို့ လေကြောင်းဖြင့် သွားလာနိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ လေယာဉ်ကွင်းတစ်ခုကို တိုးချဲ့ ဆောက်လုပ်နေသည့်အတွက် မြို့နယ်သူ/မြို့နယ်သားများမှ နိုင်ငံတော်အစိုးရအား အထူးပင်ကျေးဇူးတင် ဝမ်းမြောက်လျက် ရှိနေကြပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ခုလုံးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မရှိမဖြစ် အခြေခံကျ၍ အရေးပါလှသော လျှပ်စစ်မီးအလုံအလောက်ရရှိရေးကို နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိနေသည်ကို တွေ့မြင်ရပါတယ်။ ရခိုင်ပြည်နယ်တွင်လည်း ရခိုင်ပြည်နယ် တစ်ခုလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက လိုအပ်ချက်ဖြစ်သော လျှပ်စစ်မီးအလုံအလောက် ရရှိရေးကို မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်လျက် (၂၄)နာရီ လျှပ်စစ်မီးရရှိအောင် နိုင်ငံတော်မှဆောင်ရွက်ပေးနေတဲ့အတွက် ရခိုင်ပြည်သူတစ်ရပ်လုံးမှလည်း နိုင်ငံတော်အစိုးရအား ဝမ်းပန်းတသာ ကျေးဇူးတင်လျက်ရှိကြပါတယ်။ ယခုအခါ ရခိုင်ပြည်နယ် (၁၇)မြို့နယ်

အနက် (၁၆)မြို့နယ်အား မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ပြီး လျှပ်စစ်မီး(၂၄)နာရီပေးရန် စီမံဆောင်ရွက်နေသည်ကို တွေ့ရှိရပါတယ်။

သို့သော် ရခိုင်ပြည်နယ်၏ မြို့နယ်တစ်ခုဖြစ်သော မာန်အောင်မြို့နယ်တွင် မဟာဓာတ်အားလိုင်းမှပေးသော လျှပ်စစ်မီးကိုသော်လည်းကောင်း၊ အခြားနည်းဖြင့်ပေးသော မီးကိုသော်လည်းကောင်း (၂၄)နာရီ အချိန်ပြည့်မရရှိနိုင်သေးတဲ့အတွက် မာန်အောင်မြို့နယ်သူ/မြို့နယ်သားများအနေဖြင့် ခွဲခြားဆက်ဆံခြင်းကို ခံနေရသည်ဟု ခံစားနေကြရပါတယ်။ အကြောင်းမူ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ရွှေဂက်စ်မှ တစ်နေ့လျှင် ဂက်စ်ကုဗပေသန်း(၄၀၀)ကို တရုတ်ပြည်သို့ ရောင်းချလျက်ရှိရာ မာန်အောင်မြို့နယ်ကိုလည်း တစ်နည်းနည်းဖြင့် လျှပ်စစ်မီး(၂၄)နာရီရရှိအောင် နိုင်ငံတော်အစိုးရမှ စီမံဆောင်ရွက်ပေးသင့်သည်ဟု မြို့နယ်သူ/မြို့နယ်သားများက ခံစားနေရခြင်းကြောင့် ဖြစ်ပါတယ်။ မာန်အောင်မြို့နယ်တွင် လက်ရှိလျှပ်စစ်မီး ရရှိနေမှုအခြေအနေမှာ မာန်အောင်မြို့ပေါ်ရှိ ရပ်ကွက်(၅)ခုကိုသာ တစ်နေ့လျှင် (၆)နာရီကြာ လျှပ်စစ်မီး ပေးလျက်ရှိပါတယ်။ ညနေ (၅)နာရီမှ (၁၁)နာရီအထိ တစ်ကြိမ်ပေးပြီး နံနက် (၅)နာရီမှ (၆)နာရီအထိ တစ်ကြိမ် ပေးလျက်ရှိပါတယ်။

ထိုသို့ လျှပ်စစ်မီး (၆)နာရီ ပေးနေမှုတွင် မြန်မာ့လျှပ်စစ်ဓာတ်အားပေးဌာနမှ (၄)နာရီကြာ ပေးပြီး မြို့နယ်မီးလင်းရေးကော်မတီမှ (၂)နာရီသာပေးနေပါတယ်။ လျှပ်စစ်မီတာအိုး၊ မီတာပုံးရှိသူတိုင်း မြို့နယ်မီးလင်းရေးကော်မတီသို့ တစ်လလျှင် (၁၇၀၀)ကျပ်စီ ပေးသွင်းရပြီး လျှပ်စစ်ယူနစ် ပမာဏ (၂၀)အထိကို တစ်ယူနစ်လျှင် (၃၅)ကျပ်နှုန်းဖြင့် ပေးဆောင်ရပါတယ်။ (၂၀)ယူနစ် ကျော်လျှင် တစ်ယူနစ်ကို ငွေ(၅၀၀)နှုန်းဖြင့် ပေးဆောင်နေရပါတယ်။ မာန်အောင်မြို့နယ်တစ်ခုလုံး လျှပ်စစ်မီး (၂၄)နာရီ အချိန်ပြည့်ရရှိနိုင်သော နည်းလမ်း(၃)ခု ရှိပါတယ်။ (က) နေရောင်ခြည်သုံး ဆိုလာပြားလျှပ်စစ်ကိုအသုံးပြုခြင်း၊ (ခ) ဒီဇယ်ဆီသုံး မီးစက်များကို ကျေးရွာအုပ်စုအလိုက် လှည့်ပတ်အသုံးပြုခြင်း (ဂ) အောင်လှပြင်နှင့် ခအုန်းမျှော်ကို တံတားထိုး၍ မဟာဓာတ်လိုင်းနှင့် ဆက်သွယ်ကာလျှပ်စစ်ရယူခြင်းတို့ ဖြစ်ပါတယ်။ ဤသုံးမျိုးအနက် နေရောင်ခြည်သုံး ဆိုလာပြားလျှပ်စစ် အသုံးပြုခြင်းမှာ လျှပ်စစ်ဓာတ်အား အပြည့်အဝ မရရှိခြင်း၊ တာရှည် အသုံးမပြုနိုင်ခြင်းတို့ကြောင့် ရေရှည်အတွက် အသုံးပြု၍ သင့်တော်မည်မဟုတ်ပါ။ ဒီဇယ်ဆီသုံးမီးစက်များကို အသုံးပြုမည် ဆိုပါကလည်း ဒီဇယ်ဆီစရိတ် ကြီးမားမြင့်တက်နေသဖြင့် မြို့နယ်သူ/မြို့နယ်သားများအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်လာမည်ဖြစ်ပါတယ်။ အကယ်၍ ရမ်းဗြဲမြို့နယ် အောင်လှပြင်ကျေးရွာနှင့် (၅)မိုင်ကျော် ကွာဝေးသော မာန်အောင်မြို့နယ် ခအုန်းမျှော်ကျေးရွာကို တံတားထိုးလျက် ထိုတံတားပေါ်မှ မဟာဓာတ်အားလိုင်းကြိုးများဖြင့် ဆက်သွယ်လျက် လျှပ်စစ်မီးပေးမည်ဆိုပါက မာန်အောင်မြို့နယ်သူ/မြို့နယ်သားများအတွက် မဟာဓာတ်အားလိုင်းမှ (၂၄)နာရီအချိန်ပြည့် လျှပ်စစ်မီးရရှိနိုင်မည်ဖြစ်ပြီး တခြားမြို့နယ်များဖြစ်သည့် ကျောက်ဖြူ မြို့နယ်နဲ့ ရမ်းဗြဲမြို့နယ်တို့သို့ အလွယ်တကူ ကူးလူးသွားလာနိုင်သည့်အတွက် မာန်အောင်မြို့နယ်သူ/ မြို့နယ်သားများအတွက် (၁) လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေခြင်း (၂) အကြီးစားစက်မှုလုပ်ငန်းများ တည်ထောင်လုပ်ကိုင်နိုင်ခြင်း (၃) မာန်အောင် မြို့နယ်သူ/ မြို့နယ်သားများ၏ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးကဏ္ဍများတွင် အရှိန်အဟုန်ဖြင့် ပြောင်းလဲ တိုးတက်လာနိုင်မည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မာန်အောင်မြို့နယ်သူ/ မြို့နယ်သားများ၏ လိုအင်ဆန္ဒနှင့် ဒေသတိုးတက်ရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးသောအားဖြင့် အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ (က) မာန်အောင်မြို့နယ်တစ်ခုလုံး မဟာဓာတ်အားလိုင်း ချိတ်ဆက်လျက် လျှပ်စစ်မီး(၂၄)နာရီ ရရှိနိုင်ရန်အတွက် အောင်လှပြင်-ခအုန်းမော်ကြားရှိ ကင်းမြစ်ကို ဖြတ်၍ တံတားထိုးပြီး မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်လျက် လျှပ်စစ်မီးပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ၊ အစီအစဉ် ရှိသည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ပေးနိုင်ပါမည်နည်း၊ အစီအစဉ် မရှိဆိုပါက အဘယ်ကြောင့်ပါနည်း စသည်တို့ကို လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၀၂။**

**ဦးအောင်သန်းဦး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ပထမအနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသော်ဇင်ဦး ၏ မေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ပေါ်ရပ်ကွက်များ ဓာတ်အားစနစ်ကောင်းမွန်စေရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်းတင်ပြအပ်ပါတယ်။ အမှတ် (၆)ရပ်ကွက်မှာ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ (၁)လုံးနဲ့ (၁၁)ကေဗွီလိုင်း ပေ(၃၀၀၀)၊ (၄၀၀)ဗို့လိုင်း ပေ(၃၀၀၀)ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒုတိယအနေနဲ့ အမှတ်(၁၅)ရပ်ကွက် အောင်သပြေလမ်းနဲ့ (၆)လမ်းထောင့်မှာ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ(၁)လုံးနဲ့ (၁၁)ကေဗွီ လိုင်း ပေ (၁၀၀၀)၊ (၄၀၀)ဗို့ ဓာတ်အားလိုင်းပေ (၃၀၀၀)ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ တတိယအနေနဲ့ အမှတ်(၁၂)ရပ်ကွက်မှာ (၃၀၀)ကေဗွီအေ ထရန်စဖော်မာ (၁)လုံးနဲ့ (၄၀၀)ဗို့ ဓာတ်အားလိုင်း ပေ(၃၀၀၀)ဆောင်ရွက်ပေးခဲ့ပါတယ်။ စတုတ္ထအနေနဲ့ ကွက်သစ်ရပ်ကွက် ခတ္တာလမ်းမှာ(၂၀၀)ကေဗွီအေ ထရန်စဖော်မာ(၁)လုံးနဲ့ (၁၁)ကေဗွီ ဓာတ်အားလိုင်း ပေ(၅၀)နဲ့ (၄၀၀)ဗို့ ဓာတ်အားလိုင်း ပေ (၃၀၀၀)ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဉ္စမအနေနဲ့ မြကန်သာရပ်ကွက် (၄၀၀) ဗို့လိုင်း ပေ(၃၀၀၀)ကို ကွန်ကရစ်တိုင်၊ သံလက်တန်းများဖြင့် အစားထိုး လဲလှယ်ပေးခဲ့ပြီး ဆဋ္ဌမအနေနဲ့ ဗိုလ်ချုပ်လမ်းမှာ ဆွေးမြေ့သံတိုင် (၂)တိုင်အား ကွန်ကရစ်တိုင်၊ သံလက်တန်းများဖြင့် အစားထိုးလဲလှယ်ပေးတဲ့ လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့မှ ပခုက္ကူမြို့ပေါ်ရပ်ကွက်များ ဗို့အား ပြည့်ဝသုံးစွဲနိုင်ရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေမှာ တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။

ပထမအနေနဲ့ အမှတ်(၇)ရပ်ကွက် တပ်မလမ်းနှင့် အာဇာနည်လမ်းထောင့်တွင် (၂၀၀) ကေဗွီအေ ထရန်စဖော်မာ တစ်လုံးနှင့် ၁၁ ကေဗွီအေ ဓာတ်အားလိုင်း ပေ (၁၀၀၀)နဲ့ ၄၀၀ ဗို့လိုင်း ပေ(၁၀၀၀) တို့ကို တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ဒုတိယအနေနဲ့ အမှတ်(၁၁)ရပ်ကွက်၊ ပခုက္ကူ-မြိုင်လမ်းမကြီးနံဘေး၊ ပခုက္ကူတက္ကသိုလ်ရှေ့မှာ (၂၀၀) ကေဗွီအေထရန်စဖော်မာ တစ်လုံးနှင့် (၁၁) ကေဗွီအေ ဓာတ်အားလိုင်း ပေ(၁၀၀၀)နဲ့ ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ(၃၀၀၀)တို့ကို တည်ဆောက်ပေးမှာ ဖြစ်ပါတယ်။ တတိယအနေနဲ့ ပခုက္ကူမြို့လမ်းလယ်ကျွန်း၊ ပေါက်လမ်းထိပ်တွင် (၂၀၀) ကေဗွီအေ ထရန်စဖော်မာ တစ်လုံးကို တည်ဆောက်ပေးမှာ ဖြစ်ပါတယ်။

စတုတ္ထအနေနဲ့ ရွှေမြင်းတင်လမ်း၊ အမှတ်(၃)ရပ်ကွက် မဏ္ဍထောင်အနီးမှာ (၂၀၀) ကေဗွီအေ ထရန်စဖော်မာ တစ်လုံးနှင့် (၁၁) ကေဗွီအေ ဓာတ်အားလိုင်း ပေ(၂၂၀၀)ပေနှင့် (၄၀၀) ဗို့လိုင်း ပေ(၃၀၀၀) တို့ကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒီလုပ်ငန်း (၄)ခုကိုတော့ RE မှာ တင်ပြတောင်းခံပြီး ရန်ပုံငွေ ရရှိပါက ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တကယ်လို့ မရရင် ၂၀၁၆-၁၇ မှာ ဆက်လက်တင်ပြတောင်းခံသွားပါမယ်ခင်ဗျား။

ဒါ့အပြင် ပခုက္ကူမြို့ပေါ်မှာ ရပ်ကွက်များ ဗို့အားပြည့်ဝပြီးတော့မှ ဓာတ်အား လုံလုံ လောက်လောက် သုံးစွဲနိုင်ဖို့အတွက် လက်ရှိဓာတ်အားဖြန့်ဖြူးပေးထားတဲ့ အမှတ်(၁)ဓာတ်အားခွဲရုံ မှာရှိတဲ့ (၆၆/၁၁) ကေဗွီ (၁၀) အမ်ဗွီအေ မိန်းစရန်စဖော်မာကို (၂၀) အမ်ဗွီအေ အကြီးနဲ့ လဲလှယ်ခြင်းကိုလည်းကောင်း၊ အဲဒီက ထွက်ရှိလာတဲ့ (၁၀) အမ်ဗွီအေ စရန်စဖော်မာကို အမှတ်(၂)ဓာတ်အားခွဲရုံမှာရှိတဲ့ လက်ရှိ (၅) အမ်ဗွီအေ နေရာမှာ အစားထိုးခြင်းကိုလည်းကောင်း၊ လက်ရှိ အမှတ်(၂)ဓာတ်အားခွဲရုံမှ ထွက်လာတဲ့ (၅) အမ်ဗွီအေ စရန်စဖော်မာကို ပခန်းကြီးဓာတ်အားခွဲရုံကို လည်းကောင်း၊ နောက် ကမ္မမှာ ရှိတဲ့ (၆၆/၁၁) ကေဗွီ (၅) အမ်ဗွီအေကို (၁၀) အမ်ဗွီအေနဲ့ လဲလှယ်ခြင်းကိုလည်းကောင်း တိုးမြှင့်တည်ဆောက်ပေးသွားမှာ ဖြစ်ပြီးတော့မှ အဲဒီလုပ်ငန်းတွေကိုတော့ ၂၀၁၆-၁၇ ဘဏ္ဍာရန်ပုံငွေနှစ်မှာ တင်ပြတောင်းခံပြီးတော့မှ ရန်ပုံငွေ ရရှိမှုအခြေအနေအရ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းကို ဆက်လက်ဖြေကြားသွားပါမယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအုန်းတင် ရဲ့ မေးခွန်းအပေါ်မှာ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ မာန်အောင်မြို့နယ်မှာ ဒီဇယ်ဓာတ်အားပေးစက် (၅၀၀) ကေဗွီအေ မီးစက် (၂)လုံးနှင့် မီးသုံးသူ (၈၃၁)ဦးကို တစ်ရက်လျှင် (၄)နာရီ မီးလင်းရေးကော်မတီက (၂)နာရီ စုစုပေါင်း (၆)နာရီနှင့် လက်ရှိ ဓာတ်အားပေးလျက် ရှိပါတယ်။ မာန်အောင်မြို့နှင့်အနီးဆုံး ဓာတ်အားစနစ်မှ ဓာတ်အား ရယူထားတဲ့ နေရာကတော့ (၆၆/၁၁) ကေဗွီ (၅) အမ်ဗွီအေ ရမ်းဗြဲဓာတ်အားခွဲရုံဖြစ်ပြီးတော့ အဲဒီက နေပြီးတော့ မာန်အောင်ကျွန်းကို ဓာတ်အားဆက်သွယ်မယ်ဆိုရင် အောင်လှပြင်အထိ ကုန်းလမ်း(၁၄)မိုင် အောင်လှပြင်မှ မာန်အောင်မြို့အနီးမှာရှိတဲ့ ကုန်းခင်ရွာအထိ ရေလမ်း(၅)မိုင် စုစုပေါင်း (၁၉)မိုင် ခရီးခန့်

ကွာဝေးပါတယ်။ အဲဒီ (၁၉)မိုင် ခရီးအကွာအဝေးကို လျှပ်စစ်ဓာတ်အားပို့လွှတ်မယ်ဆိုရင် (၃၃) ကေဗွီဗို့ အားစနစ်ကို ရွေးချယ်ပြီး ဓာတ်အားပို့လွှတ်ရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ရမ်းဗြဲဓာတ်အားခွဲရုံမှာ (၆၆/၃၃) ကေဗွီ တိုးချဲ့ဓာတ်အားခွဲရုံ တစ်ရုံနဲ့ ရမ်းဗြဲကနေ အောင်လှပြင်အထိ (၃၃) ကေဗွီ ဓာတ်အားလိုင်း (၁၄)မိုင်၊ အောင်လှပြင်မှ မာန်အောင်မြို့အနီး ကုန်းခင်ရွာအထိ (၃၃) ကေဗွီရေအောက်ကေဘယ်ကြိုးစနစ် (၅)မိုင်၊ မာန်အောင်မြို့ပေါ်မှာ (၃၃/၁၁) ကေဗွီ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ အောင်လှပြင်မှ မာန်အောင်မြို့ အနီးမှာရှိတဲ့ ကုန်းခင်အထိကို ရေမိုင်(၅)မိုင်အတွက် တည်ဆောက်ရမယ့်စနစ်ကတော့ ရေအောက် ကေဘယ်ကြိုးဖြစ်တဲ့ (Sub Marine Cable) ဖြစ်တဲ့အတွက် ဒီကေဘယ် အရှည် ပေ(၅)မိုင်ဟာ အဆက်ပါလို့ မရတဲ့အတွက် ဒီအကွာအဝေးအတိုင်း (၅)မိုင်အရှည်ရှိတဲ့ပစ္စည်းကို မှာယူရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ပင်လယ်ရေအောက်ကြမ်းပြင်ရဲ့ ပထဝီအနေအထား၊ ရေစီးတဲ့နှုန်း စသည်တို့ကိုလည်း အသေး စိတ်တိုင်းတာတဲ့ နည်းပညာတွေကို ဆောင်ရွက်ရတော့မှ အချိန်ယူဆောင်ရွက်ရမှာဖြစ်ပြီးတော့ ကုန်ကျ စရိတ်များ လွန်စွာမြင့်မားကြောင်းကိုလည်း စုံစမ်းလေ့လာသိရှိရပါတယ်။

မေးခွန်းပါ အောင်လှပြင်နှင့် မာန်အောင်မြို့နယ်မှာရှိတဲ့ ကုန်းခင်ရွာကြား ပင်လယ်ဒီရေ အတက်အကျနှင့် လှိုင်းများပြင်းထန်တဲ့ (၅)မိုင်ရှည်လျားတဲ့ ပင်လယ်အော်ကို ကျော်ဖြတ်ပြီးတော့မှ တံတား တည်ဆောက်ရန်ကိစ္စကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ပေါင်းစပ်ပြီး တံတား တည်ဆောက်ရန် ဖြစ်နိုင်ခြေ ရှိ/မရှိ လေ့လာတွက်ချက်ပြီးတော့ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေနဲ့ကတော့ ရခိုင်ပြည်နယ်တစ်ခုလုံး ဓာတ်အားရရှိရေး အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီးတော့မှ မာန်အောင်ကျွန်းပေါ်မှာ လောလောဆယ်ဆောင်ရွက် ပေးဖို့ကို အသေးစား ဓာတ်အားစနစ် (Mini Grid)တစ်ခုကိုဆောင်ရွက်ဖို့ (၂၄)နာရီ မီးပေးနိုင်တဲ့ နည်းမျိုးစုံဖြင့် တိုင်းတာလေ့လာလျက်ရှိပြီးတော့ ကနဦး လေ့လာတိုင်းတာချက်အရ မာန်အောင်မြို့အနီး မှာ ဒီဇယ်ဆီထက် ဈေးနှုန်းသက်သာတဲ့ လောင်စာဆီ တစ်ခုဖြစ်တဲ့ HFO မီးထိုးဆီကို အသုံးပြုပြီးတော့မှ ဓာတ်အား ထုတ်လုပ်ခြင်းနှင့် နေရောင်ခြည်ကနေ ဓာတ်အားထုတ်လုပ်ခြင်း နှစ်ခုကို ပေါင်းစပ်ပြီး Hybrid Generation System ဖြင့် ဓာတ်အားထုတ်လုပ်ပြီး မြို့ပေါ်နှင့် ကျွန်းပေါ်မှာရှိတဲ့ ကျေးရွာအားလုံးကို (၃၃) ကေဗွီဓာတ်အားစနစ်ဖြင့် ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးနိုင်ဖို့အတွက်ကို ကနဦးလေ့လာပြုလုပ် လျက် ရှိပြီးတော့ ပြည်နယ်အစိုးရနှင့် ပေါင်းစပ်ညှိနှိုင်းလျက် ရှိပါတယ်။

၎င်းလေ့လာမှု ဖြစ်နိုင်မှုအခြေအနေအပေါ်မူတည်ပြီးတော့မှ နိုင်ငံတော်အပေါ်က ရန်ပုံငွေ ရရှိမှုနှင့် အတိုးနှုန်းသက်သာတဲ့ ချေးငွေတွေ ရရှိမှုတို့အပေါ်မှာ မူတည်ပြီးတော့မှ ပြည်နယ်အစိုးရနှင့် ညှိနှိုင်းပြီး အစီအစဉ် ချမှတ် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၁၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည် ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာ ခြင်းအား အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော မြန်မာ နိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်းကို ၁၅-၆-၂၀၁၅ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးက အဆိုတင်သွင်းပြီး ၁၉-၆-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့ လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံကြက်ခြေနီ အသင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့ လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၃၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၇-၇-၂၀၁၅ ရက် (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အကျဉ်းထောင်များ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၃၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ အကျဉ်းထောင်များ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အမျိုးသား လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၂။**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနက အသစ်ရေးဆွဲထားတဲ့ အကျဉ်းထောင်များဥပဒေနှင့် စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားပေးနိုင်ရန် ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် မှ အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဗြိတိသျှနယ်ချဲ့များဟာ မြန်မာနိုင်ငံကို ကိုလိုနီနိုင်ငံအဖြစ် သိမ်းပိုက်အုပ်ချုပ်ခဲ့စဉ် ၁၈၂၇ ခုနှစ်မှ စစ်တွေအကျဉ်းထောင်ကို စတင်ဆောက်လုပ်ခဲ့ပြီးတော့ ကျန်အကျဉ်းထောင်များကိုလည်း မြန်မာနိုင်ငံအတွင်း ဆောက်လုပ်ခဲ့ ပါတယ်။

ထိုစဉ်က အင်္ဂလန်နိုင်ငံမှာရှိတဲ့ အကျဉ်းထောင်များ အုပ်ချုပ်ရေးစနစ်ကို အခြေခံပြုပြင် ရေးသားထားတဲ့ ၁၈၉၄ ခုနှစ်၊ အကျဉ်းထောင်များအက်ဥပဒေ၊ ၁၉၀၀ ပြည့်နှစ်၊ အကျဉ်းသားများ အက်ဥပဒေနှင့် ၁၉၂၀ ပြည့်နှစ်၊ အကျဉ်းသားများစိစစ်မှတ်ပုံတင်ရေး အက်ဥပဒေများဖြင့် မြန်မာနိုင်ငံရှိ အကျဉ်းထောင်များတွင် ကျင့်သုံးဆောင်ရွက်ခဲ့ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ ကွပ်ကဲမှုအောက်မှာရှိတဲ့ အကျဉ်း ဦးစီးဌာနမှာ အဆိုပါ အက်ဥပဒေများကို လက်ရှိကိုင်တွယ် ကျင့်သုံးနေဆဲ ဖြစ်ပါတယ်။ ဒါကြောင့် အကျဉ်းသားများရဲ့ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများ ပြုပြင်ပြောင်းလဲပေးရန်၊ အကျဉ်းသားများ တရားဥပဒေကို လေးစားလိုက်နာတတ်သူများ ဖြစ်စေရန်နှင့် ပြစ်ဒဏ်မှ လွတ်မြောက်ပြီးတဲ့အခါမှာ ဘဝ ရပ်တည်ရေးအတွက်ကို ထိုက်သင့်တဲ့ အသက်မွေးမှုပညာရပ်များ တတ်မြောက်သွားခြင်းဖြင့် ထပ်တလဲလဲ ပြစ်မှုကျူးလွန်ခြင်းများ မရှိစေရန် ရည်ရွယ်ပြီးတော့ အကျဉ်းထောင်များဥပဒေကြမ်းကို အသစ်ရေးဆွဲ တင်သွင်းရခြင်း ဖြစ်ပါတယ်။

လက်ရှိကျင့်သုံးနေတဲ့ အကျဉ်းထောင်များအက်ဥပဒေများဟာ နှစ်ပေါင်း (၁၂၀) ကျော် ကြာမြင့်ပြီး ပြဋ္ဌာန်းချက်များမှာ ပါရှိတဲ့ ဗြိတိသျှ မြန်မာနိုင်ငံဘုရင်ခံ၊ အကျဉ်းဌာနမင်းကြီး၊ စစ်ဆေးရေး မှူးချုပ်၊ စစ်ဖက်ဆိုင်ရာအရာရှိစတဲ့ အသုံးအနှုန်းများနှင့် အခေါ်အဝေါ်များဟာ ခေတ်ကာလ အခြေအနေနဲ့ ကိုက်ညီမှုမရှိတော့ခြင်း၊ အကျဉ်းဦးစီးဌာနမှ လက်ရှိဆောင်ရွက်ပေးနေတဲ့ကိစ္စရပ်များကို ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရန် လိုအပ်ခြင်းတို့ကြောင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ကွပ်ကဲမှုအောက်မှာရှိတဲ့ တပ်ဖွဲ့ဦးစီးဌာနများမှ ဥပဒေကျွမ်းကျင် ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များ ပေါင်းစပ်ပြီးတော့ အကျဉ်းထောင်များ ဥပဒေကို အသစ်ရေးဆွဲ ဆောင်ရွက်ခဲ့ပါတယ်။

ယခုတင်သွင်းတဲ့ အကျဉ်းထောင်များ ဥပဒေကြမ်းမှာ ခေတ်ကာလအခြေအနေနှင့် ကိုက်ညီတဲ့ အသုံးအနှုန်း၊ အခေါ်အဝေါ်၊ ဥပဒေစကားရပ်များနှင့် အကျဉ်းဦးစီးဌာနမှ လက်ရှိဆောင်ရွက် ပေးလျက်ရှိနေတဲ့ အကျဉ်းသားများရဲ့ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများ ပြုပြင်ပြောင်းလဲခြင်းများ၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ လေ့လာသင်ကြားပေးခြင်း၊ ပညာတစ်ပိုင်းတစ်စ ဖြစ်နေသော အကျဉ်းသားများအား ပညာဆက်လက် သင်ကြားခွင့်ရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ စာမတတ်သူ အကျဉ်းသားများအား စာတတ်မြောက်အောင် သင်ကြားပေးခြင်း၊ အကျဉ်းသားများရဲ့ ခံစားခွင့်များ ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးခြင်း စတဲ့ကိစ္စရပ်များနှင့် ပြည့်စုံအောင်လည်း ထည့်သွင်းရေးဆွဲထားပါတယ်။

သို့ဖြစ်ပါ၍ ဗြိတိသျှ ကိုလိုနီခေတ်တွင် ရေးဆွဲကျင့်သုံးခဲ့ပြီး ခေတ်ကာလအခြေအနေနှင့် ကိုက်ညီမှုမရှိတော့တဲ့ အကျဉ်းထောင် အက်ဥပဒေ (၃)ခုကို ရုပ်သိမ်းပြီးတော့ ခေတ်ကာလ အခြေအနေနှင့် ကိုက်ညီပြီးတော့ ပိုမိုပြည့်စုံကျစ်လစ်ခိုင်မာတဲ့ ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းနိုင်ရေး အတွက်ကို အကျဉ်းထောင်များ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ လက်ခံဆွေးနွေးပေးပါရန် အဆိုတင်သွင်းအပ်ပါတယ်။ အားလုံး ကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၃၅။**

**ဦးထွန်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အကျဉ်းထောင်များ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းကို စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးထွန်းမြင့် က ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အကျဉ်းထောင်များ ဥပဒေကြမ်းကို လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အကျဉ်းထောင်များ ဥပဒေကြမ်းကို လက်ခံဆွေးနွေး စဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။အကျဉ်းထောင်များ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်/မသင့် လွှတ်တော် ရဲ့ သဘောထား ရယူမှာဖြစ်ပါတယ်။

အကျဉ်းထောင်များ ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အကျဉ်းထောင်များ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က အကျဉ်းထောင်များ ဥပဒေ ကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အကျဉ်းထောင်များ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၅။**

**ဦးတင်ယု (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးတင်ယု ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အကျဉ်းထောင်များ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာအား ဥပဒေကြမ်းကော်မတီ၏ကိုယ်စား အမျိုးသားလွှတ်တော်သို့ ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**အကျဉ်းထောင်များဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅-၄၂၂
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင် လ ၁၅ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က အကျဉ်းထောင်များဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင် ဆွေးနွေးနိုင်ရန် ၃၁-၅-၂၀၁၅ ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ ပညာရှင်များ၊ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၉-၆-၂၀၁၅၊ ၁၁-၆-၂၀၁၅ နှင့် ၂၄-၆-၂၀၁၅ ရက်နေ့များတွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကျဉ်းထောင်များဥပဒေကြမ်းကို လေ့လာ စိစစ်ရာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(က) မူလဥပဒေကြမ်း နိဒါန်းတွင်ပါရှိသော စကားရပ်များအစား ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အရေးအသား ဆီလျော်မှု ရှိစေရန်အတွက်

သီးသန့်အခန်းဆိုသည့်စကားရပ်ကို သီးခြားအခန်းဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အရေးအသားကျစ်လျစ်မှုရှိစေရန်အတွက် အပိုဒ် ၂၊ အပိုဒ်ခွဲ (က) တွင် ဖော်ပြထားသော စကားရပ်များအစား အကျဉ်းထောင် ဆိုသည်မှာ အကျဉ်းသားများကို ထိန်းသိမ်းထားရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အမြဲတမ်းဖြစ်စေ၊ ယာယီဖြစ်စေ သတ်မှတ်ထားသော မြေနေရာများ၊ အဆောက်အအုံနှင့် အဆောက်အအုံအစိတ်အပိုင်းများ၊ စခန်းများနှင့် အချုပ်ထောင်များကို ဆိုသည်။ သို့ရာတွင် အကျဉ်းဦးစီးဌာန၏ အုပ်ချုပ်မှုအောက်တွင် မရှိသော အကျဉ်းသားများကို ချုပ်နှောင်ထားရှိရာ နေရာမပါဝင် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ(ဃ) တွင် ဖော်ပြထားသော စကားရပ်များအစား အကျဉ်းသား ဆိုသည်မှာ ပြစ်ဒဏ်ကျ အကျဉ်းသား၊ အချုပ်အကျဉ်းသား၊ လူငယ်အကျဉ်းသား၊ သေဒဏ်ကျခံ ရသောအကျဉ်းသားနှင့် တရားမအကျဉ်းသားတိုကိုဆိုသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (င)တွင်ဖော်ပြထားသော တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားသဖြင့် တရားရုံးတစ်ခုခု သို့မဟုတ် ဥပဒေအရ အခွင့်အာဏာရသူတစ်ဦးဦး၏ ဆိုသည့်စကားရပ်ကို ဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားသဖြင့် သက်ဆိုင်ရာ တရားရုံးတစ်ခုခု သို့မဟုတ် ဥပဒေအရ အခွင့်အာဏာရသူ တစ်ဦးဦး၏ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ(စ) တွင် ဖော်ပြထားသော တည်ဆဲဥပဒေ တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း စွပ်စွဲချက်ဖြင့် စစ်ဆေးနေစဉ်ကာလအတွင်း ချုပ်မိန့်ဖြင့် ဆိုသည့်စကားရပ်ကို ဥပဒေတစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း စွပ်စွဲချက်ဖြင့် စစ်ဆေးစီရင်နေစဉ်ကာလအတွင်း သက်ဆိုင်ရာ တရားရုံး တစ်ခုခု သို့မဟုတ် ဥပဒေအရ အခွင့်အာဏာရသူတစ်ဦးဦး ၏ ချုပ်မိန့်ဖြင့် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ည)ကို အပိုဒ်ခွဲ (ဈ)ဟု အစဉ်ပြောင်းကာ ယင်းတွင်ဖော်ပြထားသော သတင်းအချက်အလက်များ စီမံခန့်ခွဲမှု စနစ် (Prisoners Management Information System - PMIS)ဆိုသည့် စကားရပ်ကို သတင်းအချက်အလက်များ စီမံခန့်ခွဲမှုစနစ်ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ(ဋ)ကို အပိုဒ်ခွဲ(ည) ဟု အစဉ်ပြောင်းကာ ယင်းတွင် ပါရှိသော လက်ပုံစံနှင့် ခြေပုံစံမှတ်တမ်းများ ဆိုသည့် စကားရပ်ကို လက်ပုံစံနှင့် ခြေပုံစံ အပါအဝင်အခြားလိုအပ်သည့် မှတ်တမ်းများ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ဍ)ကို အပိုဒ်ခွဲ (ဌ) ဟု အစဉ်ပြောင်းကာ ယင်းတွင် ပါရှိသော အကူအညီပေးရန် ရည်ရွယ်ချက်ဖြင့်ဆိုသည့် စကားရပ်ကို အကူအညီပေးရန် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဏ)ကို အပိုဒ်ခွဲ(ဎ)ဟု အစဉ်ပြောင်းကာ ယင်းတွင်ပါရှိသောစကားရပ်များအစား တားမြစ်ပိတ်ပင်ထားသော ပစ္စည်းဆိုသည်မှာ ဥပဒေတစ်ရပ်ရပ် အရဖြစ်စေ၊ ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များအရဖြစ်စေ၊ အကျဉ်းထောင်သို့ သွင်းခြင်း သို့မဟုတ် အပြင်သို့ ထုတ်ယူခြင်းမပြုရန် သတ်မှတ်ထားသည့် အရာဝတ္ထုပစ္စည်း တစ်စုံတစ်ရာကိုဆိုသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊

အပိုဒ်ခွဲ (ထ) ကို အပိုဒ်ခွဲ(တ)ဟုအစဉ်ပြောင်းကာ ယင်းတွင်ပါရှိသောစကားရပ်များ အစားထောင်ချမိန့်ဆိုသည်မှာ တရားရုံးတစ်ခုခု သို့မဟုတ် ဥပဒေအရအခွင့်အာဏာ ရရှိသူတစ်ဦးဦးက ထောင်သို့ပို့အပ်သည့်အမိန့်စာကိုဆိုသည်ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ(ဒ) ကို အပိုဒ်ခွဲ(ထ)ဟု အစဉ်ပြောင်းကာ ယင်းတွင်ပါရှိသော စကားရပ်များအစား ချုပ်မိန့်ဆိုသည်မှာ ဥပဒေတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း စွပ်စွဲချက်ဖြင့် စစ်ဆေးနေစဉ်ကာလအတွင်း ချုပ်နှောင်ထားရန် တရားရုံး တစ်ခုခု ကသို့မဟုတ် ဥပဒေအရအခွင့်အာဏာရသူတစ်ဦးဦးက ထောင်သို့ပို့အပ်သည့် အမိန့်စာကို ဆိုသည် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ဓ)ကို အပိုဒ်ခွဲ (ဒ)ဟုအစဉ် ပြောင်းကာယင်းတွင် ပါရှိသော စကားရပ်များအစား လျှော့ရက်ဆိုသည်မှာ အကျဉ်းထောင် စည်းကမ်းများနှင့်အညီလိုက်နာဆောင်ရွက်သော အကျဉ်းသားများကို ၎င်းတို့ကျခံ ရမည့် ပြစ်ဒဏ်ကာလ တိုတောင်းစေရန် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များအရ လျှော့ပေါ့ခံစားခွင့်ပြုသည့် ရက်ကို ဆိုသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(န)ကို အပိုဒ်ခွဲ(ဓ)ဟု အစဉ် ပြောင်းကာ ယင်းတွင်ပါရှိသော အစိုးရက ဆိုသည့် စကားရပ်ကို ပြည်ထောင်စု အစိုးရက ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဖ) ကို အပိုဒ်ခွဲ(ပ) ဟု အစဉ်ပြောင်းကာ ယင်းတွင်ပါရှိသော စကားရပ်များအစား ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

( ခ ) မူလဥပဒေကြမ်း အခန်း(၁)၏အောက်တွင် အခန်း(၂)အဖြစ် အောက်ပါအတိုင်း အသစ် ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အကျဉ်းသားများ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများ ပြုပြင်ပြောင်းလဲ ပေးရန်၊

(ခ) အကျဉ်းသားများ တရားဥပဒေကို လေးစားလိုက်နာတတ်သူများ ဖြစ်လာ စေရန်၊

(ဂ) ပြစ်ဒဏ်မှလွတ်မြောက်ပြီးသောအခါ ဘဝရပ်တည်နိုင်ရေးအတွက် ထိုက်သင့် သော အသက်မွေးမှုပညာရပ်များ တတ်မြောက်သွားခြင်းဖြင့် ထပ်တလဲလဲ ပြစ်မှုကျူးလွန်ခြင်းမရှိစေရန်၊

( ဂ ) လုပ်ငန်းဆောင်ရွက်ရာတွင် စနစ်တကျရှိစေရန်အတွက် မူလဥပဒေကြမ်းအပိုဒ် ၃ ကို အပိုဒ် ၄ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ ယင်းတွင် ဖော်ပြထားသော စကားရပ်များ အစား ဝန်ကြီးဌာနသည် ပြည်ထောင်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အကျဉ်းသား

အရေအတွက် သတ်မှတ်ချက်နှင့် လျော်ညီစွာ ထိန်းသိမ်းထားရှိနိုင်ရန် အကျဉ်းထောင်များကို လိုအပ်သလို တည်ဆောက်ခြင်း၊ ဖျက်သိမ်းခြင်း၊ ရွှေ့ပြောင်းခြင်း အစရှိသည်တို့ကို စီမံဆောင်ရွက်ရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅ ကို အပိုဒ် ၆ အဖြစ်ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ပါရှိသော သတ်မှတ်အကျဉ်းသား အရေအတွက်ထက် ပိုမိုများပြားလာပါက နည်းဥပဒေနှင့်အညီဆိုသည့်စကားရပ်ကို သတ်မှတ်အကျဉ်းသားအရေအတွက်ထက် ပိုမိုများပြားလာပါက ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အညီ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅ ကို အပိုဒ် ၆ အဖြစ် ပြင်ဆင်ပြီး အပိုဒ် ၆ ၏ အောက်တွင် အပိုဒ် ၇ အဖြစ် ညွှန်ကြားရေးမှူးချုပ်သည် အကျဉ်းထောင်များတွင် ဖြစ်ပေါ်လာနိုင်သော လုံခြုံရေးဆိုင်ရာအရေးပေါ်ကိစ္စများတွင် အကျဉ်းထောင်ဝန်ထမ်းအင်အားနှင့် ထိန်းသိမ်းရန် မလုံလောက်သော အခြေအနေမျိုးအတွက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ထံမှ လိုအပ်သော အကူအညီကို ရယူနိုင်ရေးနှင့် လိုအပ်ပါက တပ်မတော်ထံမှ အကူအညီရယူနိုင်ရေးတို့အတွက် စီမံချက်များ ရေးဆွဲတင်ပြရမည်ဟု အသစ်ဖြည့်စွက်၍လည်းကောင်း၊ အပိုဒ် ၆ ကို အပိုဒ် ၈ ဟု ပြောင်းလဲအမှတ်စဉ်ပြီး အပိုဒ်ခွဲ(c)တွင်ဖော်ပြထားသော စကားရပ်များအစား ပြစ်မှုကျူးလွန်သည့် အကျဉ်းသားက မိမိကိုယ်တိုင်ကိုသော် လည်းကောင်း၊ အခြားသူ တစ်ဦး တစ်ယောက်ကိုသော် လည်းကောင်း ဘေးအန္တရာယ်တစ်စုံတစ်ရာပြုနိုင်သည်ဟု ယုံကြည်လောက်သော အကြောင်းရှိက လက်ထိပ် သို့မဟုတ် သံခြေချင်းကို ခတ်ထားစေနိုင်သည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(စ)တွင်ဖော်ပြထားသော အကျဉ်းသားတစ်ဦးဦးက ဥပဒေပါ အခွင့်အရေး တစ်ရပ်ရပ် ဆိုသည် စကားရပ်ကို အကျဉ်းသားတစ်ဦးဦးက ဤဥပဒေနှင့် အခြားဥပဒေများပါ အခွင့်အရေး တစ်ရပ်ရပ် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ(ဆ)တွင်ဖော်ပြထားသော စကားရပ်များအစား အကျဉ်းထောင်တိုင်းတွင် တာဝန်ခံအရာရှိ၊ ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများကို ဖွဲ့စည်းပုံနှင့်အညီ ခန့်ထားတာဝန်ပေးအပ်ရမည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ တာဝန်ခံအရာရှိသည် လုပ်ငန်းဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် မူလဥပဒေကြမ်း အပိုဒ် ၇ ကို အပိုဒ် ၉ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ အောက်ပါအတိုင်းအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၉။ တာဝန်ခံအရာရှိသည် -

(က) လက်အောက်ဝန်ထမ်းများကို ဤဥပဒေနှင့်အညီ အနီးကပ်ကြီးကြပ်အုပ်ချုပ်ပြီး၊ အကျဉ်းထောင်ပြစ်မှုကျူးလွန်သူများအတွက် အရေးယူအပြစ်ပေးခြင်း ကိစ္စများနှင့် အကျဉ်းထောင်နှင့် ပတ်သက်သော လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ ကြီးကြပ်ကွပ်ကဲရေး၊ ဘဏ္ဍာငွေသုံးစွဲရေးအစရှိသည့် ကိစ္စများအတွက် ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့်အညီ စီမံခန့်ခွဲရမည်။

(ခ) အကျဉ်းသားများကို ကျား-မ၊ အသက်အပိုင်းအခြား၊ ရောဂါခံစားနေရသူအမျိုးမျိုး တို့ကို အုပ်စုခွဲ၍ ၎င်းတို့၏ အကျဉ်းထောင်မှတ်တမ်းများ၊ ကိုယ်ရေးမှတ်တမ်းများ၊ မှုခင်းမှတ်တမ်းများအား စနစ်တကျ ပြုစုထိန်းသိမ်းထားရှိရမည်။ အဆိုပါ အုပ်စု ခွဲခြားမှုအရ အလုပ်ခွဲဝေ ချမှတ်ပေးရမည်။

(ဂ) အကျဉ်းထောင်အခြေအနေအရဖြစ်စေ၊ အကျဉ်းသား၏ စရိုက်လက္ခဏာ အရဖြစ်စေ၊ လုံခြုံစွာ ထိန်းသိမ်းထားရှိရန် လိုအပ်သည်ဟု ယူဆရသည့် မည်သည့် အကျဉ်းသား ကိုမဆို သံခြေချင်းခတ်ထားနိုင်သည်။ လိုအပ်ပါက သီးခြားအခန်းတွင် ခွဲထားနိုင် သည်။ သီးခြား အခန်းအတွင်း (၂၄) နာရီထက်ပို၍ ချုပ်နှောင်ထားရှိသော အကျဉ်းသား ၏ ကျန်းမာရေးအခြေအနေကို တစ်နေ့တစ်ကြိမ် စစ်ဆေးကြည့်ရှုရမည်။

(ဃ) အလုပ်မဲ့ထောင်ဒဏ်ကျ အကျဉ်းသားများကို ၎င်းတို့က ဆန္ဒပြုလာပါက သင့်လျော် သည့် အလုပ်လုပ်ကိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်။

(င) အကျဉ်းထောင် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စများတွင် အကျဉ်းထောင် ဝန်ထမ်းအား အကူအညီပေးရန် သတ်မှတ်ချက်များနှင့် ကိုက်ညီသော အကျဉ်းသား များကို စနစ်တကျ စိစစ်တာဝန်ပေးနိုင်သည်။

(စ) ပုဒ်မ ၅၁ ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သော အကျဉ်းသားအား ဟန့်တားခြင်း၊ ရပ်တန့်ရန် အမိန့်ပေးခြင်း၊ လက်နက် သို့မဟုတ် သေနတ်ဖြင့် မပစ်ခတ်မီ သတိပေး ခြင်းများ ပြုလုပ်သော်လည်း လိုက်နာခြင်းမရှိပါက တာဝန်ခံအရာရှိသည် ၎င်း အကျဉ်းသားအား လက်နက် သို့မဟုတ် သေနတ်ကို အသုံးပြု၍ ဖမ်းဆီးနိုင်သည်။ ထိုသို့ လက်နက် သို့မဟုတ် သေနတ်ကို အသုံးပြုရာတွင် -

(၁) အကျဉ်းသားထွက်ပြေးခြင်းမှ ဟန့်တားရန်အတွက် အခြားနည်းလမ်း မရှိတော့ဟု ယုံကြည်ရန် လုံလောက်သော အကြောင်းရှိခြင်း၊

(၂) ဆူပူအုံကြွခြင်း၊ ထကြွသောင်းကျန်းခြင်း၊ အကျဉ်းထောင် အဆောက်အအုံ နှင့် ပစ္စည်းများကို လူစုလူဝေးဖြင့် ဖျက်ဆီးခြင်း၊ မီးရှို့ခြင်းတို့ပြုလုပ်သော အကျဉ်းသားများ၏ ပြုမူဆောင်ရွက်မှုများကို ထိန်းချုပ်ရန်သာ ရည်ရွယ် ဆောင်ရွက်ခြင်း၊

(၃) ပုဒ်မခွဲငယ်(၂)ပါ အကြမ်းဖက်မှုပြုလုပ်သူကို မဟန့်တားပါက အပြုခံရသူ သည် အသက်ဘေးအန္တရာယ်ဖြစ်ပေါ်နိုင်ခြင်း၊ ကိုယ်အင်္ဂါ ချို့ယွင်းထိခိုက်နိုင်ခြင်း၊ အပြင်းအထန် ထိခိုက်နာကျင်စေနိုင်ခြင်းတို့ ဖြစ်ပေါ်မည်ဟု ယုံကြည်ရန် အကြောင်းရှိခြင်း- တည်းဟူသော အခြေအနေမျိုးတွင်သာ အသုံးပြုရမည်။

(ဃ) မူလဥပဒေကြမ်း အပိုဒ် ၇ ကို အပိုဒ် ၉ ဟုပြင်ဆင်ပြီး အပိုဒ် ၉ ၏အောက်တွင် အပိုဒ် ၁၀ အဖြစ် တာဝန်ခံအရာရှိသည် ပုဒ်မ ၅၁ ပါ ပြစ်မှုတစ်ခုခုကို တားဆီးကာကွယ်ရန် အလို့ငှာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တပ်မတော်ထံသို့ အကူ အညီတောင်းခံရမည်။ ထိုသို့ တောင်းခံထားကြောင်းကိုလည်း ညွှန်ကြားရေးမှူးချုပ်ထံ

ဆောလျင်စွာ တင်ပြရမည် ဟု အသစ်ဖြည့်စွက်၍လည်းကောင်း၊ အပိုဒ် ၈ ကို အပိုဒ် ၁၁ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ခံအရာရှိတို့သည် ပြစ်ဒဏ်ကျ အကျဉ်းသားများ အတွက် လျှော့ရက်ကို ဤဥပဒေအရပြုသော နည်းဥပဒေများနှင့်အညီ ခွင့်ပြုပေး နိုင်သည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၉ ကို အပိုဒ် ၁၂ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ ယင်းတွင်ဖော်ပြထားသော အကြင်နာမဲ့စွာ ရက်စက်ခြင်းနှင့် လူမဆန်စွာ ဆိုသည့်စကားရပ်ကို ရက်စက်ကြမ်းကြုတ်စွာ သို့မဟုတ် လူမဆန်စွာ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၀ ကို အပိုဒ် ၁၃ ဟု ပြောင်းလဲ အမှတ်စဉ်၍ ယင်းတွင် ဖော်ပြထားသော အကျဉ်းသားများ၏ ကျန်းမာရေးကိစ္စများ ကို ဆိုသည့်စကားရပ်ကို အကျဉ်းသားများ၏ ကျန်းမာရေးဆိုင်ရာကိစ္စများကို ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၁ ကို အပိုဒ် ၁၄၊ အပိုဒ်ခွဲ(က)အဖြစ်လည်း ကောင်း၊ အပိုဒ် ၁၃ ကို အပိုဒ် ၁၄၊ အပိုဒ်ခွဲ(ခ)အဖြစ် လည်းကောင်း၊ အပိုဒ် ၁၄ ကို အပိုဒ် ၁၄၊ အပိုဒ်ခွဲ(ဂ) အဖြစ်လည်းကောင်း ပြောင်းလဲအမှတ်စဉ်၍ အောက်ပါအတိုင်း ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၁၄။ အကျဉ်းဦးစီးဌာနသည်-

(က) အကျဉ်းသားများ နောင်ထပ်မံ၍ ပြစ်မှုကျူးလွန်လိုစိတ်ပပျောက်ပြီး လူကောင်းသူကောင်း အဖြစ် လူမှုပတ်ဝန်းကျင်တွင် ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် ရည်မှန်းချက်ထားပြီး ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအတွက် စီစဉ်ဆောင်ရွက်ရ မည်။

(ခ) ပြည်တွင်းပြည်ပ ဗဟုသုတများ ရရှိစေရေးအတွက် အကျဉ်းထောင်များတွင် စာကြည့်တိုက်ဖွင့်လှစ်၍ စာပေဖတ်ရှုနိုင်ရန် စီမံထားရှိပေးရမည်။

(ဂ) ပညာတစ်ပိုင်းတစ်စဖြစ်နေသော အကျဉ်းသားများ၊ ပညာဆက်လက်ဆည်းပူးခွင့်ရရှိရန် နှင့် စာမတတ်သူ အကျဉ်းသားများကို စာတတ်မြောက်ရေးအတွက် စီမံဆောင်ရွက် ပေးရမည်။

(င) မူလဥပဒေကြမ်းအပိုဒ် ၁၅ နှင့် အပိုဒ် ၁၆ ကို အပိုဒ် ၁၅ အဖြစ် ပြောင်းလဲ အမှတ်စဉ်၍ ယင်းတွင်ပါရှိသော စကားရပ်များအစား အကျဉ်းထောင်တွင် အကျဉ်းသားများ ကျန်းမာပျော်ရွှင်စေရေးအတွက် သင့်လျော်သည့် အားကစား ကွင်းနှင့် အားကစားပစ္စည်းများ ထားရှိပေးခြင်း၊ ဖျော်ဖြေခြင်း၊ ပြန်ကြားခြင်းနှင့် ပညာပေးခြင်းစသည်များကို စီမံဆောင်ရွက်ပေးရမည် ဆိုသည့်စကားရပ်ဖြင့် လည်း ကောင်း၊ အပိုဒ် ၁၈ ကို အပိုဒ် ၁၇ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား အကျဉ်းဦးစီးဌာနသည် အကျဉ်းသားများ၏ လုပ်အားဖြင့် ကုန်ထုတ်လုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် လုံလောက်သော ကုသမှုရရှိစေရန်အတွက် အပိုဒ် ၁၉ ကို အပိုဒ် ၁၈ အဖြစ် ပြောင်းလဲအမှတ်စဉ်၍

ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား အကျဉ်းဦးစီးဌာနသည် အကျဉ်းသားများကို ကျန်းမာရေးစောင့်ရှောက်ရန် အကျဉ်းထောင်များတွင် ဆေးရုံ သို့မဟုတ် ဆေးပေးခန်းများ ဖွင့်လှစ်ပြီး ဆေးဝါးအလုံအလောက် ထားရှိပေးရမည့်အပြင် လိုအပ်ပါက အထူးကုဆရာဝန်များဖြင့် ကုသနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၀ ကို အပိုဒ် ၁၉ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား အကျဉ်းဦးစီးဌာနသည် အကျဉ်းထောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် လိုအပ်သော ကျန်းမာရေးဝန်ထမ်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းတာဝန်ပေးအပ်၍ဖြစ်စေ၊ ဝန်ကြီးဌာနမှ တိုက်ရိုက်ခန့်ထားခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်နိုင်သည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(စ) အကျဉ်းသားများ လက်ခံရာတွင် စနစ်တကျ စီမံဆောင်ရွက်နိုင်ရန်အတွက် မူလဥပဒေကြမ်း အပိုဒ် ၂၂ ကို အပိုဒ် ၂၀ အဖြစ်ပြောင်းလဲအမှတ်စဉ်၍ အပိုဒ် ၂၀၊ အပိုဒ်ခွဲ (က)နှင့် အပိုဒ်ခွဲ (ခ)ကို အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၂၀။ တာဝန်ခံအရာရှိသည် -

(က) အကျဉ်းသားတစ်ဦးကို ထောင်ချမိန့် သို့မဟုတ် ချုပ်မိန့် သို့မဟုတ် စာချွန်တော်အမိန့်မပါရှိဘဲ လာရောက်ပို့အပ်ပါက လက်ခံခြင်းမပြုရ၊

(ခ) အကျဉ်းသားတစ်ဦးကို လာရောက်ပို့အပ်သည်နှင့် တစ်ပြိုင်နက် ထောင်ချမိန့် သို့မဟုတ် ချုပ်မိန့် သို့မဟုတ် စာချွန်တော်အမိန့်ပါ အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးရမည့်အပြင် ထိခိုက်ဒဏ်ရာများပါရှိပါက ထောင်ချမိန့် သို့မဟုတ် ချုပ်မိန့် သို့မဟုတ် စာချွန်တော်အမိန့်၏ ကျောဘက်တွင် မှတ်တမ်းတင်ထားရှိရမည်။

(ဆ) မူလဥပဒေကြမ်း အပိုဒ် ၂၂ကို အပိုဒ် ၂၀ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ အပိုဒ် ၆၅ ကို အပိုဒ် ၂၀၊ အပိုဒ်ခွဲ(ဂ)အဖြစ်လည်းကောင်း၊ အပိုဒ်ခွဲ(က)ကို အပိုဒ်ခွဲ(ဃ)အဖြစ် အစဉ် ပြောင်းကာ ယင်းတွင်ပါရှိသော စကားရပ်များအစား အကျဉ်းသားတစ်ဦးကို သတ်မှတ်ချိန်အတွင်း အကျဉ်းထောင်အတွင်းသို့ အဝင်အထွက်ပြုသည့်အခါတွင် တာဝန်ကျဝန်ထမ်းက ရှာဖွေစစ်ဆေးရမည်။ တားမြစ်ပိတ်ပင်ထားသော ပစ္စည်းတစ်စုံတစ်ရာနှင့် လက်နက်များတွေ့ရှိက သိမ်းဆည်းရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ခ)ကို အပိုဒ်ခွဲ (င) အဖြစ် အစဉ်ပြောင်းကာ ယင်းတွင်ပါရှိသော စကားရပ်များအစား အကျဉ်းသားနှင့် အတူပါရှိလာသော ငွေးပိုင်ငွေကြေး သို့မဟုတ် အခြားပစ္စည်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာ တရားရုံးက အမိန့်တစ်စုံတစ်ရာ ချမှတ်ထားခြင်းမရှိသည့်အပြင် အကျဉ်းသားက အကျဉ်းထောင်သို့ ယူဆောင်လာခြင်းသည် အခွင့်အာဏာနှင့်အညီဖြစ်လျှင် သို့မဟုတ် အကျဉ်းသားများ အသုံးပြုရန်အတွက် အကျဉ်းထောင်သို့ ပေးပို့ခြင်းဖြစ်လျှင် သက်ဆိုင်ရာ အကျဉ်းထောင်အရာရှိက တာဝန်ယူထိန်းသိမ်းပေးစေရမည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ (ဃ) ကို အပိုဒ်ခွဲ

(ဆ)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အပိုဒ်ခွဲ (ဆ) အောက်တွင် အပိုဒ်ခွဲ (ဇ)အဖြစ် အစဉ်ပြောင်းကာ စိတ်ကျန်းမာရေး ချို့ယွင်းနေသူများနှင့် အသက် (၁၆) နှစ် မပြည့်သေးသော ကလေးသူငယ်များကို အကျဉ်းသားအဖြစ် လက်ခံခြင်းမပြုရဟု လည်းကောင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဇ) မူလဥပဒေကြမ်း အပိုဒ် ၂၃ ကို အပိုဒ် ၂၁ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ စကားလုံး အထားအသို မှန်ကန်မှုရှိစေရန်အတွက် အကျဉ်းသားတစ်ဦး သေဆုံးသည့်အခါ တာဝန်ခံအရာရှိသည် ဆိုသည့် စကားရပ်ကို တာဝန်ခံအရာရှိသည် အကျဉ်းသား တစ်ဦး သေဆုံးသည့်အခါ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၄ ကို အပိုဒ် ၂၂ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ အပိုဒ် ၂၂ ခေါင်းစဉ်အဖြစ် အကျဉ်းဦးစီးဌာနသည် - ဟု အသစ်ဖြည့်စွက်၍လည်းကောင်း၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော စကားရပ်များအစား အမျိုးသားအကျဉ်းသားများသာမက အမျိုးသမီးအကျဉ်းသားများပါ လက်ခံထိန်းသိမ်းထားရှိသည့် အကျဉ်းထောင်တစ်ခုတွင် အမျိုးသမီးအကျဉ်းသားများအား အမျိုးသားအကျဉ်းသားများနှင့် မြင်တွေ့ခြင်း၊ စကားပြောဆိုခြင်းနှင့် အဆက်အသွယ်ပြုလုပ်ခြင်းများ လုံးဝမပြုလုပ်နိုင်ရန်အလို့ငှာ သီးခြားအဆောက်အအုံတွင်သော်လည်းကောင်း၊ အဆောက်အအုံတစ်ခုတည်း၌ဖြစ်ပါက ယင်းအဆောက်အအုံ၏ သီးခြားအစိတ်အပိုင်းတွင် သော်လည်းကောင်း ခွဲခြားထားရှိရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ဃ)ကို အပိုဒ်ခွဲ (ဂ) အဖြစ် အစဉ်ပြောင်းကာ ယင်းတွင် ဖော်ပြထားသော စကားရပ် များအစား အချုပ်အကျဉ်းသားများ၊ ပြစ်ဒဏ်ကျ အကျဉ်းသားများနှင့် တရားမအကျဉ်း သားများကို ခွဲခြားထားရှိရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(စ)ကို အပိုဒ်ခွဲ(ဃ)အဖြစ် အစဉ်ပြောင်းကာ အပိုဒ်ခွဲ(ဃ)၏အောက်တွင် အပိုဒ်ခွဲ(င)အဖြစ် အကျဉ်းသား အမျိုးအစားနှင့် လိုအပ်ချက်အရ ခွဲခြားထားရှိနိုင်ရန် လိုအပ်သလို စီမံဆောင်ရွက်ရမည် ဟု အသစ်ဖြည့်စွက်၍လည်းကောင်း၊ အပိုဒ် ၂၆ ကို အပိုဒ် ၂၄ အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင်ပါရှိသော စကားရပ်များအစား မည်သည့် အကျဉ်းသားကိုမျှ သက်ဆိုင်ရာ ဝန်ထမ်းနှင့် ဆက်သွယ်နိုင်ရန် စီစဉ်ထားခြင်းမရှိသော သီးခြားအခန်းတွင် ချုပ်နှောင် မထားရ။ သီးခြားအခန်းတွင် ထားရှိမည့် အကျဉ်းသားသည် ဝန်ထမ်း၏ အနီးကပ်စောင့်ကြည့် ကြပ်မတ်မှုကို ရရှိရမည် ဆိုသည့်စကားရပ်ဖြင့် လည်း ကောင်း၊ အပိုဒ် ၂၈ ကို အပိုဒ် ၂၆ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ အပိုဒ်ခွဲ (ဃ)တွင်ပါရှိသော ဆေးဝါးကုသမှုခံယူရန် ဆိုသည့် စကားရပ်ကို ဆေးဝါးကုသမှု ဆက်လက် ခံယူရန် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၉ ကို အပိုဒ် ၂၇ ဟု ပြောင်းလဲ အမှတ်စဉ်ပြီး အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော စကားရပ်များအစား အကျဉ်းသား တစ်ဦးဦးကို တရားရုံး သို့မဟုတ် ဥပဒေအရ အခွင့်အာဏာရသူ တစ်ဦးထံသို့ တင်ပို့စေရန် အမိန့်ရရှိလာပါက ဥပဒေနှင့်အညီ တာဝန်ခံအရာရှိက စိစစ်၍ ထုတ်ပေးရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၀ အစုခေါင်းစဉ်တွင် ဖော်ပြထား သော အကျဉ်းသားများနှင့် တွေ့ဆုံခြင်း ဆိုသည့် စကားရပ်ကို အကျဉ်းသားများနှင့်

တွေ့ဆုံခွင့်ပြုခြင်း ဆိုသည့် စကားရပ်ဟု ပြင်ဆင်ပြီး အပိုဒ် ၂၈ အစုခေါင်းစဉ်အဖြစ် လည်းကောင်း၊ အပိုဒ် ၃၁ ကို အပိုဒ် ၂၉ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ အပိုဒ်ခွဲ (က) တွင်ပါရှိသော မည်သူကိုမဆို ဆိုသည့် စကားရပ်ကို မည်သူ့ကိုမဆို ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ခ) တွင်ပါရှိသော မည်သူ့ကိုမဆို ထိုသို့တွေ့ဆုံ ခွင့်ကိုဆိုသည့် စကားရပ်ကို မည်သူ့ကိုမဆို တွေ့ဆုံခွင့်ကို ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဈ) မူလ ဥပဒေကြမ်း အပိုဒ် ၃၂ ကို အပိုဒ် ၃၀ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား တာဝန်ခံအရာရှိသည် လုံခြုံရေး၊ တည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေနိုင်သည်ဟု ယူဆသော မည် သည့် ထောင်ဝင်စာဧည့်သည်ကိုမျှ တွေ့ဆုံခွင့်မပြုရ ဆိုသည့် စကားရပ်ဖြင့်လည်း ကောင်း၊ အပိုဒ် ၃၄ ကို အပိုဒ် ၃၂ ဟု ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထား သော စကားရပ်များအစား ဤဥပဒေနှင့် ဤဥပဒေအရပြုသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများပါ ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိလျှင် အကျဉ်းသားများနှင့် ယင်းတို့၏ ရှေ့နေများ အမှုကိစ္စဆွေးနွေးရာ၌ သတ်မှတ်နေရာတွင် တွေ့ဆုံ ခွင့်ပြုနိုင်သည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၅ ကို အပိုဒ် ၃၃ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး တင်ပြလာပါက စိစစ်ခွင့်ပြုနိုင်သည် ဆိုသည့် စကားရပ်ကို တင်ပြလာသည့်အခါ ညွှန်ကြားရေးမှူးချုပ် က စိစစ်ခွင့်ပြုနိုင်သည် ဆိုသည့် စကားရပ် ဖြင့်လည်းကောင်း၊ အပိုဒ် ၃၆ ကို အပိုဒ် ၃၄ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အပိုဒ်ခွဲ (ခ)တွင်ပါရှိသော မကြာခဏ ဆိုသည့် စကားရပ်ကို အခါအားလျော်စွာ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄၀ ကို အပိုဒ် ၃၈ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော အဝတ်အထည်ပစ္စည်း မည်သည့် အစိတ်အပိုင်းကိုမျှ ဆိုသည့် စကားရပ်ကို အဝတ်အထည်ပစ္စည်းများကို ဆိုသည့် စကားရပ်ဖြင့်လည်း ကောင်း၊ အပိုဒ် ၄၁ ကို အပိုဒ် ၃၉ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အပိုဒ်ခွဲ (က) တွင် ဖော်ပြထားသော စကားရပ်များအစား မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန် မတတ်နိုင် သည့် အချုပ်အကျဉ်းသားများအတွက် ဆောင်ရွက်ပေးရမည် ဆိုသည့် စကားရပ် ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ခ)တွင်ဖော်ပြထားသော စကားရပ်များအစား တရားရုံး၏ ဒီဂရီအမိန့်ကို အတည်ပြုရန် ပုဂ္ဂလိကဆိုင်ရာ တရားမအကျဉ်းသားအား အကျဉ်း ထောင်သို့ ပို့အပ်လက်ခံရရှိပြီးနောက် အကျဉ်းသားအား ထုတ်ပေးရသည့် အဝတ် အထည်၊ အိပ်ရာပစ္စည်းများနှင့် အစားအစာများ၏ တန်ဖိုးကို ပေးချေရန် တောင်းဆို သည်ကို အနိုင်ဒီဂရီရသူ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်သည် ငွေတောင်းခံလွှာ ရသည့် အချိန်မှစ၍ (၄၈) နာရီအတွင်း တာဝန်ခံအရာရှိထံ ပေးသွင်းရမည်ဖြစ်ပြီး ပျက်ကွက်ပါက ယင်းအကျဉ်းသားကို လွှတ်ပေးရမည် ဆိုသည့် စကားရပ်ဖြင့်လည်း ကောင်း အသီးသီး အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ည) ဥပဒေရေးထုံးမှန်ကန်မှု ရှိစေရန်အတွက် အပိုဒ် ၄၂ ကို အပိုဒ် ၄၀ အဖြစ် ပြောင်းလဲ အမှတ်စဉ်၍ အပိုဒ်ခွဲ (က)တွင် ဖော်ပြထားသော ဥပဒေနှင့် နည်းဥပဒေများအရ

ဆိုသည့် စကားရပ်ကို ဤဥပဒေနှင့် ဤဥပဒေအရပြုသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများအရ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အခန်း (၄) ခေါင်းစဉ်ကို အခန်း (၅) ခေါင်းစဉ်အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော အကျဉ်းထောင်ပြစ်မှုများ ဆိုသည့်စကားရပ်ကို အကျဉ်းထောင်ပြစ်မှုနှင့် ပြစ်ဒဏ်များဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄၃ ကို အပိုဒ် ၄၁ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အပိုဒ်ခွဲ (က) တွင်ဖော်ပြထားသော ဤဥပဒေနှင့် ဤဥပဒေအရ ပြဋ္ဌာန်းထားသော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ဆိုသည့် စကားရပ်ကို ဤဥပဒေ နှင့် ဤဥပဒေအရပြုသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ဂ) တွင်ဖော်ပြထားသော စကားရပ်များ အစား သူတစ်ပါးအား ထိခိုက်နာကျင်အောင် ပြုလုပ်ခြင်း သို့မဟုတ် ရာဇဝတ်မကင်းသော အင်အားအသုံးပြုခြင်း၊ ထိုသို့ ပြုလုပ်ရန်ကြံစည်ခြင်း၊ အားပေးကူညီခြင်း ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ (စ) တွင်ပါရှိသော မလုပ်ကိုင်နိုင်ရန် ဆိုသည့် စကားရပ်ကို လုပ်ကိုင်ခြင်းမပြုနိုင်ရန်အလို့ငှာ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ (ဇ) တွင်ပါရှိသော တာဝန်ခံအရာရှိ၏ အမိန့်မရရှိဘဲ သံခြေချင်းများ၊ လက်ထိပ်များ ဆိုသည့် စကားရပ်ကို သံခြေချင်းများ၊ လက်ထိပ်များ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ဈ) တွင်ပါရှိသော တရားမဲ့ ပျင်းရိခြင်း၊ ပေါ့လျော့ခြင်း၊ လွဲမှားစွာ စီမံဆောင်ရွက်ခြင်း ဆိုသည့် စကားရပ်ကို အကြောင်းမဲ့ ပျင်းရိခြင်း၊ ပေါ့လျော့ခြင်း၊ လွဲမှားစွာ ဆောင်ရွက်ခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ဋ) တွင် ဖော်ပြထားသော ခွင့်ပြုချက်မရှိဘဲ ပြုပြင်ပြောင်းလဲခြင်း နှင့် ဖျက်ဆီးခြင်းဆိုသည့် စကားရပ်ကို ခွင့်ပြုချက်မရှိဘဲ ကြည့်ရှုခြင်း၊ ပြုပြင်ပြောင်းလဲခြင်းနှင့် ဖျက်ဆီးခြင်း ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ (ဌ)တွင် ဖော်ပြ ထားသော စကားရပ်များအစား ကျန်းမာရေးမကောင်းဟန်ဆောင်ခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ဎ)တွင် ဖော်ပြထားသော စကားရပ်များအစား ကျန်းမာရေးအကြောင်းကြောင့် မှတစ်ပါး အစားအသောက်ကို စားသောက်ရန် ငြင်းဆန်ခြင်း ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ(ဏ)တွင်ဖော်ပြထားသော အောက်ဖော်ပြပါပြစ်မှုများကို ဖြစ်စေ ဆိုသည့် စကားရပ်ကို အထက်ဖော်ပြပါ ပြစ်မှုတစ်ရပ်ရပ်ကိုဖြစ်စေ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဏ)၏အောက်တွင် အပိုဒ်ခွဲ(တ)အဖြစ် အကျဉ်းထောင် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များတွင် အကျဉ်းထောင်ဝန်ထမ်းအား အကူအညီပေးရန် ပုဒ်မ ၉၊ ပုဒ်မခွဲ(င) အရ တာဝန်ပေးထားသော အကျဉ်းသားများက အကျဉ်းသားအချင်းချင်းအပေါ် အနိုင်ကျင့်ခြင်း၊ အခွင့်အရေးယူခြင်း ဟု အသစ်ဖြည့်စွက်၍လည်းကောင်း အသီးသီးအစားထိုးသင့် ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဋ) မူလဥပဒေကြမ်း အပိုဒ် ၄၄ ကို အပိုဒ် ၄၂ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၃) တွင်ပါရှိသော အလုပ်ခိုင်းစေခြင်း ဆိုသည့် စကားရပ်ကို

အလုပ်ချထားခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅၉ ကို အပိုဒ် ၄၃ အဖြစ် ပြောင်းလဲအမှတ်စဥ်၍ ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား တာဝန်ခံအရာရှိသည် ပုဒ်မ ၄၁ ပါ အကျဥ်းထောင်ပြစ်မှုတစ်ရပ်ရပ်ကို နည်းမျိုးစုံဖြင့် မကြာခဏ ကျူးလွန်သော အကျဥ်းသားအား မိမိချမှတ်သည့် ပြစ်ဒဏ်ဖြင့် လုံလောက်ခြင်းမရှိဟု သုံးသပ်ရရှိပါက ရာဇဝတ်ကြောင်းအရ အရေးယူရန် ဆောင်ရွက်ရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄၅ နှင့် အပိုဒ် ၄၆ တို့ကို အပိုဒ် ၄၄ နှင့် အပိုဒ် ၄၅ အဖြစ် ပြောင်းလဲအမှတ်စဥ်၍ ယင်းအပိုဒ်တို့တွင် ဖော်ပြထားသော မည်သူမဆို ဥပဒေအရ တားမြစ်ပိတ်ပင်ထားသော မည်သည့် အရာဝတ္ထုပစ္စည်းကိုမဆို ဆိုသည့် စကားရပ်ကို မည်သူမဆို တားမြစ်ပိတ်ပင်ထားသော ပစ္စည်းတစ်ခုခုကို ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄၈ ကို အပိုဒ် ၄၇ အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး ယင်းတွင် ဖော်ပြထားသော ပုဒ်မ ၄၅၊ ၄၆၊ နှင့် ၄၇ ပါ ပြဋ္ဌာန်းချက်များအား ဆိုသည့် စကားရပ်ကို ပုဒ်မ ၄၄၊ ၄၅၊ နှင့် ၄၆ တို့ပါ ပြဋ္ဌာန်းချက်များကို ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅၀ကို အပိုဒ် ၄၈ ဟု ပြင်ဆင်ပြီး အပိုဒ် ၄၈ ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များအစား မည်သည့် အကျဥ်းထောင်ဝန်ထမ်းမဆို အောက်ဖော်ပြပါ ပြစ်မှုများကို မကျူးလွန်ရ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ခ) တွင်ပါရှိသော စကားရပ်များအစား ဤဥပဒေအရပြုသော နည်းဥပဒေများ၊ စည်းမျဥ်း စည်းကမ်းများကို သိလျက်နှင့် တမင်ချိုးဖောက်ခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅၂ကို အပိုဒ် ၅၀ အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား မည်သည့် အကျဥ်းထောင်ဝန်ထမ်းမဆို သို့မဟုတ် ၎င်းနှင့်ဆက်စပ်သည့် မည်သည့်ပုဂ္ဂိုလ်မဆို အကျဥ်းထောင်အတွင်းသို့ ပစ္စည်းများပေးသွင်းသော ကိုယ်စားလှယ်များနှင့်ဖြစ်စေ၊ အခြားသူတစ်ဦးဦးနှင့်ဖြစ်စေ၊ မိမိအတွက်သော်လည်းကောင်း၊ အခြားသူအတွက်သော်လည်းကောင်း၊ ငွေကြေးအကျိုးစီးပွားအတွက် အကျိုးအမြတ် တစ်စုံတစ်ရာရရှိစေရန် ဆောင်ရွက်ခြင်းမပြုလုပ်ရ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄၉ ကို အပိုဒ် ၅၁ အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး ယင်းတွင်ပါရှိသော စကားရပ်များအစား မည်သည့် အကျဥ်းသားမျှ ထွက်ပြေးခြင်း၊ ဆူပူအုံကြွခြင်း၊ ထကြွသောင်းကျန်းခြင်း၊ အကျဥ်းထောင် အဆောက်အအုံနှင့် ပစ္စည်းများကို လူစုလူဝေးဖြင့် ဖျက်ဆီးခြင်း၊ မီးရှို့ခြင်း၊ အကြမ်းဖက်ခြင်း၊ ယင်းပြစ်မှုများကို ကျူးလွန်ရန် ကြံစည်ခြင်း၊ ကြိုးပမ်းအားထုတ်ခြင်း၊ အားပေးကူညီခြင်း မပြုလုပ်ရ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ ရှိရပါသည်။

(၄) ဥပဒေရေးထုံးညီညွတ်မှုရှိစေရန်အတွက် မူလဥပဒေကြမ်းတွင်ပါရှိသော ထိုသူအား ဆိုသည့်စကားရပ်ကို ထိုသူကို ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ဆိုသည့်စကားရပ်ကို ဒဏ်နှစ်ရပ်လုံးဖြစ်စေ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅၃ ကို အပိုဒ် ၅၂ အဖြစ် ပြောင်းလဲအမှတ်စဥ်၍ ယင်းတွင်ဖော်ပြ

ထားသော ပုဒ်မ ၄၃ ပါ ပြစ်မှုများကို နည်းမျိုးစုံဖြင့် ဆိုသည့် စကားရပ်ကို ပုဒ်မ ၄၁ ပါ အကျဉ်းထောင်ပြစ်မှု တစ်ရပ်ရပ်ကို ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅၄ ကို အပိုဒ် ၅၃ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ ယင်းတွင်ဖော်ပြထားသော မည်သူမဆို ပုဒ်မ ၄၅၊ ၄၆၊ ၄၇ နှင့် ၄၈ ပါ ပြစ်မှုများအား ဆိုသည့်စကားရပ်ကို မည်သူမဆို ပုဒ်မ ၄၄၊ ၄၅ နှင့် ၄၆ တို့ပါ ပြစ်မှုတစ်ရပ်ရပ်ကို ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅၇ ကို အပိုဒ် ၅၄ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ ပုဒ်မ ၅၁ နှင့် ၅၂ ပါ ပြစ်မှုများအား ဆိုသည့် စကားရပ်ကို ပုဒ်မ ၄၇၊ ၄၉ နှင့် ၅၀ တို့ပါ ပြစ်မှုတစ်ရပ်ရပ်ကို ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅၆ ကို အပိုဒ် ၅၅ အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင်ပါရှိသော ပုဒ်မ ၅၀ ပါ ပြစ်မှုများအား ဆိုသည့် စကားရပ်ကို ပုဒ်မ ၄၈ ပါ ပြစ်မှုတစ်ရပ်ရပ်ကို ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

( ၃ ) အရေးအသား ဆီလျော်ညီညွတ်မှုရှိစေရန်အတွက် အပိုဒ် ၅၈ ကို အပိုဒ် ၅၇ ဟု ပြင်ဆင်ပြီး အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၅၇။ အကျဉ်းထောင်အရာရှိတစ်ဦးဦး၏မျက်မှောက်တွင် ပုဒ်မ ၄၄၊ ၄၅ နှင့်၄၆ တို့ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူ မည်သူကိုမဆို၊ ထို့အပြင် ကျူးလွန်သူနှင့် ပတ်သက်နေသော မည်သူကိုမဆို ယင်း၏အမည်၊ နေရပ်လိပ်စာကို ယင်း အကျဉ်းထောင်အရာရှိက မေးမြန်းသည်ကို ဖြေကြားရန် ငြင်းဆိုလျှင် သို့မဟုတ် ယင်း၏အမည်နှင့် နေရပ်လိပ်စာကို လိမ်လည်ပြောဆိုသည်ဟု သိရှိရလျှင် သို့မဟုတ် မမှန်မကန် ပြောဆိုသည်ဟု ယုံကြည်လောက်သော အကြောင်းရှိလျှင် ယင်းအား အကျဉ်းထောင်အရာရှိက ဝရမ်းမပါဘဲ ဖမ်းဆီးခြင်း သို့မဟုတ် ဖမ်းဆီးစေခြင်း ပြုနိုင်သည်။ ထိုသို့ ဖမ်းဆီး၍ စစ်ဆေးပြီး လိုအပ်လျှင် ရဲအရာရှိ တစ်ဦးဦးထံ ဆောလျင်စွာ လွှဲအပ်ရမည်။ ထိုရဲအရာရှိသည် ယင်းကိစ္စကို မိမိမျက်မှောက်တွင် ဖြစ်ပွားသကဲ့သို့ မှတ်ယူ၍ ဆက်လက် အရေးယူဆောင်ရွက်ရမည်။

( ၁ ) အကျဉ်းသားတစ်ဦးကို တရားဥပဒေနှင့်အညီ ထားရှိနိုင်ရန်အတွက် မူလဥပဒေကြမ်း အပိုဒ် ၅၈ ကို အပိုဒ် ၅၇ ဟု ပြင်ဆင်ပြီး အပိုဒ် ၅၇ ၏အောက်တွင် အပိုဒ် ၅၈ အဖြစ် တာဝန်ခံအရာရှိသည် ပုဒ်မ ၄၄၊ ၄၅၊ ၄၆ နှင့် ၅၃ တို့ပါ ပြဋ္ဌာန်းချက်များကို အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့်ရေးသားပြီး အကျဉ်းထောင်အုတ်ရိုးပြင်ပ အများပြည်သူ မြင်တွေ့ နိုင်သောနေရာတွင် စိုက်ထူထားရှိရမည် ဟု အသစ်ဖြည့်စွက်၍ လည်းကောင်း၊ အပိုဒ် ၆၀ ကို အပိုဒ် ၅၉ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ ဥပဒေနှင့်အညီ ထိန်းသိမ်းမှု အောက်၌ စေခိုင်းသော အခါတွင်သော်လည်းကောင်း၊ ဖြစ်ပွားသည့် ကိစ္စအဝဝတို့ သည် ယင်းအကျဉ်းသား အကျဉ်းထောင်အတွင်းရှိနေစဉ် ဆိုသည့်စကားရပ်ကို ဥပဒေနှင့်အညီ ထိန်းသိမ်းမှုအောက်၌ရှိသော အခါတွင်သော်လည်းကောင်း၊ ဖြစ်ပွား

သည့်ကိစ္စ အဝဝတို့သည် ထိုအကျဉ်းသား အကျဉ်းထောင်အတွင်းရှိနေစဉ် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ဥပဒေအရေးအသား ညီညွတ်မှုရှိစေရန်အတွက် အပိုဒ် ၆၂ ကို အပိုဒ် ၆၁ ဟု ပြောင်းလဲအမှတ်စဉ်၍ ယင်းတွင်ဖော်ပြထားသော စကားရပ်များ အစား ဤဥပဒေနှင့် ဤဥပဒေအရပြုသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း များပါ အပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သဘောရိုးဖြင့် အကောင် အထည်ဖော် ဆောင်ရွက်သော အကျဉ်းထောင်ဝန်ထမ်းများ အပါအဝင် ပြည်သူ့ ဝန်ထမ်းများအား ရာဇဝတ်ကြောင်း အရဖြစ်စေ၊ တရားမကြောင်း အရဖြစ်စေ တရားစွဲ ဆိုခွင့် မရှိစေရ ဆိုသည့်စကားရပ် ဖြင့်လည်းကောင်း၊ အပိုဒ် ၆၃ ကို အပိုဒ် ၆၂ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား အကျဉ်းထောင် က အသုံးပြုခွင့်ရရှိထားသော မြေများ၊ စီမံခန့်ခွဲသော မြေများနှင့် ကုန်ထုတ်လုပ်ရာ နေရာများသည် တားမြစ်ကန့်သတ် နယ်မြေများ ဖြစ်စေရမည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၆၄ ကို အပိုဒ် ၆၃ အဖြစ် ပြောင်းလဲအမှတ်စဉ်၍ ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား အကျဉ်းထောင်နှင့် အကျဉ်းထောင်လုပ်ငန်း များအတွက် ဝင်ငွေခွန်နှင့် အခြားအခွန်အခ များနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၆၄ ကို အပိုဒ် ၆၃ ဟု ပြင်ဆင်ပြီး အပိုဒ် ၆၃ ၏အောက်တွင် အပိုဒ် ၆၄ အဖြစ် ပုဒ်မ ၅၁ ပါ ပြစ်မှုကျူးလွန် သူများကိုထိန်းသိမ်းရန် လုံလောက်သောအင်အားမရှိသည့် အခါတွင်သော် လည်း ကောင်း၊ ပြင်ပမှ လူအင်အား၊ လက်နက်အင်အားဖြင့် အကျဉ်းထောင်ကို တိုက်ခိုက် ခြင်း၊ ဖျက်စီးခြင်း သို့မဟုတ် အကျဉ်းသားများကို ကယ်ထုတ်ခြင်း ပြုလုပ်လာသည့် အခါတွင်သော်လည်းကောင်း တာဝန်ခံအရာရှိသည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့နှင့် တပ်မတော်ထံသို့ အကူအညီတောင်းခံလာပါက ၎င်းတပ်ဖွဲ့များ သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အကူအညီပေးရမည်ဟု အသစ်ဖြည့်စွက်၍ လည်းကောင်း၊ အပိုဒ် ၆၆ ကို အပိုဒ် ၆၅ ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား ဤဥပဒေ ပုဒ်မ ၅၂၊ ၅၃၊ ၅၄ နှင့် ၅၅ တို့ပါ ပြစ်မှုများကို ရဲအရေး ယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ်သတ်မှတ်သည်ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၆၇ ကို အပိုဒ် ၆၆ ဟုပြင်ဆင်ပြီးယင်းတွင်ဖော်ပြထားသော The Identification of Prisoners Act ဆိုသည့် စကားရပ်ကို The Identification of Prisoners Act, 1920 ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇နှင့် ညီညွတ်မှုရှိစေရန် အတွက် အပိုဒ် ၆၈ ကို အပိုဒ် ၆၇ ဟု ပြင်ဆင်ပြီး အပိုဒ်ခွဲ (ခ) တွင် ပါရှိသော ဝန်ကြီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့သည် ဆိုသည့်စကားရပ်ကို အကျဉ်း ဦးစီးဌာနသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၆၉ ကို အပိုဒ် ၆၈ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော အောက်ဖော်ပြပါဥပဒေများကိုဆိုသည့် စကား ရပ်ကို အောက်ဖော်ပြပါ အက်ဥပဒေများကိုဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

၃။ မူလဥပဒေကြမ်း တွင်ပါရှိသော အပိုဒ် ၂၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၇၊ အပိုဒ်ခွဲ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဇ)၊ အပိုဒ် ၁၂၊ အပိုဒ် ၂၁၊ အပိုဒ် ၂၄၊ အပိုဒ်ခွဲ (ဂ)(င)၊ အပိုဒ် ၂၇၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ် ၄၄၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၅) တို့ကို မလိုအပ်သဖြင့် ပယ်ဖျက်သင့်ကြောင်းလေ့လာတွေ့ရှိရပါသည်။ ထို့အပြင် ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များ၏ အနှစ်သာရကိုမပြောင်းလဲစေဘဲ မြန်မာစာသတ်ပုံနှင့် ဥပဒေ ရေးထုံး မှန်ကန်မှုရှိစေရန်အတွက် ပြင်ဆင်သင့်သည်များကို ပြင်ဆင်အစားထိုးပြီးဖြစ်ပါကြောင်းနှင့် ပြောင်းလဲသွားသည့်အပိုဒ်များနှင့် အခန်းများကိုလည်း ပြန်လည်စိစစ်ထားပါကြောင်း တင်ပြအပ်ပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၄။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကျဉ်းထောင်များဥပဒေကြမ်းကို အကျဉ်းဦးစီး ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင် ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသဖြင့် အမျိုးသား လွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီ။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အကျဉ်းထောင်များ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အကျဉ်းထောင်များ ဥပဒေ ကြမ်းအား ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၆-၇-၂၀၁၅ (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

ယခုနေ့လယ်စာ သုံးဆောင်ဖို့နဲ့ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ဖို့အတွက် အစည်းအဝေးကို ရပ်နားပါမယ်။ (၁၂း၄၀) မှာ အားလုံး ဒီခန်းမထဲမှာ ပြန်စုဖို့ဖြစ်ပါတယ်။ တိုင်းဒေသကြီးအလိုက်၊ ပြည်နယ်အလိုက် လာခေါ်ပါမယ်။ ပြီးရင် တပ်မတော်သားအားလုံးလည်း ခေါ်ပါမယ်။ ခေါ်ပြီးတော့ စုပေါင်းဓာတ်ပုံရိုက်ပါမယ်။ မိမိတို့ဆန္ဒအလျောက်လာပြီးရိုက်နိုင်ပါတယ်။ နောက်တစ်ခုက လွှတ်တော် ကိုယ်စားလှယ်မစုံတဲ့အတွက် ကိုယ့်ပြည်နယ်၊ ကိုယ့်တိုင်းဒေသကြီးစုံတဲ့ရက်မှာ ထပ်ရိုက်ချင်ပါတယ် ဆိုရင်လည်း လွှတ်တော်မနားခင်အတွင်းမှာ အကြိမ်ကြိမ်ထပ်ရိုက်နေဦးမှာဖြစ်ပါတယ်။

အဲဒီတော့ ဒီနေ့ရှိတဲ့သူနဲ့ ဒီနေ့အမှတ်တရမှတ်တမ်းတင် ဓာတ်ပုံရိုက်ထားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၂း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၂း၀၀)နာရီ ခန့်မှ ပြန်လည်စတင်မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၂း၀၈ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၃း၅၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၃း၅၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၃း၅၈။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်ပိုင်းခွင့် (၃)ဦးရှိပါတယ်။ ဦးခင်မောင်ဌွေး၊ မန္တလေး(၁၀)၊ လယ်ယာမြေစုံစမ်းရေး ကော်မရှင်တာဝန်။ ဦးထွန်းဇော်၊ ပဲခူး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

နေ့လယ်ပိုင်းခွင့်များကို ခွင့်ပြုဖို့လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် နေ့လယ်ပိုင်းခွင့်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ နိုင်ငံတော်အစိုးရအနေဖြင့် ပို့ဆောင်ရေးဆိုင်ရာ ယာဉ်မတော်တဆ ထိခိုက်မှု တားဆီးကာကွယ်ရေးအတွက် အမျိုးသားအဆင့် ကော်မရှင်တစ်ရပ် သို့မဟုတ် ဘုတ်အဖွဲ့ NTSB (NATIONAL TRANSPORTATION SAFETY BOARD) ကဲ့သို့ အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၅၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင် တင်သွင်းထားသည့် နိုင်ငံတော်အစိုးရ အနေဖြင့် ပို့ဆောင်ရေး ဆိုင်ရာ ယာဉ်မတော်တဆ ထိခိုက်မှု တားဆီးကာကွယ်ရေးအတွက် အမျိုးသား အဆင့် ကော်မရှင်တစ်ရပ် သို့မဟုတ် ဘုတ်အဖွဲ့ NTSB (NATIONAL TRANSPORTATION SAFETY BOARD) ကဲ့သို့အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ် (၃)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၈။**

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင်ဖြစ်ပါတယ်။ လေးစားအပ်ပါ သော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးညွန့်တင်က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် နိုင်ငံတော်အစိုးရအနေနဲ့ ပို့ဆောင်ရေးဆိုင်ရာ ယာဉ်မတော်တဆတိုက်ခိုက်မှု တားဆီးကာကွယ်ရေးအတွက် အမျိုးသားအဆင့် ကော်မရှင်တစ်ရပ် သို့မဟုတ် ဘုတ်အဖွဲ့ NTSB (NATIONAL TRANSPORTATION SAFETY BOARD) ကဲ့သို့အဖွဲ့ ဖွဲ့စည်းပေးဖို့ တင်သွင်းတဲ့အဆိုကိုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် ပြည်တွင်းပြည်ပခရီးသွား တိုးတက်များပြားလာသည်နှင့်အမျှ ရေကြောင်းပို့ဆောင်ရေး၊ ကုန်းလမ်းခရီးစဉ်၊ ရေကြောင်းခရီးစဉ် စသည့် ယာဉ်မတော်တဆဖြစ်မှုဟာ ပိုမိုပြီးတော့ များပြားလာတာဖြစ်ပါတယ်။ ထိခိုက်ဒဏ်ရာရမှု ကလည်း ယခင်ကထက်ပိုများလာတယ်။ ဒါ့အတွက်ကြောင့်နိုင်ငံတော်အစိုးရအနေနဲ့ ထိုသို့ မတော် တဆ ထိခိုက်မှုတားဆီးကာကွယ်ရန်အတွက် အမျိုးသားအဆင့်ကော်မရှင်တစ်ရပ် ဖွဲ့စည်းရေးကို နိုင်ငံတော်အနေနဲ့ဆောင်ရွက်ပေးဖို့ကို ဒါတင်သွင်းလာခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ယခုကဲ့သို့ ပို့ဆောင်ရေး ဆိုင်ရာ ယာဉ်မတော်တဆဖြစ်မှုများ မဖြစ်ပွားရေးနှင့် လျော့ပါးစေရေးအတွက် အမျိုးသားအဆင့် ကော်မရှင်ဖွဲ့စည်းရန်ကမ္ဘာ့နိုင်ငံအသီးသီးထဲမှာဆောင်ရွက်လျက်ရှိကြောင်းတွေ့ရှိရပါတယ်။ ထို့အပြင် အမေရိကန်နိုင်ငံအနေနဲ့လည်း NTSB (NATIONAL TRANSPORTATION SAFETY BOARD) ကို ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းကို ဒီလိုမတော်တဆဖြစ်မှုများအတွက်ကာကွယ်ရန်အတွက် ဖွဲ့စည်း ထားရှိကြောင်း သိရပါတယ်။ ယင်းသို့ ဖွဲ့စည်းတဲ့နေရာမှာ ကျွန်တော်တို့သမာဓိ၊ သိက္ခာရှိတဲ့သူတွေ၊ ပို့ဆောင်ရေးမှာကျွမ်းကျင်တဲ့ ဝန်ထမ်းတွေကို (၅)ဦးခန့်၊ နိုင်ငံတော်သမ္မတကနေပြီးတော့ အခုနက လိုပေါ့။ ရွေးချယ်ပြီးတော့ လွှတ်တော်ကို အတည်ပြုပေးရပါတယ်။ အဲဒီအဖွဲ့မှာဆိုလို့ရှိရင် မတော်တဆ ဖြစ်ပွားရာတွင် အောက်ပါအချက်အလက်တွေကို ဒီကော်မရှင်၊ ကော်မတီကနေပြီးတော့ အစီရင်ခံအပ် ရပါတယ်။ ဘယ်လိုအချက်တွေလည်းဆိုရင် မတော်တဆထိခိုက်မှုအသေးစိတ်လေ့လာ၍ သက်ဆိုင် ရာအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်တို့ထံ အကြံပြုထောက်ခံခြင်း Recommendation များ ထုတ်ပြန် ပေးရပါသည်။

နောင်တွင်ထိုကဲ့သို့ မတော်တဆမှုများထပ်မံမဖြစ်ပွားစေရန် အသိပညာပေး ထုတ်ပြန်ပေး ရပါတယ်။ ထို့သို့ မတော်တဆထိခိုက်မှုတွင် တာဝန်ရှိသူအဖွဲ့အစည်းကို ဖော်ထုတ်၍ထိရောက်စွာ အရေးယူခြင်းကို ကျွန်တော်တို့တင်ပြဆောင်ရွက်ပေးရပါတယ်။ ဒါကြောင့်မို့လို့အဆိုရှင်အနေနဲ့ တင်ပြ သွားခြင်းဟာ လက်ရှိမြန်မာ နိုင်ငံအစိုးရအနေနဲ့ မဖွဲ့စည်းရသေးဘူးဆိုလို့ရှိရင်လည်း ဒါအခုနလိုပေါ့။ နိုင်ငံတော် အစိုးရကနေပြီးတော့ ဖွဲ့စည်းပြီးတော့ လွှတ်တော်ကိုတင်ဖို့ ဒါအပိုင်းဖြစ်တယ်။ ဒီအပိုင်းနဲ့

ပတ်သက်ပြီးတော့ အချက်(၃)ချက်ကို ကျွန်တော် လေ့လာတာကိုတွေ့မြင်ရပါတယ်။ မြန်မာနိုင်ငံ အနေနဲ့ဆိုလို့ရှိရင် (၁) ပို့ဆောင်ရေးကဏ္ဍအပိုင်းမှာ အပိုင်း(၃)ပိုင်း ရှိပါတယ်။ ကုန်းလမ်း ပို့ဆောင်ရေးအပိုင်း၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအပိုင်း၊ လေကြောင်းပို့ဆောင်ရေးအပိုင်း။ အဲဒီတော့ ကုန်းကြောင်းပို့ဆောင်ရေးအပိုင်းမှာ ကျွန်တော်တို့ ငယ်ငယ်တည်းကဆိုရင် ဟိုးဘယ်ခေတ် ကလည်းဆိုတော့ (၆၂)ခုနှစ်မတိုင်မီခင် တုန်းက ကျွန်တော်တို့ ဒီရန်ကုန်တိုင်းတို့၊ ပဲခူးတို့ဒေသတွေမှာ ဆိုလို့ရှိရင် ကျွန်တော်တို့ ဘုံပြတ်တွေနဲ့ စည်ချပ်ကြီးလို။ အခုနကလိုပေါ့။ ဒါက ကားရိုက်ပြီးတော့ သွားရတဲ့ ဟာတွေ။

ရန်ကုန်နဲ့ညောင်လေးပင်ဆိုလို့ရှိရင် ဒါက တစ်ညလောက်ကြာပါတယ်။ အဲဒီခေတ်က နေပြီး တော့ တဖြည်းဖြည်းတက်လာပြီး (၆၂)ခုနှစ်နောက်ပိုင်းမှာ RTP ခေတ်တွေ့ရပါတယ်။ ကားအပြာကြီး တွေ၊ ဒါက RTP ကား လူတိုင်းသိကြပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နယက အစိုးရ ခေတ်လက်ထက် ကျတော့ ဒါက RTP ကတစ်ဆင့် ကျွန်တော်တို့ အခုနကလိုပေါ့။ ဘတ်စ်ကားကြီးတွေ၊ ဂျပန်ကားကြီး တွေ ဒါဝင်လာပါတယ်။ အဲဒီတော့ အဲဒီအချိန်မှာကျတော့ ပိုပြီးတော့သွားလာမှုပိုမြန်လာတဲ့ အတွက် ကြောင့်မိုလို့ ထိခိုက်မှုတွေဟာပိုများလာပါတယ်။ အဲဒီတော့ ပြန်သုံးသပ်တဲ့အခါကျတော့ ဒီ ထိခိုက်မှု တွေ ဘာကြောင့်ပိုများလာလဲ ဆိုတော့ အထူးသဖြင့် အမြန်လမ်းမကြီးပဲပြန်ကြည့်မယ်ဆိုရင်တော့ (၁)က လမ်းကောင်းတယ်။ မောင်းတဲ့လူတွေက စည်းကမ်းမရှိကြဘူး။ ဘယ်လိုစည်းကမ်းမရှိလဲ ဆိုတော့ မိုင်(၁၀၀)ထက် မကျော်ရဘူးဆို မိုင်(၁၁၀)(၁၂၀) လုပ်တော့ speed က မထိန်းနိုင်ဘူး။

နောက်တစ်ခါ ကားရဲ့ဘာလည်းဆိုတော့ ကားတွေကမကောင်းဘူး မဟုတ်ဘူး။ ကောင်း တယ်။ ဒါပေမဲ့ ထွက်လာတဲ့အချိန်မှာ အခုနကလိုပေါ့။ အပြည့်အဝ မစစ်ဆေးတာလည်းပါတယ်။ လမ်းမှာလေလျှော့ပြီးတော့ အခုနကလိုပေါ့။ ချောက်ထဲထိုးကျတာတို့၊ ဘေးထိုးကျတာတို့။ နောက် တစ်ခါ ယာဉ်မောင်းတွေအနေနဲ့ ကြည့်လိုက်ရင်တချို့ကားတွေမှာ first driver၊ second driver ပြီးလို့ရှိရင် ယာဉ်ပြင်၊ ပြီးလို့ရှိရင် စပယ်ယာ အဲဒီလိုရှိရမယ့်အစား တစ်ခါတလေကျတော့ first driver ရှိတယ်။ second driver မရှိဘူး။ စပယ်ယာကို Second ယာဉ်မောင်းထားတယ်။ ဒါမျိုး တွေက တွေ့လာတဲ့အခါကျတော့ ဒါတွေကိုအကြောင်းပြုပြီးတွေ့ရတယ်။ နောက်တစ်ခါ သောက်စား မူးယစ်မှု။ ဒါတွေကလည်းတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒါတွေအပိုင်းမှာ ကျွန်တော်တို့အနေနဲ့ ဖြစ်လာသည့် အတွက်ကြောင့် ဘာတွေပြဿနာဖြစ်လည်းဆိုတော့။ ပြီးခဲ့တဲ့မကြာသေးခင် မရေးခင်က ကျွန်တော် တို့တွေ Elite တွေ၊ ဘာတွေက ပြဿနာဖြစ်တာအများကြီး။ ဒီကိစ္စတွေ ဒါတွေအများကြီး ပါပါတယ်။

နောက်တစ်ခါကျွန်တော်တို့ရေကြောင်းပို့ဆောင်ရေးနဲ့ပတ်သက်ပြီးတင်ပြရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ငယ်ငယ်တုန်းက တွံ့တေး၊ သင်္ဘော ကျွန်တော်တို့ ကိုယ်တိုင်သွားပြီး လုပ်ကိုင်ခဲ့ရတာတွေ။ တွံ့တေးတူးမြောင်းမှာတင် တွံ့တေးသင်္ဘောမြုပ်သွားတာ ဘာမှမဟုတ်ဘူး။ (၁)က ပြန်ကြည့် လိုက်မယ် ဆိုလို့ရှိရင် တွံ့တေးကနေရန်ကုန်မောင်းလာတာ အကောင်းကြီး။ တွံ့တေး အဝနား ရောက်ခါနီးကျမှ အဲဒီမှာ မတော်တဆ အခုနကလိုမျိုး၊ လေဆင်နှာမောင်းလိုဟာမျိုး မိုးမှောင်ကျတဲ့အခါကျမှ အကုန်လုံး အဲဒီမှာ ဘယ်လိုဖြစ်လဲဆိုတော့ ပရိသတ်တွေက ဟိုမနိုင်၊ ဒီမနိုင်ဖြစ်သွားတဲ့အခါကျတော့ အကုန်လုံး မှောက်သွားတဲ့အခါကျတော့ ဘာဖြစ်လဲ။ အနှစ်ချုပ်တော့ လူက အနည်းဆုံး တစ်ရာကျော်လောက် ဆုံးသွားတယ်။ နာမည်မသိတာလည်းပါတယ်။ အဲဒီတော့ ဘာတွေ့ရလဲဆိုတော့ နောက်ဆုံးပိတ် သတ္တု

ချလိုက်ရင် ရေကြောင်းပို့ဆောင်ရေးရဲ့ အဓိက အားနည်းချက်က (၁) ဒီသင်္ဘောတွေက နှစ်ပရိစ္ဆေဒ ကြာလာပြီဖြစ်တယ်။ (၂) ကသတ်မှတ်ထားတဲ့ ကုန်ချိန်ထက် လူဦးရေကိုမထိန်းဘူး။ (၃)အချက်က လက်မှတ် ဝယ်တဲ့စနစ်မှာအခုနက လက်မှတ်ပဲ ရောင်းတယ်။ Register ကျွန်တော်တို့ မော်တော်ကား ကုန်းလမ်းလို လက်ရှိအခြေအနေလို လက်မှတ်ဝယ်ရင် မှတ်ပုံတင် ပြရတယ်။ နောက်တစ်ခါ ဖုန်းနံပါတ် ယူတယ်။ ဒီလိုဟာမျိုး မရှိဘူး။ လက်မှတ်ပဲရောင်းလိုက်ပြီးတော့ တင်လိုက်တဲ့အခါကျတော့ အခုနက လိုပေါ့။ ပြဿနာတွေက နောက်ဆုံး မော်လမြိုင်ကနေ ပုသိမ်၊ ပုသိမ် ကနေ ရန်ကုန်လာတဲ့အခါကျ လူတွေက နင်းတက်လာပြီးနစ်မြုပ်လာတဲ့ သာဓကတွေ တွေ့ရပါတယ်။

နောက်တစ်ခါ ကျွန်တော်တို့အနေနဲ့က ဒါကသဘာဝဘေးဒဏ်နဲ့ပတ်သက်လို့၊ လေကြောင်း ရန်နဲ့ပတ်သက်လို့ ကျွန်တော်တို့ တွေ့ရတဲ့အပိုင်းတွေရှိတယ်။ ဘာလဲဆိုတော့ တစ်ခါတလေကျ လေ ကြောင်းရန်ဆိုတာက လေကြောင်းမတော်တဆဖြစ်မှုဆိုတာ လေကြောင်း ရဲ့သဘောသဘာဝအရ ဒါက အခုနကလိုပေါ့။ weather clear ဖြစ်မှ၊ ပေးလိုက်မှ ok။ ဒါထွက်ရတယ်။ ဒါပေမဲ့ တစ်ခါတလေ ကျွန်တော်တို့ ရခိုင်ပြည်နယ်လိုနေရာမျိုးကျတော့ အမှတ်မထင် အခုနကလိုပေါ့ မိုးမှောင်ကျလာတဲ့ အခါကျတော့ဟာ အဲဒီကျမှ ဒီကနေ ပေးလိုက်တော့အကောင်း။ ဒါပေမဲ့ ဒီကနေကျော်ပြီး ရခိုင်ရိုးမ ကျော်ပြီး ဟိုဘက်ကမ်းကျတော့ မိုးမှောင်ကျလာတဲ့အခါကျတော့ ဘယ်လိုမှ မတတ်နိုင်ဘူး။ အဲဒီမှာ အဲဒီလို အမှတ်မထင်ဟာတွေလည်း ရှိတတ်ပါတယ်။ အဲဒီအချိန်မှာ မိတ်ဆွေတွေ၊ အခုနက လိုပေါ့။ ၁၉၇၀ နဲ့ ၃၊ ၄ ပတ်ဝန်းကျင်လောက်က ဆိုရင် လေယာဉ်မယ် တင်တင်လှိုင်တို့၊ ကပ္ပတိန် ခင်မောင်ကြည်တို့ ဒါ အခုနကလိုပေါ့။ မိုးမှောင်ကိုရှောင်ရင်းနဲ့ မြေကြီးကို လိုက်လိုက်ရင်းနဲ့ နောက်ပိတ်ဆုံး ပင်လယ်ထဲ ထိုးကျသွားတယ်။

အဲဒီမှာတော့ ဘာလေး လေကြောင်းပို့ဆောင်ရေးကို ချီးကျူးစရာ ကောင်းတာတစ်ခုရှိတာ က အဲဒီတုန်းက ကပ္ပတိန်ခင်မောင်ကြည်တို့ တင်တင်လှိုင်တို့က ထိုးကျသွားတဲ့အခါ ဘာလဲ ကျွန်တော်တို့ လေယာဉ်ပေါ်မှာပါတဲ့ ခရီးသည်တွေကို အရင် အခုနကလိုပေါ့။ အသက်ကယ်အိတ်တွေ တပ်ပေး။ အသက်ကယ်တွေလုပ်ပေး။ ပြီးတဲ့အခါကျ အဲဒီချိန်မတိုင်ခင်မှာ လေယာဉ်ပျံကြီးနိမ့်သွားတဲ့ အခါကျတော့ ကပ္ပတိန်ခင်မောင်ကြည်တို့၊ တင်တင်လှိုင်တို့ က ဆုံးသွားခဲ့တယ်။ ဒါက လေကြောင်း ပို့ဆောင်ရေးမှာ ကျွန်တော်တို့ကြားလိုက်ရတဲ့ သတင်းကောင်းတွေပါ။ ဒါပေမဲ့ တချို့ရေကြောင်း ပို့ဆောင်ရေး အပိုင်းမှာကျွန်တော်တို့ ပြီးခဲ့တဲ့လတွေတုန်းက ဖြစ်သွားတဲ့ သံတွဲ-မြေပုံ သင်္ဘောမှာ ဒါ ရေကြောင်းပို့ဆောင်ရေးပါပဲ။ တာဝန်ရှိတဲ့လူတွေက လူတွေ အဆမတန်တင်တယ်။ နောက်တစ်ခါ ကုန်ချိန်ထက် ကျော်တင်ကြတယ်။ နောက်တစ်ခါ မစိစစ်ကြဘူး။ နစ်မြုပ်မှု မတော်တဆနစ်မြုပ်မှု ဖြစ်သွားတဲ့အခါကျတော့ ရေကြောင်းကပ္ပတိန်က ထွက်ပြေးသွားတယ်။ အဲဒါ ဂျာနယ်ထဲမှာဖတ်ရတယ်။ အဲဒီအဖြစ်မျိုးက ဒါကမဖြစ်သင့်ပါဘူး။ ဒါကြောင့်မို့လို့အဲဒီလိုကိစ္စရပ်များတွေကို ဖြေရှင်းတဲ့အခါမှာ ဘာပြဿနာ ဖြစ်တတ်လဲဆိုတော့ ဒီအာမခံစနစ်ထားခဲ့လို့ရှိရင် အကြောင်းမဟုတ်ဘူး။ အာမခံစနစ် မထားဘူးဆိုရင် ဒါသေသွားတဲ့လူက တော်တော်လေး နစ်နာကြေးရှိပါတယ်။ ဒါ ကြောင့်မို့လို့ ဒီအာမခံ စနစ်ကိုလည်း လက်မှတ်ရောင်းတဲ့အချိန် ဘယ်ရေကြောင်းပဲဖြစ်ဖြစ်၊ လေကြောင်းပဲဖြစ်ဖြစ်၊ ကြည်း ကြောင်းပဲဖြစ်ဖြစ်၊ ကုန်းလမ်းပဲဖြစ်ဖြစ် လက်မှတ်ရောင်းတယ်ဆိုရင် အာမခံစနစ်ကို ဒါကထားသင့် ပါတယ်။ ရေကြောင်းအနေနဲ့ ပတ်သက်ပြီးတော့လည်း အခုနကလိုပေါ့။ ရခိုင်ပြည်နယ် အထူးသဖြင့် ကမ်းရိုးတန်းသွားတဲ့ယာဉ်တွေဟာ၊ ရေယာဉ်တွေဟာ အသက်ကယ်အိတ်မပါဘဲနဲ့ကို သွားခွင့်ကို

မပေးသင့်ဘူး။ စည်းမျဉ်းစည်းကမ်းအရ ထုတ်သင့်ပါတယ်။ ဘာဖြစ်လို့လဲဆို ဖြစ်လာလို့ရှိရင် ဘယ်သူမှမကယ်နိုင်ဘူး။ ဒါကြောင့်မို့လို့ ဒါတွေကလည်း လိုအပ်ချက်တွေ ရှိပါတယ်။

အဲဒီလို ပြဿနာဖြစ်လာတဲ့လေယာဉ်ပျံကိစ္စ၊ ရေကြောင်းကိစ္စ၊ ကုန်းလမ်းကိစ္စတွေကို ဒါက ကျွန်တော်တို့ နိုင်ငံတစ်ခုထဲ မဟုတ်ပါဘူး။ အင်တာနေရှင်နယ်မှာ ခုနလို ပြီးခဲ့တဲ့ မကြာသေးခင်က မလေးရှားမှာ ဖြစ်သွားတဲ့ လေယာဉ်ပျောက်ဆုံးသွားတယ်။ ပျောက်ဆုံးသွားတာဆို ဒါက လေကြောင်းကိစ္စဆိုသော်လည်း (၁)သူက ရေကြောင်းနဲ့ ဆက်စပ်ရတယ်။ အင်တာနေရှင်နယ်နဲ့ ဆက်စပ်ရတယ်။ ဒါတောင်မှသူတို့ အပြီးအပိုင်ရှာလို့ မတွေ့ ပါဘူး။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တင်ပြချင်တယ်ဆိုတာက ဒီ ရန်ကုန်တိုင်းဒေသကြီး အမှတ် (၂) မဲဆန္ဒနယ်ရှင် ကိုယ်စားလှယ် ဦးညွန့်တင် တင်သွင်းသွားတဲ့ နိုင်ငံတော်အစိုးရ အနေဖြင့် ပို့ဆောင်ရေးဆိုင်ရာ မတော်တဆဖြစ်မှု ကာကွယ်ရန်အတွက် အမျိုးသားအဆင့် ကော်မရှင်တစ်ရပ် သို့မဟုတ် ဘုတ်အဖွဲ့ (NATIONAL TRANSPORTATION SAFETY BOARD) ဖွဲ့စည်းပေးဖို့ အဆို အား လေးစားစွာ ထောက်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၁၁။**

**ဥက္ကဋ္ဌ**။ ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၁၁။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စုဝန်ကြီးနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ရန်ကုန်တိုင်း မဲဆန္ဒနယ် အမှတ်(၂)မှ ကိုယ်စားလှယ်တော်ကြီး ဦးညွန့်တင်ရဲ့ အဆိုကို ကျွန်တော်ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ရခိုင်ပြည်နယ်မှာ တာဝန်ထမ်းဆောင်စဉ် က အောင်တံခွန်ဆိုတဲ့ သင်္ဘောကို စီးဖူးပါတယ်။ ဒါပေမဲ့ အခုနှစ်မြှုပ်သွားတဲ့ အောင်တံခွန်တော့ မဟုတ်ပါဘူး။ သူရဲ့ ရှေ့က ပိုပြီးတော့ Old Model ဖြစ်တဲ့ သင်္ဘောကြီးကို စီးဖူးတာပါ။ အဲဒီ သင်္ဘောကြီး စီးတုန်းကဆိုရင် သင်္ဘောကြီးက သံချေးတွေ အထပ်လိုက်တက်ပြီးတော့ အောက်ထဲမှာဆိုလို့ရှိရင် ကျွန်တော်တို့ ဘိလပ်မြေအိတ်တွေ ပုံထားပါတယ်။ ဒီ ဘိလပ်မြေအိတ်တွေ ဘာလုပ်ဖို့လဲဆိုလို့ရှိရင် သင်္ဘောကို ရေဝင်လို့ရှိရင် ဖျော်လောင်းဖို့လို့ သိရပါတယ်။ အခုအချိန်မှာတော့ ဒါတွေမရှိတော့ပါဘူး။ သို့သော် ကျွန်တော်တို့ သင်္ဘောတွေမှာက အဓိကလိုအပ်နေတာက ဘာလဲဆို Plimsoll မျဉ်းမတ်လို့ ခေါ်တဲ့ မျဉ်းမတ်ဟာ ပုဂ္ဂလိကသင်္ဘောဖြစ်စေ၊ အစိုးရသင်္ဘောဖြစ်စေ ထင်ထင်ရှားရှားရေးထားရမှာ ဖြစ်သော်လည်းပဲ များသောအားဖြင့် မထင်မရှားမှေးမှိန်ပျောက်ကွယ်နေတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ဒီ Plimsoll မျဉ်းမတ် ကျော်လို့ရှိရင် ကျွန်တော်တို့ ခရီးသည်ဟာ အပေါ်က ကြည့်လိုက်တာနဲ့ ဒီ သင်္ဘောဟာ အန္တရာယ်ရှိနေပြီ ဆိုတာကို ခန့်မှန်းလို့ရတဲ့အတွက် မစီးဘူး၊ စီးမယ် ဒါ ဆုံးဖြတ်

လို့ရတယ်။ စစ်ဆေးတဲ့ သူကလည်း Plimsoll မျဉ်းမတ်ကို ကြည့်ပြီးတော့ ဒီ သင်္ဘောမှာ Weight များနေပြီ၊ Weight နည်းနေပြီ ချက်ခြင်းသိနိုင်တဲ့ အတွက်ကြောင့် ဒီ နိုင်ငံတကာ အသိအမှတ်ပြုတဲ့ ဒီ Plimsoll မျဉ်းမတ်ကို မြန်မာတစ်ပြည်လုံးမှာရှိတဲ့ ရေယာဉ်တွေဟာ သုံးစွဲသင့်တယ်။ မှန်မှန်ကန်ကန် စစ်ဆေးလည်း စစ်ဆေးသင့်တယ်။ ဒါတွေကို ဘုတ်အဖွဲ့က ကြပ်မတ်ရင် ပိုပြီးတော့ ထိရောက်နိုင်တယ်လို့ ယုံကြည်တဲ့ အတွက်ကြောင့် ကျွန်တော် ဒီအဆိုကို ထောက်ခံဆွေးနွေးခြင်း ဖြစ်ပါတယ်။

ဒုတိယဆွေးနွေးလိုတာက ကျွန်တော်တို့ မော်တော်ယာဉ်တွေပါ။ ခုန ဦးစောထွန်းမြအောင် ဆွေးနွေးသလိုပါပဲ။ မော်တော်ယာဉ်တွေဟာ ကျွန်တော်တို့ လမ်းတွေက ကောင်းလာတော့ Express ကား ကြီးတွေ စီးကြတဲ့ အခါမှာ ခရီးသည်တွေဟာ ဒီ ဒရိုင်ဘာပေါ်မှာပဲ အကုန်လုံးပုံအပ်ပြီးတော့ စီးကြတဲ့ အနေအထားရှိပါတယ်။ ဥပမာ - နေပြည်တော်ကနေ ရန်ကုန်သွားမယ်ဆိုရင် ည(၁၁)နာရီကားဟာ အမြဲ တမ်း ခရီးသည်ပြည့်တဲ့ ယာဉ်ဖြစ်ပါတယ်။ ကျန်တဲ့ အချိန်တွေကတော့ ခရီးသည်ချောင်ပါတယ်။ ဘာလို့လည်းဆို ည(၁၁)နာရီသွားရင် ရန်ကုန်ရောက်ရင် မနက်(၅)နာရီဆိုတော့ အလုပ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ (၁၁)နာရီဆိုတော့ အိပ်လို့လည်း ကောင်းတဲ့ အချိန်ဆိုတော့ အိပ်ကြပါတယ်။ အဲဒီအချိန်မှာ ဒရိုင်ဘာတွေဟာ ကျွန်တော်တို့ နေကြာစေ့စားနေတာတို့၊ အိပ်ငိုက်တာတို့၊ အဲဒီ အမျိုးမျိုးဖြစ်တဲ့ အတွက် ကြောင့် ယာဉ်မတော်တဆမှုတွေ မကြာခဏဖြစ်လေ့ရှိပါတယ်။

အဲဒီလိုဖြစ်တဲ့ အခါမှာ ကျွန်တော်တို့က ယာဉ်မောင်းနေတဲ့ Quality၊ Ability သူတို့ ရဲ့ အရည်အချင်းတွေကို စစ်ဆေးဖို့ရာအတွက် ဒီ ဘုတ်အဖွဲ့မှာ စည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်ဖို့ လိုအပ်တယ်လို့ ကျွန်တော်ဆွေးနွေးလိုပါတယ်။ ဘာကြောင့်ဆိုတော့ ကျွန်တော် ကိုရီးယားနိုင်ငံကို မိမိ အစီအစဉ်နဲ့ မိမိ သွားရောက်ခဲ့စဉ်တုန်းက ကျွန်တော်တို့ ဘတ်စ်ကားမောင်းတဲ့သူဟာ သူခရီးမထွက်ခင် မှာသူက Necktie နဲ့ Piquant နဲ့ သူက ရှင်းပြပါတယ်။ ကျွန်တော်နာမည် ဘယ်သူပါ။ ကျွန်တော် ဒရိုင်ဘာမောင်းတာ မောင်းသက်ဘယ်လောက်ရှိပါပြီ၊ ကားအတွင်း အပူချိန်က ဘယ်လောက်ဖြစ်ပါတယ်။ ကားအပြင်ရဲ့ အပူချိန်က ဘယ်လောက်ဖြစ်ပါတယ်။ ခရီးဟာ ဘယ်နှစ်ကီလိုမီတာ ဝေးတဲ့အတွက်ကြောင့် မို့လို့ ဘယ်နာရီကြာရင် ရောက်ပါမယ်ဆိုပြီးတော့ သူက ခရီးသည်များက စိတ်ချမ်းသာ လက်ချမ်းသာ စီးကြပါဆိုပြီးတော့ သူ့ကိုယ်သူ မိတ်ဆက်ပြီးတော့ သူကပြောတယ်။ အဲဒီမှာ စီးရတဲ့ သူကလည်း Confidence ဖြစ်ပြီးတော့ စီးရတာ နည်းနည်း ဘဝင်ကျစရာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဆီမှာတော့ ကားဆရာကြီး နေပြည်တော်ကို ဘယ်အချိန်လောက် ရောက်မလဲဆို ဟာ ခင်ဗျား အချိန်မမေးရဘူးဆိုတာ မသိဘူးလား။ ခင်ဗျား အချိန်မမေးနဲ့လေ။ နိမိတ်မရှိဘူး။ ဒီလိုတွေက စလာပြီးတော့ Passenger ကို ခရီးသည်ကို Customer ကို သိပ်ပြီးတော့ ဦးစားမပေး၊ အလေးမ ထားတာတွေကို တွေ့ရတယ်။ ဒါတွေကအစ ကျွန်တော်တို့က ကျင့်ဝတ်တွေ၊ စည်းကမ်းတွေကို ဘုတ်အဖွဲ့ က ချမှတ်ပြီးတော့ ကြပ်မတ်သွားရင် ဒီထက်ပိုကောင်းတဲ့ ပြည်သူတွေအတွက် ဒီထက်ပိုပြီးတော့ လုံခြုံ စိတ်ချရတဲ့ ခရီးစဉ်တွေ ဖြစ်လာမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ လေယာဉ်ပျံကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့ Over Weight တင်ထားတဲ့ လေယာဉ်ပျံဟာ လေယာဉ်ပျံရဲ့ ရှေ့က ဒိုင်ကွက်မှာ ပြမယ်လို့ ကျွန်တော် ထင် ပါတယ်။ ဒါပေမဲ့ ကျွန်တော် လေယာဉ်ပျံရဲ့ ရှေ့က Pilot အခန်းထဲကိုတော့ တစ်ခါမှ မထိုင်ဖူးပါ ဘူး။ လေ့လာမိသလောက်တော့ လေယာဉ်ပျံဟာ Weight ဘယ်လောက်ရှိတယ်ဆိုတာ ရှေ့မှာ ဒိုင်ကွက်ထဲမှာ

ဖော်ပြတယ်လို့ သိရပါတယ်။ ဒါပေမယ့်လို့ ကျွန်တော်တို့ ၁၉၉၀ ခုနှစ်၊ ရွေးကောက်ပွဲ အဲဒီတုန်းက ရှိပါတယ်။ အဲဒီတုန်းက ကျွန်တော် မဲနယ်တောင်တန်းမှာ တာဝန်ကျနေတုန်း စစ်ကြောင်း(၂)က လှမ်းပြောတယ်။ စစ်ကြောင်း(၂)က ဟဲဟိုးလေယာဉ်ကွင်းမှာ ထိုင်နေတဲ့ အချိန်မှာ မိုင်းတုံကို ပျံတဲ့ လေယာဉ်ပျံ ပျောက်သွားတယ်။ ရှာပါဆိုပြီး ကျွန်တော်တို့ကို ပြောတဲ့အတွက် ကျွန်တော်တပ်ခွဲတစ်ခွဲနဲ့ ကျွန်တော်တို့ ရှာတယ်။ (၃)ရက်လောက်ကြာမှ တွေ့တဲ့အခါမှာ လေယာဉ်ပျံဟာ ခါးကျိုးပြီးတော့ နှစ်ပိုင်းပိုင်းပြီးတော့ ခရီးသည်တွေအားလုံး သေဆုံးသွားပြီးတော့ သူက အထဲထဲမှာ ဆန်တွေဟာ မဲနယ်တောင်တန်းမှာ ပွနေတာ၊ အဲဒီတော့ ဆန်အိတ်တွေ မိုင်းတုံကို တင်သွားတာကို ဆန်အိတ်တွေ များလွန်းအားကြီးလို့ မတက်နိုင်ဘဲနဲ့ တောင်ကိုဝင်တိုက်တာ ဒီလိုအမြီးနဲ့ ဝင်တိုက်ပြီးတော့ လေယာဉ်ပျံဟာ ပျက်ကျသွားတဲ့ အနေအထား ဖြစ်ပါတယ်။

ဒီလိုပါပဲ ကျွန်တော်တို့ ဒီအချိန်ဆိုရင်၊ မိုးရာသီဆိုရင် ကျွန်တော်တို့ ကျောက်ထုမှာ တည်င်းသီးတွေ ပေါ်ပါပြီ။ ဒီ တည်င်းသီးတွေကတော့ အမှန်တော့ ဂန့်ဂေါဒေသနဲ့ တည်င်းပင်နဲ့က တခြားစီပါပဲ။ ဒါပေမယ့်လို့ အဆိုတော်စိန်လွင်ပါတဲ့ လေယာဉ်ပျံဟာ ကျောက်ထုလေယာဉ်ကွင်းအဆင်းမှာ ပျက်ကျပြီးတော့ အဲဒီ လေယာဉ်ပေါ်မှာပါတဲ့ တည်င်းသီးတွေဟာ ဖြန့်ကြဲလိုက်သလို ဖြစ်ပြီးတော့ တည်င်းပင်တွေ ထပေါက်ရာကနေ ဒီအချိန်ဆိုရင် တည်င်းသီးတွေ စားနေရတာ ဖြစ်ပါတယ်။ ဒီ တည်င်းသီးကို ကျွန်တော်တို့ ဒေသမှာတော့ စိန်လွင်တည်င်းလို့ ခေါ်ပါတယ်။ အဆိုတော် စိန်လွင် ပါလာတဲ့ လေယာဉ်ပျံ ဖြစ်လို့ပါ။ သူသယ်လာတာတော့ ဟုတ်မှာမဟုတ်ပါဘူး။ အဲဒါကြောင့် ဆိုလိုတာက ဒါတွေဟာ Weight တွေ အများကြီးတင်တာကိုလည်း ကျွန်တော်တို့က ဒီလိုမျိုး ဘုတ်အဖွဲ့တွေကနေ သေသေချာချာ စိစစ်ကန့်သတ်ပြီးတော့ ဆောင်ရွက်တာ ကောင်းပါတယ်။

ရထားနဲ့ ပတ်သက်လို့လည်း အခုအချိန်အထိ စစ်ဆေးလို့ ရပါတယ်။ ကျွန်တော်တို့ တောင်တွင်းကြီးနဲ့၊ ပျဉ်းမနားနဲ့၊ ကြေးနီနဲ့ လမ်းအပိုင်းမှာ ဒီ နေ့အထိ သစ်မှောင်ခို တင်ပါတယ်။ တင်တဲ့အခါမှာ ကျွန်တော်တို့ ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်မှောင်ခိုတွေဟာ တန်နဲ့ ချီပြီး တင်ထားတဲ့ အတွက်ကြောင့် အဲဒီ ရထားတွဲဟာ ဘေးကရထားတွဲတွေနဲ့ ချိတ်လို့မရဘူး။ ဒီအတွဲက တင်ထားတဲ့အတွက်ကြောင့် ဘေးက ရထားတွဲက မတင်တဲ့အတွက်ကြောင့် သူကချိတ်လို့ မရဘူး နိမ့်နေတယ်။ နိမ့်နေတော့ ခရီးသည်တွေကို ဂါတ်ဗိုလ်ကရော၊ တွဲစောင့်ကကော ဒီဘက်ကို ကပ်ပေးပါဦးဆို အဲဒီတော့မှာ ရထားတွဲကြီးက ထောင်သွားတော့မှ ဒီဘက်ကတွဲနဲ့ ချိတ်၊ ပြီးတော့မှ ခရီးသည်တွေ ဒီဘက်ရွှေ့ပါဦးဆိုတော့ ဒါထောင်သွားတော့မှ ဒီဘက်က တွဲနဲ့ချိတ် ချိတ်ပြီးပြီးတော့ အဲဒီအတိုင်း ဆွဲလာတာ ဖြစ်ပါတယ်။ ဖမ်းမိတဲ့ အခါကျ ရင်တော့ ပိုင်ရှင်မဲ့ပဲ ဖြစ်ပါတယ်။

အဲဒီတော့ ဒီဟာတွေကို ကန့်သတ်ဖို့ရာ အတွက်ဟာ ကျွန်တော်တို့ ဒီဘုတ်အဖွဲ့မှာ သေချာစနစ်တကျ ရေးဆွဲပြီးတော့ ကြီးကြပ်ကန့်သတ်မယ်ဆိုရင် ခရီးသည်တွေအတွက် ပြည်သူလူထုအတွက် Safety ဖြစ်ပြီးတော့ ဒီဟာ Transportation မှာလည်း ပိုပြီးတော့ မြန်ဆန်ထိရောက်လာမယ်။ လူ့အသက်တွေကိုလည်း အများကြီး အကာအကွယ်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်တဲ့အတွက် ဒီအဆိုကို ထောက်ခံအပ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၄း၁၈။**

**ဥက္ကဋ္ဌ။** ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးထွန်းကျော် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၁၈။**

**ဦးထွန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းကျော် ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်(၂)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးညွန့်တင် ၏ နိုင်ငံတော်အနေဖြင့် ပို့ဆောင်ရေးဆိုင်ရာ ယာဉ်မတော်တဆ ထိခိုက်မှု တားဆီးကာကွယ်ရေးအတွက် အမျိုးသားအဆင့် ကော်မရှင်တစ်ရပ် သို့မဟုတ် ဘုတ်အဖွဲ့ NTSB (NATIONAL TRANSPORTATION SAFETY BOARD) ကဲ့သို့အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမယ် ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ ၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီး ပါတီစုံ ဒီမိုကရေစီစနစ် တံခါးဖွင့်ဈေးကွက် စီးပွားရေးမူဝါဒကို စတင် ကျင့်သုံးပြီးနောက်ပိုင်း မော်တော်ယာဉ်များကို အတော်များများ ဝယ်ယူတင်သွင်းအသုံးပြုနိုင်ပြီ ဖြစ်ပါ တယ်။ သို့သော်လည်း အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအလွန်နည်းပါး သေးကြောင်း လေ့လာ တွေ့ရှိရပါတယ်။ ရန်ကုန်၊ မန္တလေးစတဲ့ မြို့ကြီးများ၏ လမ်းဖွဲ့စည်းတည်ဆောက်မှု ကျဉ်းမြောင်းခြင်း၊ လမ်းမပေါ်တွင် မော်တော်ယာဉ်များ စည်းကမ်းမဲ့ရပ်နားခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုအားနည်းခြင်း၊ လမ်းသစ်များကို ဖောက်လုပ်ရာမှာ သတ်မှတ် စံချိန်စံညွှန်း မပြည့်မီခြင်းတို့ကြောင့် ယာဉ်မတော်တဆဖြစ်မှု အလွန်များကြောင်း လေ့လာတွေ့ရှိရပါတယ်။

၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလတွင် ကုန်းလမ်းပို့ဆောင်ရေးဌာနမှာ မှတ်ပုံတင်ထားတဲ့ မော်တော် ယာဉ်ပေါင်း (၄၁၇၆၉၁)စီးရှိရာမှ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် (၆၀၄၃၃၅)စီး ရှိလာပါတယ်။ မော်တော် ဆိုင်ကယ်ဆိုရင် အလားတူကာလမှာ (၁၈၈၁၈၈၆)စီးမှ (၄၁၆၁၈၈၈)စီးရှိကြောင်း အမျိုးသားလွှတ်တော် ရုံး သုတေသန၊ ပြည်သူ့ဆက်ဆံရေးနဲ့ နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ လေ့လာတွေ့ရှိရပါတယ်။ ဆိုလို ချင်တာက ၂၀၁၀ ခုနှစ်နောက်ပိုင်းမှာ (၄)နှစ်ကျော်ကျော် (၅)နှစ်အတောအတွင်းမှာ မော်တော်ယာဉ်ကို (၅၀) ရာခိုင်နှုန်း တိုးတက်ပြီး တင်သွင်းလာခြင်း ဖြစ်ပါတယ်ဆိုတာ ဖော်ပြခြင်း ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အလျဉ်းသင့်လို့ ယခု ဇူလိုင်လ(၈)ရက်နေ့ထုတ် ဒီမိုကရေစီသတင်းစာ စာမျက်နှာ (၁၄)မှာ ဖော်ပြထားတဲ့ သတင်းတိုတစ်ပိုဒ်ကို ဖော်ပြလိုပါတယ်။ နေပြည်တော်၊ ဇူလိုင်လ(၇)ရက်နေ့ ၂၀၁၅ ဇန်နဝါရီလမှ ဇူလိုင်လ ပထမပတ်အတွင်း တစ်နိုင်လုံး ယာဉ် မတော်တဆမှုပေါင်း(၈၀၀၀)ကျော်ရှိပြီး၊ ဒဏ်ရာရ (၁၀၀၀၀)ကျော်နှင့် သေဆုံးမှု(၂၀၀၀)နီးပါးရှိကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှူးရုံး နေပြည်တော်မှ သိရှိရပါသည်။ ၎င်းစာရင်းအရ နေ့စဉ် ယာဉ်မတော်တဆအမှု (၄၈.၄၀)မှု ဖြစ်ပွားနေပြီး၊ ဒဏ်ရာရမှု (၈၆.၃၃)ဦး၊ သေဆုံးမှု (၁၇.၇၅)ဦးရှိကြောင်း၊ အဓိကယာဉ်မောင်း သူများ ယာဉ်မောင်းလိုင်စင်ပင် မရှိဟု နေပြည်တော်အမှတ်(၁) ယာဉ်ထိန်းရဲတပ်ဖွဲ့ ခွဲမှူး ဒုတိယရဲမှူးကြီး ရဲနိုင် ကပြောပါတယ်။ ၂၀၁၄ ခုနှစ်တွင်လည်း ယာဉ်မတော်တဆမှု (၁၄၇၈၁)မှု ဖြစ်ပွားခဲ့ပြီး၊ ဆိုင်ကယ် တိုက်မှု (၂၅၁၁၄)ဦးနဲ့ သေဆုံးသူ (၄၁၆၁)ဦး ရှိပါသည်။ ပျမ်းမျှနေ့စဉ် ယာဉ်မတော်တဆမှု (၄၀.၅၀)မှု

ဖြစ်ပွားရာတွင် ဒဏ်ရာရသူ(၆၈.၅၃)ဦးနဲ့ သေဆုံးသူ(၁၁.၄၁)ဦးရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး၊ နေပြည်တော်မှ သိရှိရသည်ဟု ဖော်ပြထားရှိပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယာဉ်မတော်တဆမှု ဖြစ်ပွားရခြင်း အကြောင်းအရင်းကို အောက်ပါအတိုင်း အကြမ်းဖျင်း လေ့လာတွေ့ရှိရပါတယ်။ (၁) လမ်းများ ကျဉ်းမြောင်းခြင်း။ (၂) လမ်းမများပေါ်တွင် မော်တော်ယာဉ်များ စည်းကမ်းမရှိ ရပ်နားထားခြင်း။ (၃) မြို့ကြီးများတွင် မော်တော်ယာဉ်များ ရပ်နားရန် မြေနေရာ အကျယ်အဝန်း လုံလောက်မှု မရှိခြင်း။ (၄) အချက်ပြ မီးပွိုင့်များ လုံလောက်စွာ မတပ်ဆင်နိုင်ခြင်းနဲ့ တပ်ဆင်ထားပြီးတဲ့ မီးပွိုင့်များ မကြာမီ ပျက်ဆီးခြင်း။ (၅) ကား၊ ဆိုင်ကယ်မောင်းနှင်နေစဉ် တယ်လီဖုန်းပြောခြင်း။ (၆) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အားနည်းခြင်း။ (၇) မော်တော်ယာဉ်များ ကြံ့ခိုင်မှုမရှိခြင်း။ (၈) စနစ်တကျ လေ့ကျင်သင်ကြားလာတဲ့ ယာဉ်မောင်းမဟုတ်ခြင်းနဲ့ (၉) အမြန်လမ်းမများပေါ်တွင် သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်ခြင်းတို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းများကျဉ်းမြောင်းခြင်း။ ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ မော်လမြိုင်စတဲ့ မြို့များမှာ ဗြိတိသျှကိုလိုနီခေတ်ကတည်းက အကွက်ချပြီး တည်ဆောက်ထားတဲ့ မြို့များဖြစ်တဲ့အတွက်ကြောင့်မို့လို့ လမ်းများကို ယခုအခြေအနေထက် ထပ်မံတိုးချဲ့၍ မရတော့ပါ။ အိမ်နီးချင်းထိုင်းနိုင်ငံများကဲ့သို့ နှစ်ထပ်လမ်း၊ သုံးထပ်လမ်း ဖောက်လုပ်ဖို့ လိုအပ်ပြီ ဖြစ်ပါတယ်။ လမ်းဆုံလမ်းခွတိုင်းတွင် ကုန်းကျော်တံတားများ တည်ဆောက်ရုံနဲ့ မလုံလောက်တော့ပါ။ ဖွံ့ဖြိုးပြီး တိုးတက်နေတဲ့ အနောက်နိုင်ငံများဖြစ်တဲ့ အင်္ဂလန်၊ ဂျာမဏီ၊ ပြင်သစ်စတဲ့ နိုင်ငံများကဲ့သို့လည်းကောင်း၊ အရှေ့ဖျားနိုင်ငံဖြစ်တဲ့ ဂျပန်၊ ကိုရီးယားနိုင်ငံများကဲ့သို့လည်းကောင်း မြေအောက်ရထားလမ်းကို တည်ဆောက်ဖို့ယခုကတည်းက စီမံကိန်းများ ရေးဆွဲထားဖို့ လိုအပ်မည် ဖြစ်ပါတယ်။ မြို့ပတ်ရထားများကို အဆင့်မြှင့်တင်ခြင်း၊ ထပ်မံတိုးချဲ့ခြင်းဖြင့်လည်း ပြည်သူများ၏ သွားလာမှုကို တစ်စိတ်တစ်ဒေသ ပိုမိုလျှင်မြန်သွက်လက် လွယ်ကူစေမှာ ဖြစ်ပါတယ်။

ယာဉ်မောင်းနေစဉ် တယ်လီဖုန်းပြောခြင်း။ ဒီကိစ္စဟာ အလွန်အန္တရာယ်များပါတယ်။ မိမိတို့ဒေသမှ တကယ့်ဖြစ်ရပ်တစ်ခုကို ကြုံကြိုက်လို့ တင်ပြလိုပါတယ်။ နမ္မတူမြို့မှ ကျွန်တော်တို့ မန်တုံမြို့ကို သွားတဲ့လမ်းဟာ (၃၇)မိုင်ပဲ ဝေးပါတယ်။ ဒါပေမဲ့ လမ်းကကျဉ်းမြောင်းတယ်၊ တောင်တက်တောင်ဆင်းများပါတယ်။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလထဲမှာ မန်တုံမြို့ရဲ့ ဌာနေပြည်သူ့စစ်ခေါင်းဆောင် နမ္မတူကနေပြီးတော့မှတစ်ခါ မန်တုံမြို့ကို သွားရမယ်။ သူရဲ့ မော်တော်ယာဉ် ယာဉ်မောင်းဟာ နေမကောင်းလို့ မလိုက်ဖြစ်ဘူး။ သူကိုယ်တိုင် ယာဉ်မောင်းလာပါတယ်။ အဲဒီ နမ္မတူကနေပြီးတော့မှ ထွက်လာပြီး (၁၆)မိုင်အတက်မှာ လမ်းလည်း တော်တော်လေးတက်ပါတယ်။ ကျောက်တောင်တွေပေါ်များတဲ့ လမ်းလည်း ဖြစ်ပါတယ်။ တစ်ဘက်ကလည်း ကျောက်နံရံ၊ ညာဘက်က၊ ဘယ်ဘက်ကနေပြီးတော့မှ ပေထောင်ချီနက်တဲ့ ချောက်ကမ်းပါးကြီးဖြစ်ပါတယ်။ အဲဒီ ကားမောင်းပြီးတော့မှ ရောက်တဲ့ အချိန်အခါမှာ သူနဲ့ သူရဲဘော်တွေလည်းပါမယ်။ လမ်းကြုံလိုက်တဲ့ ပုဂ္ဂိုလ်တွေလည်း ပါပါတယ်။ တယ်လီဖုန်းက မြည်လာပါတယ်။ အတက်လည်း အတက်လမ်း၊ အဲဒီနေရာရောက်လာတဲ့ အချိန်အခါမှာ တကယ့် ရန်သူရဲ့ နယ်မြေဝင်ကာစနေရာလည်း ဖြစ်ပါတယ်။ ရန်သူတွေက အဲဒီကြားထဲမှာ မကြာခဏချောင်းမြောင်းပြီးတော့ ပစ်မယ်။ သူ့စိတ်ထဲမှာ ဒါ သူ့အသိထဲက သတိများ ပေးများပေးတဲ့ တယ်လီဖုန်းများ ဖြစ်မလားဆိုပြီးတော့ တယ်လီဖုန်းလာတဲ့

အချိန်အခါမှာ ခါးမှာချိတ်တဲ့ တယ်လီဖုန်းကို သူကဆွဲထုတ်လိုက်တယ်။ ဆွဲထုတ်လိုက်တဲ့ အချိန်အခါမှာ ခါးမှာ တယ်လီဖုန်းမရှိတော့ဘူး။ သူ့ရဲ့ တယ်လီဖုန်းက ဒီမှာ သူထိုင်တဲ့ ထိုင်ခုံနဲ့ တံခါးပေါက်ကြားထဲမှာ ကျနေတယ်။ တယ်လီဖုန်းကလည်းမြည်၊ တောင်တက်လမ်းကလည်း ဖြစ်၊ ရပ်ထားလို့လည်းမရ၊ Weight လည်းများတဲ့ အချိန်အခါနေပြီးတော့မှ မြည်တဲ့ တယ်လီဖုန်းကို သူက ကြားထဲမှာ ကောက်ပြီးတော့မှ သူက လက်နဲ့နှိုက်ပါတယ်။ နှိုက်လို့လည်း ရှာမတွေ့ဘူး။ အဲဒီတော့မှ သူငုံ့ပြီးတော့ ကြည့်လိုက်တဲ့ အချိန်မှာ ကံဆိုးချင်တော့ သူကားဟာ ဟို ပေထောင်ချီနက်တဲ့ ချောက်ထဲမှာ တစ်ခါထဲလိမ့်ပြီးတော့မှ ကျသွားပါ တယ်။ ကံကောင်းချင်တော့ ပေ(၅၀၀)ကျော်ကျော်လောက်မှာ သစ်ပင်ကြီးတစ်ပင်မှာ ဝင်ချိတ်လိုက်တယ်။ အဲဒီမှာ ပါလာတဲ့ သူ့ရဲဘော်တွေ သူကအစ အားလုံးဒဏ်ရာ ရပါတယ်။ မသေလို့သာ ကံကောင်းတယ်။ ဒါပေမဲ့ ဆေးရုံမှာ (၇)လ၊ (၈)လလောက် ကုရတယ်။ ဆိုချင်တဲ့ ဥစ္စာက ထောက်ပြချင်တာက ကား မောင်းရင်း တန်းလန်းနဲ့ တယ်လီဖုန်းကိုပြောချင် အတွက်ကြောင့်မို့လို့ ဖြစ်ပါတယ်။ အဲဒါတစ်ချက် ကျွန်တော်မီးမောင်းထိုးပြချင်ပါတယ်။

နောက် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းလိုက်နာဖို့ အားနည်းခြင်း။ လမ်းများ၊ မီးပွိုင့်များ မည်မျှကောင်းမွန်စေကာမူ ယာဉ်မောင်းများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာဖို့ လိုအပ်ပါတယ်။ စနစ်တကျ လေ့ကျင့်သင်ကြားထားတဲ့ ယာဉ်မောင်းများဖြစ်ဖို့ လိုအပ်ပါတယ်။ အတော်များများ ယာဉ် မတော်တဆဖြစ်မှုများတွင် စနစ်တကျ လေ့ကျင့်သင်ကြားထားတဲ့ ယာဉ်မောင်းများကြောင့် မဟုတ်ဘဲ၊ ယာဉ်နောက်လိုက်များ၊ မမောင်းတတ်သူများ မောင်းတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

အသုံးပြုသော မော်တော်ယာဉ်များ ကြံ့ခိုင်မှု ရှိစေရန်။ ပြည်သူများ အသုံးပြုတဲ့ လမ်းမများ ပေါ်မှာ သွားလာနေကြတဲ့ စက်တပ်မော်တော်ယာဉ်များဟာ ကြံ့ခိုင်ဖို့ အစဉ်အရေးကြီးပါတယ်။ အင်ဂျင် ပိုင်းထက်၊ Brake၊ Steering ကောင်းဖို့ကို အရင်အရေးကြီးပါတယ်။ အင်ဂျင်စက်ချို့ယွင်းနေပါက ၎င်း မော်တော်ယာဉ်ဟာ လမ်းမပေါ်မှာဘဲ ရပ်တန့်သွားမယ်ဖြစ်သော်လည်း ဘရိတ်တို့၊ စတီရီယာတိုင်နဲ့ ဆက်စပ်တဲ့ အစိတ်အပိုင်းများ ချို့ယွင်းပါက လမ်းပေါ်မှာ မောင်းရင်းတန်းလန်း၊ တောင်တက်တောင်ဆင်း လမ်းပေါ်မှာ မောင်းရင်းတန်းလန်းဖြစ်ပါက အလွန်အန္တရာယ်ကြီးမားလှပါတယ်။ ဒါကြောင့်မို့လို့ ကား ပေါ်တက်ပြီး မမောင်းခင်မှာ Brake ရှိ/မရှိ။ Steering တိုင် ကောင်း/မကောင်း ဂရုတစိုက် အရင် စမ်းသပ်ပြီးမှ မောင်းရင် အန္တရာယ်အလွန် လျော့ပါးပါလိမ့်မယ်။

အမြန်လမ်းပေါ်မှာ သတ်မှတ်နှုန်းထက် မောင်းနှင်ခြင်း။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ပေါ်တွင် ယခုလထဲမှာ နေ့တိုင်းလိုလို ယာဉ်မတော်တဆဖြစ်ပွားမှုရှိကြောင်း သတင်းစာ၊ ဂျာနယ်တွေမှာ ကြားသိရပါတယ်။ အကြောင်းအရင်းများစွာအနက် သတ်မှတ်မိုင်နှုန်းထက် ကျော်ပြီး မောင်းနှင်မှုကြောင့် ဖြစ်ပွားပါတယ်။ သတ်မှတ်မိုင်နှုန်းထက် မမောင်းဖို့ ယာဉ်မောင်းများ အထူးသတိပြုရပါမယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အကြောင်းအမျိုးမျိုးကြောင့် ယာဉ်မတော်တဆ ဖြစ်မှုဟာ မျှော်မှန်းမထားနိုင်သော နေရာအသီးသီးမှ ဖြစ်ပေါ်လာတတ်ပါတယ်။ ယာဉ်မတော်တဆများ ဖြစ်ပြီးတဲ့ အခါ အသေအပျောက်နည်းပါးအောင် ဒဏ်ရာရတဲ့ လူနာများကို နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီပေးပို့ပြီး အသက်များကယ်ဖို့ အထူးပဲလိုအပ်ပါတယ်။ အချို့မတော်တဆဖြစ်မှုတွင် အချိန် ကြာမြင့်ပြီး ကယ်ဆယ်မယ့်သူမရှိတဲ့အတွက် အသက်မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ရတဲ့ သာဓကများ အများကြီး ရှိခဲ့ပါတယ်။ ဒါကြောင့်မို့လို့ တိုင်းဒေသကြီး၊ ပြည်နယ်၊ တောင်တန်းဒေသများပါမကျန် တစ်နိုင်ငံလုံးကို

လွှမ်းခြုံနိုင်တဲ့ NTSB အဖွဲ့ကို ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းထားရှိသင့်ပါကြောင်း ပြောကြားရင်း ဦးညွန့်တင်၏ တင်သွင်းသော အဆိုကို ထောက်ခံပါကြောင်း ပြောကြားရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၃၀။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည် ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၃၀။**

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပို့ဆောင်ရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဟံစိန်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်တင် ကတင်သွင်းထားတဲ့ နိုင်ငံတော်အစိုးရအနေ ဖြင့် ပို့ဆောင်ရေးဆိုင်ရာ ယာဉ်မတော်တဆထိခိုက်မှု တားဆီးကာကွယ်ရေးအတွက် အမျိုးသားအဆင့် ကော်မရှင်တစ်ရပ် (သို့မဟုတ်) ဘုတ်အဖွဲ့ National Transportion Safety Board ကဲ့သို့ အဖွဲ့ ဖွဲ့စည်း ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုနဲ့ ပတ်သက်ပြီးတော့ ပြန်လည်ဆွေး နွေးဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအတွင်းမှာ ယာဉ်မတော်တဆထိခိုက်မှု အန္တရာယ်ကြောင့် ပြည်သူတို့ရဲ့ အသက်နဲ့လူမှုစီးပွားဘဝ ဆုံးရှုံးမှုများ၊ ဒဏ်ရာရမှုများ၊ ယာဉ်ကြောင့် ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများနဲ့ ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းကျဆင်းလာစေ ရန်နဲ့ မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးစီမံချက် ၂၀၁၄-၂၀၂၀ ကို အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ကောင်စီ National Road Safety Concern (NRSC) ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးရဲ့ အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၁၄ ဖြင့် ၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် ဒုတိယသမ္မတ ဥက္ကဋ္ဌ အဖြစ်ပါဝင်တဲ့ အဖွဲ့ဝင် (၄၀)ဦးဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ ရဲ့ ပထမအကြိမ် ညှိနှိုင်း အစည်းအဝေးကို ၁၂.၅.၂၀၁၅ ရက်နေ့မှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့ပြီးတော့ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး စီမံချက်ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ၂၀၂၀ ခုနှစ်မှာ ယာဉ်မတော်တဆမှုကြောင့်သေဆုံးမှုကို (၅၀)ရာခိုင်နှုန်းလျော့ကျခြင်းနဲ့ Target ပြည့်မီရေးနဲ့ To Ward Zero Together ရည်မှန်းချက်ကို ဦးတည်ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချမှတ်ထားရှိပါတယ်။ဒီဆုံးဖြတ် ချက်နဲ့အညီ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီက စီမံချက်ပါလုပ်ငန်းများအတိုင်း အဓိကဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

အဆိုပါယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ(NRSC) စတင်မဖွဲ့စည်းမီ ၂၀၁၃ ခုနှစ် ဇူလိုင်လက ၂၀၁၄ ခုနှစ် ဇွန်လအထိ တစ်နှစ်တာကာလအတွင်းမှာ မော်တော်ယာဉ်မတော် တဆထိခိုက်မှု အမှုပေါင်း(၁၅၇၃၈)မှုဖြစ်ပွားခဲ့ပြီးတော့ ဒဏ်ရာရသူ(၂၅၇၇၆)ဦး၊ သေဆုံးသူ(၄၂၃၂)ဦး

ရှိခဲ့ပြီးတော့ ကျွန်တော်တို့ ဒီအဖွဲ့စတင်ဖွဲ့စည်းတဲ့ ၂၀၁၄ ခုနှစ် ဇူလိုင်လကနေ ၂၀၁၅ ခုနှစ် ဇွန်လကုန်အထိ တစ်နှစ်တာကာလအတွင်းမှာ အမှုပေါင်း(၁၄၁၉၅)မှုဖြစ်ပွားခဲ့ပြီးတော့ ဒဏ်ရာရသူ (၂၄၀၂၃)ဦး၊ သေဆုံးသူ(၃၈၇၃)ဦးရှိခဲ့ပါတယ်။ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအတွက်ကြောင့် တစ်နှစ်အတွင်းမှာ မှုခင်းဖြစ်ပွားမှု (၁၅၄၃)ဦး၊ ဒဏ်ရာရသူ(၁၇၅၃)ဦး၊သေဆုံးသူ(၃၅၉)ဦးလျော့နည်းကျဆင်းခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလ (၈)ရက်နေ့မှစပြီးတော့ ဖွဲ့စည်းပုံပြင်ဆင်တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။ ဖွဲ့စည်းပုံအသစ်အရ ယာဉ်ထိန်းတပ်ဖွဲ့မှူး(၁)ရုံး၊ယာဉ်ထိန်းရဲ အတတ်သင်ကျောင်း(၁)ကျောင်းနဲ့ အမှတ်(၁)ယာဉ်ထိန်းရဲတပ်အဖွဲ့ခွဲ နေပြည်တော်၊ အမှတ်(၂)ယာဉ်ထိန်း ရဲတပ်ဖွဲ့ခွဲရန်ကုန်၊ အမှတ်(၃)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ မန္တလေး၊ စုစုပေါင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(၃)ခု၊ ဒုတပ်ဖွဲ့ခွဲ(၁၅)ဖွဲ့၊ တပ်ဖွဲ့စု(၆၅)စုနဲ့ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှာ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးတာဝန်များကို ဆောင်ရွက်လျက်ရှိပါတယ်။

တိုင်းဒေသကြီးပြည်နယ်အသီးသီးမှာ ရှိတဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များဟာ ယာဉ်မတော်တဆမှုလျော့နည်းကျဆင်းစေရေးအတွက် ပညာပေးဟောပြောခြင်း၊ ယာဉ်မတော်တဆမှုများအား စုံစမ်းစစ်ဆေးခြင်း၊ စည်းကမ်းပျက်ယာဉ်များအား ပညာပေးဆောင်ရွက်ခြင်း၊ စစ်ဆေးအရေးယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေးအတွက် ပညာပေးဟောပြောမှုအနေနဲ့ ၂၀၁၃ ခုနှစ်မှာ(၃၂၅၈)ကြိမ်၊ လူဦးရေ (၅၃၁၁၁၀)ဦး၊ ၂၀၁၄ ခုနှစ်မှာ (၆၈၀၇)ကြိမ်၊ လူဦးရေ(၉၂၈၅၉)ဦး၊ ၂၀၁၅ ခုနှစ်မေလအထိ (၂၆၀၉)ကြိမ်၊ လူဦးရေ(၆၄၇၈၈)ဦးတို့ကို ဟောပြောနိုင်ခဲ့ပါတယ်။ ရန်ကုန်၊ မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်မှာ လမ်း၊ယာဉ်၊ရဲစခန်း(၁၆)ခုကို ဖွင့်လှစ်ထားရှိပြီးတော့ လုံခြုံရေးနဲ့ ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်လျက်ရှိပါတယ်။ အမြန်လမ်း မကြီးမှာ နေ့စဉ်ယာဉ်စီးရေ(၁၄၀၀၀)ခန့် ဖြတ်သန်းသွားလာလျက်ရှိပါတယ်။ အမြန်လမ်းရဲတပ်ဖွဲ့အနေ ဖြင့် မောင်းနှင်သွားလာနေတဲ့ယာဉ်များ ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ အရှိန်နှုန်းတိုင်းကိရိယာဖြင့် ထောက်ကြည့်စစ်ဆေး၍ သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်တဲ့ယာဉ်တွေကို အရေးယူခြင်း၊ ယာဉ်လိုင်စင်များ စစ်ဆေးခြင်း၊ ယာဉ်မောင်းများ အရက်သေစာသောက်စားထားမှုရှိ/မရှိကို Alcohol Tester ဖြင့် စစ်ဆေးခြင်း၊ ထိခိုက်ဒဏ်ရာရသူတွေကို အချိန်မီကုသရေး စီစဉ်ဆောင်ရွက်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား သတင်းစာ၊ဂျာနယ်၊ ရုပ်မြင်သံကြားတို့မှာ ပညာပေးခြင်းတို့ကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးနဲ့ သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနတို့က ဝန်ထမ်းများနဲ့ ပူးပေါင်း ဆောင်ရွက်လျက် ရှိပါတယ်။

အမြန်လမ်းယာဉ်ရဲစခန်း(၁၆)ခုက ရဲတပ်ဖွဲ့ဝင်များသည် အမြန်လမ်းဝဲယာပတ်ဝန်းကျင်ရှိ ကျေးရွာများ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောမှုများကို ပြုလုပ်ခဲ့ရာ ၂၀၁၂ ခုနှစ်မှာ ကျေးရွာ (၁၅၆)ရွာမှာ (၅၅)ကြိမ်၊ တက်ရောက်သူ(၁၃၇၅)ဦး၊ လက်ကမ်းစာစောင်(၁၅၀၀)၊ ၂၀၁၃ ခုနှစ်မှာ ကျေးရွာ(၁၅၆)ရွာမှာ (၁၄၄)ကြိမ်၊ တက်ရောက်သူ(၃၆၀၀)ဦး၊ လက်ကမ်းစာစောင်(၂၅၀၀)၊ ၂၀၁၄ ခုနှစ်မှာ ကျေးရွာ(၁၅၆)ရွာမှာ (၁၈၀)ကြိမ်၊ တက်ရောက်သူ(၄၅၀၀)ဦး၊ လက်ကမ်းစာစောင်

(၃၀၀၀)၊ ၂၀၁၅ ခုနှစ်၊ ဇွန်လ(၁၅)ရက် နေ့အထိ ကျေးရွာ(၁၅၆)ရွာမှာပဲ ကျွန်တော်တို့ (၈၀)ကြိမ်၊ တက်ရောက်သူ(၂၀၀၀)ဦး၊ လက်ကမ်းစာစောင်(၁၀၀၀)တို့ကိုလည်း အသီးသီး ဖြန့်ဝေပေးခဲ့ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ လမ်းများမှာ ယာဉ်အန္တရာယ်၊ လမ်း အန္တရာယ် ကင်းရှင်းစေရေးအတွက် အမြန်လမ်းမကြီးမှာ မိုင်နှုန်းသတ်မှတ်ချက် လမ်းအမှတ်အသားနဲ့ သတိပေးဆိုင်းဘုတ်များ တပ်ဆင်ခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်းနဲ့ အရေးယူဆောင်ရွက်ခြင်းတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထောင်စုလမ်းမကြီးနဲ့ အခြားလမ်းမကြီးများမှာ မြို့ရွာများ ဖြတ်သန်းသွားလာတဲ့နေရာ များနဲ့ အန္တရာယ်ရှိတဲ့လမ်းအကွေ့များတွင် မိုင်နှုန်းကန့်သတ်ချက် သတိပေးဆိုင်းဘုတ်များ တပ်ဆင် အသုံးပြုခဲ့ပါတယ်။ လမ်းအမှတ်အသားနဲ့ အခြားသတိပေး အသိပေးလမ်းညွှန်ဆိုင်းဘုတ်များ၊ ပညာပေး ဆိုင်းဘုတ်များ တပ်ဆင်အသုံးပြုရန်လည်း ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် ရထားလမ်းတစ်လျှောက်နဲ့ မီးရထားလမ်းဆုံများမှာ ရထားနဲ့ယာဉ်များ မတော်တဆထိခိုက်မှု မဖြစ်စေရေးနဲ့ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် Level crossing နေရာတွေမှာ နိုင်ငံတကာမှာ အသုံးပြုနေတဲ့ ခေတ်မီ Automatic Level Crossing Burrier ဂိတ်များတပ်ဆင်ခြင်း၊ ယာဉ်သွားလာ မှုများတဲ့ နေရာများ၌ Level crossing များမှာ under pass and over pass များပြုလုပ်စေခြင်းနဲ့ ရထားလမ်းပေါ်မှာ လုံခြုံစိတ်ချစေရေး စက်ခေါင်းမောင်းများ လိုက်နာရမယ့်ညွှန်ကြားချက်တွေကို ရထား နည်းဥပဒေတွင် ပြဋ္ဌာန်းထားပြီးနောက် မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိပါတယ်။

မြန်မာ့ရထားက မတော်တဆမှု ကာကွယ်ပပျောက်ရေးအဖွဲ့ဝင်များ ဖွဲ့စည်းပြီးတော့ တစ်နှစ် မှာ နှစ်ကြိမ်စစ်ဆေးခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ရထားလမ်းညွှန်နေရာများဖြစ်တဲ့ Level crossing များမှာ ဂိတ်စောင့်ဝန်ထမ်းများဖြည့်ဆည်းခြင်း၊ ခေတ်မီ Automatic Level Crossing Varrier ဂိတ်များ တိုးချဲ့တပ်ဆင်ခြင်းတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ပို့ဆောင်ရေး ဝန်ကြီးဌာနက လေကြောင်းနဲ့ရေကြောင်းသယ်ယူပို့ဆောင်ရေး ကဏ္ဍများကို တာဝန်ယူဆောင်ရွက်ရပါ တယ်။ လေကြောင်းနဲ့ပတ်သက်တဲ့ မတော်တဆထိခိုက်မှုတွေကို လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှလည်းကောင်း၊ ရေကြောင်းနဲ့ပတ်သက်တဲ့ မတော်တဆထိခိုက်မှုများကို ရေကြောင်းပို့ဆောင် ရေးညွှန်ကြားမှု ဦးစီးဌာနမှလည်းကောင်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်လျက်ရှိ ကြောင်းတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ရေကြောင်းဘက်ဆိုင်ရာ မတော်တဆထိခိုက်မှုနဲ့ ပတ်သက် ပြီးတော့ တားဆီးကာကွယ်နိုင်ရေးအတွက် မြန်မာ့ကမ်းရိုးတန်းနဲ့ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင် ရေးလုပ်ကိုင်မှုဥပဒေကို ကျွန်တော်တို့ ၅.၃.၂၀၁၅ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၀) ဖြင့် ပြဋ္ဌာန်းခဲ့ပြီးတော့ ဒီဥပဒေအရ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ မှန်တဲ့ ပြည်နယ်တိုင်းဒေသကြီး မြန်မာ့ကမ်းရိုးတန်းနဲ့ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ရဲ့ ကြီးကြပ်မှုအောက်မှာ ရေကြောင်းဘက်ဆိုင်ရာ မတော်တဆထိခိုက်မှုများ ကာကွယ် တားဆီးနိုင်ရေးအတွက် ရေယာဉ်စည်းကမ်းထိန်းအဖွဲ့များ ဖွဲ့စည်းပြီးတော့ မတော်တဆထိခိုက်မှုများ မဖြစ်ပွားစေရန်နဲ့ လျော့ပါးစေရန်အတွက် ဆောင်ရွက်လျက်ရှိပါတယ်။

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ရေကြောင်းဘက် ဆိုင်ရာ မတော်တဆထိခိုက်မှုများ ဖြစ်ပွားလာလို့ရှိရင် စုံစမ်းစစ်ဆေးခြင်းကို အောက်ပါအတိုင်း

ဆောင်ရွက်လျက်ရှိပါတယ်။ (၁) မတော်တဆထိခိုက်မှုများ ဖြစ်ပွားရတဲ့အကြောင်းရင်းအား ဖော်ထုတ်ခြင်း၊ (၂) တာဝန်ရှိသူများနဲ့ အဖွဲ့အစည်းများကို သက်ဆိုင်ရာရေကြောင်းဥပဒေများနဲ့အညီ အရေးယူဆောင်ရွက်ခြင်း၊ (၃) မတော်တဆထိခိုက်မှုများ ထပ်မံမဖြစ်ပွားစေရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ လေကြောင်းဆိုင်ရာ မတော်တဆထိခိုက်မှုများနဲ့ ပတ်သက်ပြီးတော့ မြန်မာနိုင်ငံမှာ မြို့ပြလေကြောင်းဆိုင်ရာ လေယာဥ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးရုံးအဖွဲ့ Myanmar Aircraft Accident Investigation bureau အား လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်နုတ်အင်အား ဒုတိယညွှန်ကြားရေးမှူးတစ်ဦး ဦးဆောင်ပြီးတော့ စုံစမ်းစစ်ဆေးမှုများ ပျံသန်းရေး အင်ဂျင်နီယာလေကြောင်းထိန်းတို့ နဲ့ ရုံးအဖွဲ့ကို ၂၀၁၀ ခုနှစ်၊ မေလကနေ စတင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါတယ်။ ဒီအဖွဲ့အနေနဲ့ မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းမှာ ဖြစ်ပွားခဲ့တဲ့ မြို့ပြလေကြောင်း ဆိုင်ရာ လေယာဥ်မတော်တဆထိခိုက်မှုများနဲ့ စိုးရိမ်ဖွယ်မတော်တဆမှုများ Accident and Serious Accident များအပေါ်မှာ မြန်မာ့လေယာဥ် အက်ဥပဒေ ၁၉၃၄၊ မြန်မာ့လေယာဥ်နည်းဥပဒေ ၁၉၃၇ နဲ့ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်ရဲ့ လမ်းညွှန်ချက် (Entrust ၁၃)တို့နဲ့ အညီ စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီးတော့ စစ်ဆေးတွေ့ရှိချက်များအရ ဖြစ်ပွားရတဲ့အဓိကအကြောင်းအရင်း၊ သွယ်ဝိုက်ဆက်စပ်အကြောင်းအရင်း၊ နောင်အလားတူ ထပ်မံမဖြစ်ပွားစေရန်ထောက်ခံ အကြံပြုချက်များကို လွတ်လပ်စွာသုံးသပ်ပြီးတော့ စုံစမ်းဖော်ထုတ်ဆောင် ရွက်ပါတယ်။

လေယာဥ်မတော်တဆထိခိုက်မှုကာကွယ်တားဆီးရေးအတွက် လေကြောင်းလိုင်းများ ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းထားပြီးတော့ ဒုတိယဝန်ကြီး ပို့ဆောင်ရေးဝန်ကြီးဌာနက ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရတဲ့ လေကြောင်းပို့ဆောင်ရေးကဏ္ဍနဲ့ ရေကြောင်းပို့ဆောင်ရေးကဏ္ဍများမှာ ယာဥ်မတော်တဆထိခိုက်မှုများနဲ့ ပတ်သက်ပြီးတော့ မြန်မာနိုင်ငံအနေနဲ့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ထားတဲ့ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်( IRO)၊ အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (IMO)တို့ရဲ့ လုပ်ထုံးလုပ်နည်းများနဲ့အညီ လိုက်နာဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမြို့ပြလေကြောင်းအဖွဲ့ချုပ်ရဲ့ လမ်းညွှန်ချက်အရ စုံစမ်းစစ်ဆေးရေးကိစ္စများတွင် လွတ်လပ်၍ထိရောက်စွာ ဆောင်ရွက်နိုင်ရန် မြန်မာ့လေယာဥ်မတော်တဆထိခိုက်မှု စုံစမ်းရေးအဖွဲ့ကို ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်မှာ သီးခြားအဖွဲ့အစည်းတစ်ရပ် Direct track အဖြစ်ဖွဲ့စည်းရန် စီစဥ်လျက်ရှိပါတယ်။ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း ခရီးများဖြင့် သွားလာတဲ့ယာဥ်များ မတော်တဆထိခိုက်မှု ဖြစ်စဥ်များလျှော့ချနိုင်ရေး၊ ဖြစ်စဥ်များကို ဥပဒေနဲ့အညီ စီစစ်အရေးယူနိုင်ရေး၊ မတော်တဆထိခိုက်မှုများ လျော့နည်းစေရန်အတွက် ပညာပေးဟောပြောခြင်း စတဲ့လုပ်ငန်းစဥ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများက တာဝန်ယူ ဆောင်ရွက်လျက် ရှိပါတယ်။ အမေရိကန်နိုင်ငံမှာဖွဲ့စည်းထားတဲ့ (NATIONAL TRANSPORATION SAFETY BOARD-NTSB) အဖွဲ့ကို ၁၉၆၇ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

လက်ရှိမှာအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းအဖြစ် ရပ်တည်ဆောင်ရွက်လျက် ရှိပြီးတော့ (NATIONAL TRANSPORATION SAFETY BOARD-NTSB)အဖွဲ့ရဲ့ အုပ်ချုပ်မှုကိစ္စ၊ ဘဏ္ဍာရေးကိစ္စ၊ ဥပဒေအကြံဉာဏ်များပေးရေးကိစ္စ၊ မတော်တဆဖြစ်စဥ်များအပေါ်စုံစမ်းစစ်ဆေးရေးကိစ္စ စတဲ့ လုပ်ငန်းတွေ အတွက် ရုံးအဖွဲ့များဖွဲ့စည်းပြီးတော့ သမ္မတက ခန့်အပ်ပြီးလွှတ်တော်က အတည်ပြုတဲ့ ဘုတ်အဖွဲ့ဝင်

(၅)ဦးက ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ၊ နည်းပညာများ၊ အထောက်အကူပြု ပစ္စည်းကိရိယာများ၊ ဘဏ္ဍာရေး အသုံးစရိတ်များ စသည်တို့ကို အဖွဲ့အနေဖြင့် ကိုယ်တိုင်သီးခြား ရပ်တည်ဆောင်ရွက်နေတဲ့အဖွဲ့ ဖြစ်ပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံများမှာ (NATIONAL TRANSPORATION SAFETY BOARD-NTSB)အဖွဲ့ ဖွဲ့စည်းဆောင်ရွက်မှုဟာ ယာဉ်မတော်တဆထိခိုက်မှုဖြစ်စဉ်များ လျော့နည်းရေးအတွက် များစွာအထောက်အကူပြုသော်လည်း မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေနဲ့ ၎င်းအဖွဲ့အစည်းမျိုး ဖွဲ့စည်းရာမှာ နည်းပညာ၊ ကျွမ်းကျင်ပညာရှင်၊ ဥပဒေလုပ်ထုံးလုပ်နည်း၊ ငွေကြေးသုံးစွဲနိုင်မှု စသည့်အုပ်ချုပ်မှုကိစ္စများအတွက် အဆင်သင့်မဖြစ်သေးပါသဖြင့် ဒီကိစ္စများအတွက် အချိန်အတိုင်းအတာ တစ်ခုအထိ စောင့်ဆိုင်းရန် လိုအပ်မည်ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ယာဉ်မတော်တဆထိခိုက်မှုဖြစ်စဉ်များနဲ့ ပတ်သက်၍ ကုန်းလမ်းခရီးပို့ဆောင်ရေးအတွက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီကို ဒုတိယသမ္မတဦးဆောင်၍လည်းကောင်း၊ ရေလမ်းခရီးပို့ဆောင်ရေးအတွက် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဗဟိုကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်၍လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့များကို လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးမှဦးဆောင်၍လည်းကောင်း၊ လေကြောင်းလိုင်းများကြီးကြပ်ရေး အဖွဲ့ကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကဦးဆောင်၍လည်းကောင်း၊ ကျွန်တော်တို့ဒီမြို့ပြ လေကြောင်းဆိုင်ရာလေယာဉ်မတော်တဆထိခိုက်မှု စစ်ဆေးရေးရုံးအဖွဲ့ Myanmar Air Cross Accident Investigation Bureau ကလည်းကောင်း သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ယူပြီးတော့ ပူးပေါင်းဆောင်ရွက်လျက်ရှိ ကြောင်း တင်ပြအပ်ပါတယ်။

သို့ပါ၍ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်တင် ရဲ့ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ပို့ဆောင်ရေးဆိုင်ရာ ယာဉ်မတော်တဆထိခိုက်မှုတားဆီးကာကွယ်ရေးအတွက် အမျိုးသားအဆင့်ကော်မရှင်တစ်ရပ် (သို့မဟုတ်) ဘုတ်အဖွဲ့ NTSB ကဲ့သို့အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုမှာ များစွာကောင်းမွန်သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် ကော်မရှင်တစ်ရပ် (သို့မဟုတ်) ဘုတ်အဖွဲ့ဖွဲ့စည်းရန် အချိန်အတိုင်းအတာ တစ်ခုအထိ စောင့်ဆိုင်းရန်လိုအပ်ပြီးတော့ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းခရီးများအတွက် မတော်တဆထိခိုက်မှုများကို နိုင်ငံတော်အဆင့်နှင့် ပြည်ထောင်စုဝန်ကြီးဌာန အဆင့်ဆင့်များက စနစ်တကျကြပ်မတ်ဆောင်ရွက်နေပါသဖြင့် ဒီအဆိုကို အမျိုးသားလွှတ်တော်မှာ မှတ်တမ်း အဖြစ် ထားသင့်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၄၄။**

**ဥက္ကဋ္ဌ**။ ။ အဆိုရှင် ဦးညွန့်တင် က သဘောထားတင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၄၄။**

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဒုတိယဝန်ကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ အဆိုရှင် ရန်ကုန်တိုင်း

ဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်တင် ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော့်အနေနဲ့ကတော့ ဒီအဆိုကိုတင်တာက ကျွန်တော် ခုနက ပြောသလိုပဲ ဒုတိယဝန်ကြီးရှင်းပြတော့ ကျွန်တော်တို့ ပိုပြီးတော့လည်းပီပြင်ပါတယ်။ ကျွန်တော်လည်း နဂိုကလေ့လာထား တာလေးတွေရှိပါတယ်။ အဲဒီတော့ ဒုသမ္မတကြီးကိုယ်တိုင်ဦးစီးပြီးတော့ ကုန်းလမ်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့အဖွဲ့ဖွဲ့ပြီးတော့ စနစ်တကျဆောင်ရွက်လျက်ရှိတာကြောင့် ကုန်းလမ်းမှာဖြစ်တဲ့ Accident တွေက ကျဆင်းသွားတယ် ဆိုတာ အင်မတန်ဝမ်းသာဖို့ ကောင်းပါတယ်။ အလားတူပဲ ကျွန်တော်ဆိုလိုတဲ့ အဓိပ္ပာယ်ကတော့ ဒီ ရေနဲ့ လေကိုလည်း အလားတူမျိုး ဟုတ်လား။ ဆောင်ရွက်ပေးလို့ရမလား။ သို့မဟုတ်ရင်လည်း သုံးခု တစ်ခုစီ လုပ်နေရတော့ ကျွန်တော်တို့ အလုပ်ကလည်း ပိုများပါတယ်ခင်ဗျ။

အဲဒါကြောင့်မို့လို့ သုံးခုစလုံးကိုပေါင်းပြီးတော့များ ဟုတ်လား။ ဒီ ဒုသမ္မတကြီးပဲ ဦးစီးစီး။ သို့မဟုတ်လည်း ဘုတ်အဖွဲ့တစ်ခုပဲ ဖွဲ့ပြီးတော့ဖြစ်ဖြစ် Report to ဒုတိယသမ္မတပေါ့နော်။ ကျွန်တော် ဆိုလိုတာက ဟုတ်လား။ အဲဒါမျိုးကို ကုန်ကျစရိတ်လည်း သိပ်မများဘဲနဲ့ အငြိမ်းစား ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာနက ကျွမ်းကျင်ပညာရှင်တွေ၊ နောက်တစ်ခါ ဒုသမ္မတကြီး။ ကျန်တဲ့ ဂုဏ်သရေရှိ၊ သိက္ခာရှိနိုင်ငံတော်ချစ်တဲ့ ကျွန်တော်တို့ ပြည်သူတွေရဲ့ ဟုတ်လား အသက် အိုးအိမ် စည်းစိမ်ကို ကယ်တင် ချင်တဲ့ ပုဂ္ဂိုလ်ကြီးတွေနဲ့ပေါင်းပြီးတော့ ဖွဲ့လို့ရှိရင် ကျွန်တော်တို့ အဲဒီအဖွဲ့ကတော့ တောက်လျှောက် ကျွန်တော်တို့ကြည့်လို့ ဟို ထိုင်ကြည့်မှာပေါ့။ ကျွန်တော်တို့ ဟိုဟာလို့ ခေါ်နိုင်ပါတယ်။ အင်္ဂလိပ်လို အနည်းငယ်ပါတယ်။ ခွင့်လွှတ်ပေးပါ။ ဟို Late cumbers avoidance ပေါ့။ ကျွန်တော်တို့က နောက် ကျတယ်။ သူများထက် နောက်ကျတယ်။ နောက်ကျတော့ သူများတွေရဲ့ဆောင်ရွက်တာကို ကြည့်ပြီးတော့ ဟုတ်လား။ ကျွန်တော်တို့က အဲဒီရဲ့အခွင့်အရေးကိုယူပြီးတော့ ကျွန်တော်တို့ဆီမှာ Accident မဖြစ် အောင် ဟုတ်လား။ သို့မဟုတ် Accident လျော့နည်းအောင်လုပ်နိုင်ရင် အင်မတန်မှ ကျွန်တော်တို့ တိုင်းပြည်အတွက် အကျိုးရှိပါမယ်။ အခုဆိုရင် ကျွန်တော်တို့ ဟုတ်လား၊ ခရီးသွားလုပ်ငန်းတွေက ဖွံ့ဖြိုး နေတယ်။ ဟုတ်လား။ ၂၀၁၂ မှာ တစ်မီလီယံ၊ ၂၀၁၃ မှာ နှစ်မီလီယံကျော်၊ ခု ၂၀၁၄ မှာ ကျွန်တော်တို့ သုံးမီလီယံ ဟုတ်လား။ ၂၀၁၅ မှာ(၅)မီလီယံ၊ ဟုတ်လား။ ၂၀၂၀ မှာ (၇.၇)မီလီယံ အထိ ကျွန်တော်တို့ မှန်းနေတယ်။

အဲ Investment တွေကလည်း တဖြည်းဖြည်းတက်နေတယ်။ အဲဒီလိုတက်နေတဲ့အရှိန်အဟုန် ကို ကျွန်တော့်အနေနဲ့ တန့်သွားမှာစိုးပါတယ်။ ဥပမာအားဖြင့် ဟုတ်လား မလေးရှား Air Line လိုဖြစ်သွား တယ်။ ဟိုတစ်လောကပဲ ကျွန်တော် အင်ဒိုနီးရှားမှာ C-130 တပ်က ကျွန်တော်တို့ လူနေအိမ်တွေပေါ် ပျက်ကျသွားတယ်။ ဒါ Accident ပဲ။ ပျက်ကျသွားတဲ့အတွက်ကြောင့် တစ်ခါတည်း ဟို ကျွန်တော်တို့ တိုင်းသူပြည်သားတွေရဲ့ အသက်အန္တရာယ်တွေနံပါတ်တစ် ဆုံးရှုံးပါတယ်။ နံပါတ်နှစ်ကတော့။ တိုင်းပြည်ရဲ့ ဂုဏ်သတင်းကျဆင်းတယ်။ Image ပေါ့လေ။ ကျဆင်းသွားတယ်။ အဲလိုပဲ မလေးရှားမှာ ဖြစ်တဲ့ ဟုတ်လား မလေးရှား Air Line ရဲ့ ဖြစ်ပျက်မှု နှစ်ခုကြောင့် ကျွန်တော်တို့ မလေးရှား Air Line ဟာဆိုရင် နှစ်ပေါင်း(၂၀)လောက်သူတို့ validate လုပ်ထားတာ။ ရက်ပိုင်း၊ လပိုင်းနဲ့ အခုဆိုရင် ဥက္ကဋ္ဌကြီးခင်ဗျ။ Air Bus A-380 တောင် ပြန်ရောင်းရမယ့်အဖြစ်မျိုး သူတို့ရောက်နေတယ်။ အဲဒီ တော့ အဲဒီလို အရှိန်အဟုန်နဲ့ တက်နေတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ အရှိန်အဟုန်ကို ကျွန်တော်တို့ မထိခိုက်စေ ချင်ဘူး။ ကျွန်တော့်အနေနဲ့ကတော့ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ ဒီ ဒုတိယဝန်ကြီး ရှင်းပြတာလည်း ကျွန်တော် သဘောပေါက်ပါတယ်ခင်ဗျာ။ သို့သော်လည်း တစ်နည်းနည်းနဲ့ ကျွန်တော်တို့

NTSB ကဲ့သို့ ကျွန်တော်ပြောတာ ဟုတ်လား။ အကုန်အကျ ဒီလောက်မများဘဲနဲ့ ဘုတ်အဖွဲ့ သို့မဟုတ် ကော်မရှင်လို ဟာမျိုးဖွဲ့ပြီးတော့ အဲဒီအဖွဲ့က စောင့်ကြည့်မယ်ဆိုလို့ရှိရင် ဝန်ကြီး၊ ဒုတိယဝန်ကြီး တွေက အင်မတန်အလုပ် များပါတယ်ခင်ဗျာ။ Day to Day နဲ့ သူတို့ Accident ဖြစ်တဲ့အခါတော့ သူတို့က ချက်ချင်း Reaction ယူပါတယ်။ ဥပမာအားဖြင့် လေယာဉ်ပျံ Accident ဖြစ်ရင် ချက်ချင်း Reaction ယူတယ်။ DCAက ဟုတ်လား။ ညွှန်မှူးတစ်ယောက်လောက်ကို ဦးဆောင်ပြီးတော့ လုပ်ခိုင်းတယ်။ လုပ်ခိုင်းပြီးတော့ ကျွန်တော်တို့ စုံစမ်းစစ်ဆေးရေးလုပ်တယ်။

ဒါ Accident ဖြစ်သွားပြီ။ မဖြစ်ခင်ကနေအဲဒီ ကျွန်တော်တို့ အဖွဲ့တစ်ဖွဲ့ကနေပြီးတော့ စောင့်ကြည့်ပြီးတော့ Accident မဖြစ်အောင် ဟုတ်လား။ ကာကွယ်တဲ့အနေနဲ့ ကျွန်တော်ကလုပ်ချင်တာ၊ နိုင်ငံအတွက်ဆောင်ရွက်ချင်တာ ဟိုဥစ္စာအကြံပြုတာ ဖြစ်ပါတယ်ခင်ဗျ။ ဒါကြောင့်မို့လို့ကျွန်တော့် အနေနဲ့ကတော့ ဒီ သီးခြားလွတ်လပ်တဲ့ အဖွဲ့ ဘုတ်အဖွဲ့တစ်ဖွဲ့ကို အကုန်အကျမများဘဲနဲ့ ဖွဲ့ပေးပြီးတော့ ကျွန်တော်တို့ မတော်တဆထိခိုက်မှု။ အထူးသဖြင့် ကုန်းကြောင်းထက် လေကြောင်း၊ ဘာကြောင့် ဆိုလို့ရှိရင် လေကြောင်းဟာ ခု ဥက္ကဋ္ဌကြီးခင်ဗျား။ အရင်တုန်းက Air Line ဟာ နှစ်ခု၊ သုံးခုရှိရာက ခု Air Line (၁၁)ခုလောက်ဖြစ်လာပြီးတော့ ဟုတ်လား။ လေယာဉ်ပျံတွေကလည်း အစီးရေ တွေကများလာတယ်။ ဘာကြောင့်လဲဆိုရင် နောက်တစ်ခါ မင်္ဂလာဒုံလေယာဉ်ကွင်းကလည်း ကြပ်လာတယ်။ ဒါကြောင့် ကျွန်တော် သတိပေးတဲ့ကြားကပဲ ဟိုတစ်လောက ကျွန်တော်မေးခွန်းမေးပါတယ်။ မေးတော့ သူတို့ ဆောင်ရွက်နေတယ် ပြောတယ်။ ဒါပေမဲ့ ဟိုတစ်လောက Korea Airline နဲ့ ကျွန်တော်တို့ Bangkok Airway ညာဘက်မှာ Taxi လုပ်ရင်းနဲ့ အတောင်ချင်းချိတ်သွားတယ်။ ချိတ်သွားပြီးတော့ လေထဲတက်သွားတယ်။ Pilot က မသိလိုက်ဘူး။ ဒါပေမဲ့ တကယ်လို့သာ Controller က မသိဘဲနဲ့ လွှတ်လိုက်ရင် ဒီလေယာဉ်ပျံက လမ်းမှာ ပျက်ကျမယ်။ အဲဒါ သိလိုက်တော့ Controller က ပြန်ခေါ်တော့ သူက ပြန်ဆင်းလာတယ်။ အဲဒီမှာ Taxi လိုင်းတွေကို သေချာဆွဲဖို့ လိုတယ် စသည်ဖြင့်ပေါ့ အဲဒါမျိုးတွေကို ကျွန်တော်တို့ အဖွဲ့တစ်ဖွဲ့ကနေပြီးတော့ စောင့်ကြည့်ပြီးတော့ ကျွန်တော့်အနေနဲ့ကတော့ ဆောင်ရွက်စေလိုတဲ့ စေတနာ ဖြစ်ပါတယ်။ နောက် ကျွန်တော့် ထောက်ခံဆွေးနွေးတဲ့ ကိုယ်စားလှယ်ကြီးများလည်း ရှိတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ကတော့ ဒီအဆိုကို လွှတ်တော်ရဲ့ အဆုံးအဖြတ် ခံယူချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၅၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင် တင်သွင်းတဲ့ နိုင်ငံတော်အစိုးရအနေဖြင့် ပို့ဆောင်ရေးဆိုင်ရာ ယာဉ် မတော်တဆ ထိခိုက်မှု တားဆီးကာကွယ်ရေးအတွက် အမျိုးသားအဆင့် ကော်မရှင်တစ်ရပ် သို့မဟုတ် ဘုတ်အဖွဲ့ NTSB (NATIONAL TRANSPORTATION SAFETY BOARD) ကဲ့သို့ အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာဆန္ဒပြုသည့် နည်းလမ်း ဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုကို ထောက်ခံ(၆၉)၊ ကန့်ကွက်(၇၈)၊ ကြားနေ(၆) မဲ ဖြစ်ပါတယ်။

ကန့်ကွက်မဲများတဲ့အတွက် ဦးညွန့်တင် ရဲ့ အဆိုကို အတည်မပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၆၉) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၇၀) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၄း၅၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၀)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့ နံနက် (၁၀)နာရီအချိန် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (၁၇) ရက်နေ့ ကနေ (၂၀) ရက်အတွင်း နားပါမယ်။ ထည့်မပြောတဲ့အတွက် ခွင့်လွှတ်ပါ။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၉)ရက်မြောက်နေ့ကို ၁၄း၅၃ နာရီအချိန်တွင် ရပ်နားပါသည်။]